www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ကျွန်တော်နှင့် ထောင်နီးနားချင်းများ

ပထမအကြိမ်- ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံး
မောင်နီး
အတွင်းစာမျက်နှာဖွဲ့စည်းမှု
စိုးမင်းအောင်
ကွန်ပျူတာ စာစီ
ဆုးခက်မင်း
CTP
Eagle Color Separation
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
မာကျူရီပုံနှိပ်တိုက်
အမှတ် ၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်။
ထုတ်ဝေသူ
ကိုသူရ (ဇာဂနာ)
ဖြန့်ချိရေး
HOME
အမှတ် ၅၈/၆၀၊ ဗိုလ်အောင်ကျော်လမ်း၊
ဗိုလ်တထောင်မြို့နယ်။ ဖုန်း- ၀၁- ၃၈၀၂၇၂
အုပ်ရေ
၁၀၀၀
တန်ဖိုး
၂၀၀၀

ဇာဂနာ ၉၂၀
ကျွန်တော်နှင့် ထောင်နီးနားချင်းများ၊ ရန်ကုန်၊
HOME စာပေ၊ ၂၀၁၄။
၁၂၆ စာ၊ အလျား ၁၃·၇၁၆ x အနံ ၂၀·၉၅၅ စင်တီ
(၁) ကျွန်တော်နှင့် ထောင်နီးနားချင်းများ

HOME

# ကျွန်တော်နှင့် ထောင်နီးနားချင်းများ

ဇာဂနာ

www.burmeseclassic.com

www.burmeseclassic.com





# မာတိကာ

ကျွန်တော်နှင့်ထောင်နီးနားချင်းများ

ဇာဝနာ


၁၁ ဂျင်ပိုင်းမထိုင်တဲ့ ဖင်ပိုင်း

၁၉ တောသားကြီး အရိုင်း

၂၇ လေဘာမြင့်စိုး (ခေါ်) တစ်ကိုယ်တော်

၃၃ သန်းထိုက်အောင် (ခေါ်) ကြက်ဖကြီး

၄၃ ကဆ (သို့မဟုတ်) ကျော်ဆန်း
(သို့မဟုတ်) စားဖိုမှူးကြီး

၅၁ အဘကျန် (ခေါ်) ကိုစိန်လှိုင်
(ခေါ်) အဟမ်း

၆၃ ကိုအောင်ထွန်း (ဒါမှမဟုတ်)
အပွားလေး (ခေါ်) ကိုချိတ်ကြီး

၇၅ အပြုံးမပျက်တဲ့ မုန်းခက်

၈၅ အန်ကယ်လပ်ကီး

၉၁ မန်းချောင်းလရောင် ပက်ဖျန်းခဲ့တဲ့
မြလမ်းချစ်သူ ကဗျာဆရာ
နိုင်ငံရေးသမား

အလွှမ်းတစ်ဝက်နဲ့ လမ်းခုလတ်က ဆရာမောင်ဝံသ ၉၇

သုံးရောင်ခြယ် မြတ်စံ ၁၀၁

ERO (သို့မဟုတ်) အဖြေတွေ့သွားသော ကျောင်းဆရာ ၁၀၇

လေးလုံးစပ်နိုင်ငံရေး၊ သံမဏိအပြေးသမား၊ ပတ္တမြားနှင်း

ကင်းဗတ်ပြားမှာ မွေ့ရော်သူ ၁၁၅


BURMESE CLASSIC





www.burmeseclassic.com

www.burmeseclassic.com



# စကားလက်မှန်

'ကျွန်တော်နှင့် ထောင်နီးနားချင်းများ' ဆိုသည့် စာစုကို မူလက သမဂ္ဂဂျာနယ်မှာ စရေးခဲ့ခြင်း ဖြစ်သည်။ နောက်တော့ မအားမလပ်ဖြစ်ကာ ဆက်မရေးနိုင်ခဲ့။ အမှန်ကတော့ ကျွန်တော်ထောင်ထဲမှာ လူများများသိပ် မတွေ့ရခဲ့။ နေခဲ့ရသည့် ၁၁ နှစ်တာကာလအတွင်း တွေ့ခဲ့ရသည့် လူအရေ အတွက်ကား ၂၀ မပြည့်။ ထို့ကြောင့် ထိုသူတို့၏ အကြောင်းကို မှတ်တမ်း တင်လိုသည်။ စုံလင်ချင်မှ စုံပါ့မည်။ သို့သော် ကိုယ်မြင်သမျှ တင်ပြခြင်း သာ။

'ကျွန်တော်နှင့် ထောင်နီးနားချင်းများ' ကို ဖော်ပြပေးခဲ့ကြသော သမဂ္ဂဂျာနယ်၊ တူမောရိုးဂျာနယ်တို့ကိုလည်း ကျေးဇူးတင်ပါသည်။ အထူး သဖြင့် ကျွန်တော့်ကို ထောင်ထဲ ပို့ပေးခဲ့သော န-၀-တ နှင့် န-အ-ဖ စစ်အစိုးရတို့ကို အထူးကျေးဇူးတင်ပါသည်။

ဇာဂနာ
၁၄၊ စက်တင်ဘာ၊ ၂၀၁၄။

www.burmeseclassic.com

www.burmeseclassic.com





# ဂျင်ဝိုင်းမထိုင်တဲ့ ဇင်ဝိုင်း

နာမည်ရင်းက ဌေးလွင်။ ချစ်ခင်သူတွေက မင်းသားလေးလို့ ခေါ်တဲ့ သကြန်မိုးထဲက သက်ထွေး။ မင်းသားလုပ်ချင်လို့ အလုပ်က ထွက်၊ အာလူးကြော်ရောင်းပြီး ဘဝကို ထိန်းကျောင်းရတဲ့၊ အနုပညာက လွဲလို့ ဘာကိုမှ စိတ်မဝင်စားတဲ့ ဇင်ဝိုင်း။ ရှားရှားပါးပါး စာဖတ်တဲ့ မင်းသား။ ကျွန်တော်နဲ့ သူနဲ့ ဆုံကြတော့ သူက သကြန်မိုးဇာတ်ကားအတွက် ရွေးချယ်ခံထားရသူ။ ကျွန်တော်က 'မင်းသားတော့ မင်းသား' ဇာတ်ကားအတွက် ရွေးချယ်ခံထားရသူ။ မော်ဘီက ပါပါကြီး (ဒါရိုက်တာမောင်တင်ဦး) ခြံထဲမှာ စခန်းသွင်းခံခဲ့ရတော့ ညီအစ်ကိုလို ချစ်ခဲ့ကြသလို ရဲဘော်ရဲဘက်လိုလည်း တွယ်တာခဲ့ကြပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံကြီးမှာ သူနဲ့ ကျွန်တော် ပိုပြီး တွဲဖြစ်ပါတယ်။ သူနေတဲ့ အိမ်က လမ်း ၂၀၊ ကျွန်တော်တို့ စတည်းချတာက ၂၁ လမ်းဆိုတော့ ကပ်နေတာပေါ့။ စာပေအနုပညာသမားတွေရဲ့ စင်မြင့်က ဆေးရုံကြီးအဆောင် ၁၉/၂၀ ရှေ့. . .။ ဒီစင်မြင့်မှာ ဟောကြပြောကြ၊ ပြီးရင်တော့ မြို့ပတ်ပြီး ဆန္ဒပြကြ။ ညောင်းတော့မှ တစ်မြို့နယ်ပြီး တစ်မြို့နယ် ဟောပြောပွဲ လိုက်ဟောကြနဲ့ သံသရာလည်နေချိန်။ အရေးတော်ပုံကာလတ ထုတ်ဝေခဲ့သော သတင်းစာဂျာနယ်များမှာ 'အဆဲကြမ်းတဲ့ ဇင်ဝိုင်း' လည်း နာမည်ကျော်နေခဲ့ပါတယ်။ ကိုဌေးက စိတ်ခံစားမှုပြင်းထန်ပြီး ဒေါ သွယ်တတ်ပါတယ်။ စနေသားပီပီ စိတ်ဆတ်တယ်၊ ဒေါသထွက်တယ်



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပြင်းတယ်။ ဒီတော့ တစ်ခါတလေ ဘရိတ်အုပ်မရတာတဲ့။ ပြောမိပြီဆိုတာနဲ့ ဖွတ်တင်တတ်တာ သူ့သဘာဝ…။

၁၉၈၈ ခု ဩဂုတ်လ ၂၂ ရက်နေ့နောက်ပိုင်းက စလို့ ရန်ကုန်မြို့အနှံ့ ဟောပြောပွဲတွေက မှိုလို ပေါက်။ ကျွန်တော်၊ မိုးဝင်းနှင့် ကိုဒွေးက ပွဲတိုင်းကျော်။ နေရာတိုင်း မရောက်မရှိ။ ရန်ကုန်တစ်ဝိုက်၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ပဲခူး၊ သနပ်ပင် ကုန်စင်ရော…။ ပြောစရာ စကားတွေက ရှားလာတော့ ကျွန်တော်တို့ ခေါင်းချင်းဆိုင်ကြ၊ တိုင်ပင်ကြ။ ကိုဒွေးက စာဖတ်အားကောင်းသူဆိုတော့ ဒီမိုကရေစီကို ဖောင်းပေးပြောချင်သလို ကျွန်တော်က လွတ်လပ်စွာ ပြောဆိုခွင့်ကို ဦးတည်ချင်။ မိုးဝင်းကတော့ စိတ်ထဲရှိတာပြော။ အဲဒီလို ခွဲတမ်းချပြီး နေရာစုံလိုက်ဟောကြတာ ပျော်စရာကောင်းသေးတော့…။

ကိုဒွေးက စိတ်တို စိတ်ဆတ်ပေမယ့် လူကြီးဆန်စရာ ရှိတော့လည်း ပေါ်တာနယ်။ ဆေးရုံကြီး ရေခဲတိုက်နောက်က ရေကန်ထဲကို အဆိပ်လာခတ်တယ်ဆိုပြီး ဖမ်းခေါ်လာတဲ့ နန်းရွှေရည်ကို ရွှေချီးဖြူလူငယ်တွေက ဆေးရုံကြီးအောက်ထပ်မှာ ချုပ်ထားကြောင်း ရွှေရောင်ဆိုတဲ့ လူငယ်လေးက သတင်းလာပို့ပါတယ်။ ကိုဒွေးက ချက်ချင်းလိုက်သွားပြီး လူငယ်တွေကို တရားဟော။ ဖျောင်းဖျ။ ပိဋက မေ့ကာထိကအလား။ လူငယ်တွေက ခေါင်းတလေးတွေ ငုံ့လို့ နားထောင်နေပုံ ကျွန်တော့်မျက်စိထဲက မထွက်။ ဒါပေမဲ့ နောက်တစ်နေ့နေ့ လယ်မတော်နဲ့ ဗိုလ်ချုပ်လမ်းထောင့် မီးပွိုင့်မှာ နန်းရွှေရည်ရဲ့ခေါင်းပြတ်ကြီး ချိတ်ထားတာမြင်တော့ ကိုဒွေး ချုံးပွဲချငိုပါလေရော။ ငါအတန်တန်ပြောရက်နဲ့ လုပ်သေခြင်းဆိုသလို မချိတင်ကဲ။ ကျွန်တော်တို့ကရှေ့ရှေ့ရှုံ့မှတစ်ခါ ဘာမှမတတ်နိုင်။

ဒီလိုနဲ့ ဆေးရုံကြီးရှေ့ အစာငတ်ခံ ဆန္ဒပြနေရာကို ဗိုလ်မှူးချုပ်(ဟောင်း) အောင်ကြီးရဲ့ မိုးသီးဖွန်တို့ မိန့်ခွန်းလာပေးတုန်း ပြဿနာတစ်ခုဆောင့်တက်လာခဲ့ပါတယ်။ ရန်ကုန်ကျောင်းသားသမဂ္ဂက လူငယ်တွေက အဲဒီလူကြီးနှစ်ယောက်ရဲ့ စကားတွေကို မကျေနပ်။ ဆရာလုပ်လွန်း ပဏာယူလွန်းတယ်လို့ ထင်ကြတယ်။ ဒါနဲ့ သူတို့ကို ထိုင်သပိတ်မှောက်ကြပြန်ရော။ တစ်ခါ… လုံခြုံရေးတာဝန်ယူထားတဲ့ ကင်းစောင့်လူငယ်တွေနဲ့ မိုးသီးဖွန်တို့အဖွဲ့နဲ့ ငြိပြန်ပါတယ်။



လူငယ်တွေက ရိုက်ဖို့နှက်ဖို့အထိ ပြင်ဆင်လာကြတော့ ကိုဒွေးက ကြားဝင်စေ့စပ်ပေးခဲ့ပြန်ပါတယ်။ သူဟာ ရွှေပြည်အေးသမား မဟုတ်ပေမဲ့ နှစ်ဖြေရေးသမားကောင်းပါ။ ဒါပေမဲ့ သူက စိတ်ထိခိုက်လွယ်ပြန်ပါတယ်။ အကြွန်မိုးကြိုး၊ အောင်မြင်ပြီး ဖင်ပိုင်းနာမည်ထွက်မလာတော့ သူကြေကွဲရှာတယ်။ တစ်ဖက်မှာကျတော့ သူက အမှုအရာကို ကောင်းကောင်းနားလည်သူ။ သူလောက် တခြားသူတွေ မတတ်ဘူးလို့ ယုံနေပြန်တယ်။ ဒီတော့ သူကိုကြားနေသမားလို့ နာမည်တပ်လို့ မရပြန်ဘူး။ သူ့စိတ်ဟာ နှစ်ဖက်စွန်းချွန်နေတယ်။ တက်လွယ် ကျလွယ်…။

၁၉၈၉ အောက်တိုဘာ ၂ ရက်နေ့မှာ ကျွန်တော်တို့အတူတူအဖမ်းခံရတော့ သူဟာ တစ်ကိုယ်လုံး အေးစက်လို့…။ သူ့ကို ဝိုင်းထိုးကြကန်ကြချိန်မှာ သူဟာ အကြီးအကျယ်တုန်လှုပ်နေရှာတယ်။ တစ်ခါ…သူ့ကိုစစ်ကြောရေးလုပ်နေတုန်း အရာရှိတစ်ယောက်က အရက်မူးပြီး ထိုးကြိတ်ကန်ကျောက်တဲ့အခါကျတော့ သူ့ဒေါသဟာ ငယ်ထိပ်ရောက်ပြန်ရော။ မျက်နှာကို ခေါင်းစွပ်စွပ်ထားလျက်နဲ့၊ လက်ကို နောက်ပြန်လက်ထိတ်ခတ်ထားလျက်နဲ့ အဲဒီအရာရှိကို ပြန်တိုက်ခိုက်ဖို့ သူကြိုးစားခဲ့တယ်။ ဒီအတွက် သူ့ဘတ်မောင်းမှာ သေရာပါအမာရွတ်တစ်ခု ကျန်ခဲ့သလို ခါးနာရောဂါလည်းရစ်ခဲ့လေတယ်။

ထောက်လှမ်းရေး(၆)တပ်ထဲမှာ ကျွန်တော်တို့ကို ဖမ်းထားတုန်းက ဘားလမ်း သစ်မွှေးရှမ်းခေါက်ဆွဲဆိုင်က ကိုအမိန်ပါ ပါတယ်။ ကိုအမိန်က အရှုတ်။ စကားလည်း မပီဘူး။ ဈေးရောင်းတာက လွဲလို့ ဘာမှ မသိတဲ့ လူလည်း ဘုမသိဘမသိ ဘာမဆိုင်ညာမဆိုင် ကန့်လန့်ကန့်လန့် ပါလာသူ။ သူ့ကို စစ်ကြောနေတာလည်း နားထောင်ကြည့်ပါဦး။

စစ်မေးသူ – မင်းနာမည်
အမိန် – အမိန်
စစ်မေးသူ – ဗမာနာမည်ရှိလား
အမိန် – အမိန်
စစ်မေးသူ – မင်း ဖင်ဝိုင်းသိလား
အမိန် – ဆရာကြီးရယ် ကျွန်တော် ဂျင်ဝိုင်း ဆယ်ခါမှ မသွားဖူးပါဘူး။ ဆရာကြီးတို့ လူမှားဖမ်းလာပြီ

www.burmeseclassic.com



ထင်ပါတယ်။

စစ်မေးသူ- ဟော့ကောင် ဖင်ပိုင်း၊ မင်းသားဖင်ပိုင်း ပြောတာ...

အမိန့်- မင်းသားဆို ဝင်ဦးပဲ သိပါတယ်။ ဂျင်ပိုင်း တစ်ခါမှ မကြားဖူးဘူး။

ဒီအသံတွေကြားတော့ နာကျင်မှုတွေတောင် ပျောက်ရော။ ဝေဒနာ ကြားက ပြုံးရယ်မိပါတယ်။ ကိုဌေးကိုလည်း ကျွန်တော်က ဂျင်ပိုင်းကြီးလို့ ခေါ်စရာ တိုးသွားတာပလေ။

ဒီလိုနဲ့ ကျွန်တော်ရယ် မိုးဝင်းရယ် ဂျင်ပိုင်းကြီးရယ် အင်းစိန်ထောင် အတူရောက်ခဲ့ကြပေါ့။ ရောက်ပြီဆိုတာနဲ့ ဂျင်ပိုင်းကြီးက ကြွေတော့တာပါပဲ။ သူ့မိန်းမ မနွယ်ကို လွမ်းတဲ့ အကြောင်း၊ စောင်းကလေး တီးပြီး (လှိုင်ထိပ် ခေါင်တင်နဲ့ မှားနေပုံရပါတယ်) သီချင်းဆိုတာလေးကို မျက်စိထဲက မထွက် တဲ့ အကြောင်း၊ မောင်သူရရာ... ချစ်မိုးကြီးလေး ဆိုပြပါကွာဆိုတာမျိုးတွေ ကလည်း နေ့တိုင်း နေ့တိုင်း၊ သူ့သားအကြီး ကျော်ကျော်လေး (ခုတော့ မင်းမော်ကွန်းဖြစ်နေပေါ့) ကိုလည်း တဖွဖွ မှာနေပြန်ပါရဲ့။ တကယ်ကတော့ ကျော်ကျော်လည်း ဘယ်ကြားပါ့မလဲ။ သူ့စိတ်ဖြေရာ သူလျှောက်ပြောနေ တာလေ။ ပြောပုံကိုလည်း ကြည့်ပါဦး။

"သားရေ ကျော်ကျော်... ညီလေး ကြည်သာကို ထိန်းနော်"

"ညီလေးလက်ကို ဆွဲထား... ပြုတ်မသွားစေနဲ့နော်"

တဲ့.. ရုပ်ရှင်မဆန်ဘူးလားဗျာ။ မသိတဲ့ လူများ နားထောင်မိရင် တော့ သားအဖနှစ်ယောက် ထောင်ထဲပဲ အတူတူရောက်လာသလိုပေါ့။ ဒီ ကြားထဲ သူ့အဝေးရောက်တဲ့ ကော်ဖီက ဘယ်လို ကောင်းတာ၊ သူ့အဖေက သူ့ ကို ဒီအရွယ်အထိ ပေါင်ပေါ် ထိုင်ခိုင်းတုန်းဆိုတာတွေကလည်း ပါရဲ့။ ဒါ ကြောင့်လည်း ကျွန်တော်က သူ့ကို စချင်လို့ 'ကိုအိမ်သတိရ' ဆိုတဲ့ သီ ချင်းတစ်ပုဒ် ရေးထုတ်လိုက်မိပါသေးတယ်။

"မစားနိုင် တမှိုင်မှိုင် မအိပ်နိုင် တမှိုင်မှိုင် ဘယ်လိုဟာ လဲရှင်။ ဒီအချိန်ဆိုရင် အိမ်မှာ ဘယ်လိုပင် တဖွဖွရွတ်တဲ့ သူ့အိမ်ဒေသနာကြားရတာလည်း များလွန်းတော့ နား ကလောလှပေါ့ရှင်။ သူ့အဖေ သူ့အမေ သူ့ညီ သတိရ





တာလည်း ခဏခဏပင်။ အိမ်မှာ မွေးတဲ့ ခွေးလေး တောင်ပဲ အဆစ်ပါသေး တယ်ရှင်။ ဩော်..ရှက်တယ် ခက်တယ် ဘယ့်နှယ် ဘယ်လိုပင်။ အချိန်ရှိသမျှမှာပင် အကြိမ်ကြိမ် ညည်းဆနေတဲ့ ကိုအိမ်သတိရကြီးရယ်ရှင်"

ထောင်ထဲ နေလာတာ လေးလကျော်တဲ့အထိ သူနဲ့ ကျွန်တော်မျက် နှာချင်းဆိုင်ခွင့် မကြုံ။ အသံပဲ ကြားနေရတာကိုး။ အခန်းအပြင်လည်း ထွက် ခွင့်မှ မရတာ။ တစ်ရက်တော့ ထောင်ဆေးရုံမှာ ဆေးစစ်ဖို့ ကျွန်တော့်ကို အကျဉ်းခန်းထဲက လာခေါ်ထုတ်ပါရော။ ခေါင်းကို အဝတ်မည်းကြီးနဲ့ စွပ်ပြီး ခေါ်သွားတာဆိုတော့ ဘာကိုမှ မမြင်ရ။ ဆေးရုံရောက်တော့မှ ခေါင်းစွပ်ချွတ် လိုက်တော့ အားပါး.. မျက်စိတွေကို ကျိန်းလို့ စပ်လို့၊ ခပ်လှမ်းလှမ်းက ပိန်ပိန် ပါးပါး မြင့်မြင့်နဲ့ လူက ကျွန်တော့်ကို ကြည့်နေပါကလား။ သူ့မျက်နှာမြင်ဖူး သလိုပါလို့ ထင်ပြီး ကြည့်တော့မှ...

"ဟာ... ကို ဂျင်ပိုင်း"

"ဟော့ကောင် မောင်သူရ"

အမလေးဗျာ၊ ဒီ မျက်နှာမြင်ဖူးပါတယ်ဆို ပြီး ကြည့်နေတာ။ လက် သတ်တော့ ကိုဌေးကိုး။ သူကလည်း ကျွန်တော့် ကို မြင်ဖူးသားဆိုပြီးကြည့် နေတာတဲ့၊ ဆယ်ပေဆယ့် နှစ်ပေ အခန်းထဲမှာ တစ် ယောက် တစ်ယောက်တည်း နေရ၊ လူသံပဲ ကြားရပြီး လူမျက်နှာ မမြင်ရဆိုတော့ ပြီရော၊ ပွဲသိမ်း။ ရူးမသွား တာ ကံကောင်းလို့ ပြောရ





www.burmeseclassic.com

www.burmeseclassic.com



ပေဦးမယ်။ ခုတော့ ကိုယ့်အချင်းချင်း ပြန်တွေ့တာတောင် မမှတ်မိ။ ကျွန်တော် သူ့ကို ပထမဆုံးမေးမိတာက...

"ကိုဗွေး... ကျွန်တော့်မျက်နှာ ဘယ်လိုနေလဲဗျာ"

"ပိန်သွားတယ်။ အသားအရေ ဖြူဖျော့ဖျော့။ နှုတ်ခမ်းမွေးတွေ ထူလပျစ်နဲ့"

"ကိုဗွေးလည်း တော်တော်ပိန်သွားတယ်။ နှုတ်ခမ်းမွေးတွေလည်း ရှည်လို့"

ကျွန်တော်တို့နှစ်ယောက်သား ဒုတိယကမ္ဘာစစ်ပြီးကတည်းက ကွဲသွားကြသူတွေလို ပြောမဆုံးတော့ချေ။ ဆေးစစ်ပေးမယ့် ဆရာဝန်က လူနာခုတင်ပေါ် အတင်းခေါ်ရသည်အထိ။ နှစ်ယောက်သားလမ်းခွဲတော့ ကိုဗွေး မျက်ရည်ဝဲရော။ သူ့စိတ်က ချက်ချင်းမှာ ချက်ချင်းပျော့...။

၁၉၈၉ ဧပြီ ၂၁ ရက်နေ့မှာ လွတ်တော့လည်း ကျွန်တော်တို့နှစ်ယောက်အတူတူ။ ထောင်က ထွက်ပြီးပြီးချင်း သတင်းစာနဲ့ အင်တာဗျူးတော့လည်း အတူတူ။ ကိုဗွေးက ကွန်မြူနစ်ကို မုန်းတယ်။ သူတို့မိသားစုအခြေအနေယိမ်းယိုင်ခဲ့ရတာ ကွန်မြူနစ်ကြောင့်ဆိုတာကြီး သူ့ခေါင်းထဲမှာ စွဲလို့ခြလို့...။ သူ့အဖေကို ဗ-က-ပ တွေ ဖမ်းခေါ်သွားလို့ သူ့အဖေ စစ်တပ်က ထုတ်ခံခဲ့ရတာကို တွေးမိတိုင်း သူမကျေ။ ရှစ်လေးလုံးအရေးတော်ပုံကြီးမှာ ဗ-က-ပ တွေ ဝင်ပါတာကို သူလက်မခံ။ ကွန်မြူနစ်ကို ခါးခါးသီးသီး မုန်းကြောင်း သတင်းစာထဲမှာ ပြောထည့်လိုက်တော့ ကွန်မြူနစ်လက်ကျန်တွေက သူ့ကို မကြိုက်၊ တိုက်ခိုက်ကြလေရာ သူမခံနိုင်။ ကျွန်တော်က ကိုယ်ယုံကြည်တဲ့အတိုင်း ဆက်နေဖို့ပဲ ပြောရတော့တယ်။

ထောင်က လွတ်ပြီးကတည်းက သူ နိုင်ငံရေးနဲ့ ဝေးအောင် နေပါတယ်။ နိုင်ငံရေးပါတီ၊ နိုင်ငံရေးသမား၊ ယုတ်စွအဆုံး နိုင်ငံရေးစကားနဲ့တောင် မတွေ့အောင် ရှောင်ခဲ့သူပါ။ ဒီကြားထဲ 'မြင့်မြတ်နှလုံးသား'နဲ့ သူ့ကို အကယ်ဒမီပေးလိုက်တော့ အားလုံး 'ဟာ'ခနဲ။ ကွန်မြူနစ်မုန်းတဲ့ ကိုဗွေးက ကွန်မြူနစ်ဝိုလ်အဖြစ် သရုပ်ဆောင်ထားတာကိုး။ သူလည်း စိတ်မာတ်နည်းနည်း ထိသွားပုံရပါတယ်။ တစ်ရက် ကျွန်တော့်အိမ်ကို ရောက်လာတော့ မူးလို့၊ ငိုလိုက်၊ နံရံတွေ ထိုးလိုက်။ သူ့စကား ကျွန်တော်ဘယ်တော့မှ မမေ့။ မေ့ရက်စရာလည်း မရှိ။



*"ငါ တိုင်းပြည်အပေါ် ဘာသစ္စာဖောက်လဲ။ ရှစ်လေးလုံးအရေးတော်ပုံမှာ ဘယ်သူမှ မထွက်ခင် ငါတို့ထွက်ခဲ့တယ်။ ဘယ်သူမှ အဖမ်းမခံရခင် ငါတို့အဖမ်းခံခဲ့ရတယ်။ အခုအစိုးရက ပေးတဲ့ အပ်တိုတစ်ချောင်းလည်း မီးရပါဘူး။ အစိုးရနဲ့လည်း ဘာအလုပ်မှ မလုပ်ပါဘူး။*

*ငါ့ကို ဘာလို့ တိုင်းပြည်သစ္စာဖောက်စာရင်းထဲ ထည့်ရတာလဲ"*

သူငိုတယ်။ ကျွန်တော် စိတ်မကောင်းပါ။ အင်တာနက်ကနေ ပျံ့နှံ့နေသော လူစာရင်းစာရွက်ကြီး တကိုင်ကိုင်နဲ့ သူငိုရှာတယ်။ အကယ်ဒမီရွှေရုပ်တုလက်ခံမိတာနဲ့ တိုင်းပြည်သစ္စာဖောက်စာရင်းထဲ ဝင်သွားရောတဲ့လား။ တိုင်းပြည်သစ္စာဖောက်လို့ သူ့ကို ပြောနေကြသူတွေထက် သူ နိုင်ငံတော်အပေါ်မှာ သစ္စာပိုရှိတာ ကျွန်တော်ယုံတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီး ကိုယ့်အိမ်ရှေ့က ဖြတ်သွားတုန်းက ခြင်ထောင်ထဲ ဝင်ကွေးနေသူတွေက ခုမှ မြန်မာပြည်အရေးမှာ သွေးနီးပြနေချိန် ဂျင်ပိုင်းကြီး သူတို့လို သွေးကြောင် သွေးမရှောင် သွေးမခေါင်ခဲ့ပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဂျင်ပိုင်းကို ချစ်နေမြဲ ယုံနေဆဲ။

• • •

www.burmeseclassic.com





# တောသားကြီး အရိုင်း

သူ့နာမည်အရင်းက အောင်သန်းဦး။ သင်္ချာတွဲရ။ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းမှာတုန်းက သူ့လူပြက်နာမည်က ပြာလောင်။ ‘တောသားကြီး’သီချင်းနဲ့ အဆိုပြိုင်ပွဲ ရွှေတံဆိပ်၊ ‘ပန်းပွင့်လောင်းတမ်း ရှင်ထွေးတမ်း’ ပြဇာတ်နဲ့ သရုပ်ဆောင်အကောင်းဆုံးဆု ရထားသူ။ ကျောင်းစာကလွဲရင် ကျန်တာ အားလုံးတော်တဲ့သူ။ မြန်မာ့ရုပ်မြင်သံကြား နှစ်ပတ်လည်မှာ တောတွင်းသားလေး အရိုင်းလို့ နာမည်ကျော်ခဲ့တဲ့ အောင်သန်းဦးဟာ ရှစ်လေးလုံးအရေးတော်ပုံကို ကျွန်တော့်အိမ်ပေါ် အရောက်သယ်လာသူလည်း ဖြစ်တယ်။

မန္တလေး၊ မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူ… မြို့လေးမြို့ဆက်တိုက် ကျွန်တော်တို့ ကပြီး ပြန်လာချိန်မှာ ရန်ကုန်ဟာ လှုပ်လှုပ်ရွရွ။ မြေနီကုန်းမှာ ရဲတွေနဲ့ အရပ်သားတွေ အပြန်အလှန်ဆော်ကြ။ ကျောင်းထဲမှာလည်း ကျောင်းသားနဲ့ လုံထိန်းတွေ ဆော်ကြ။ တစ်မျိုးလုံးက လုံထိန်းဆို အော့နလုံးနာတွေ့တာနဲ့ တံတွေးတပျစ်ပျစ်။ အရိုင်းက ဒီလိုကိစ္စမျိုးတွေမှာ သယ်ယူပို့ဆောင်ရေးဝန်ကြီး။ ဘယ်နေရာ ဘာဖြစ်နေတယ်ဆိုတာ သူအကုန်သိ။ လတ်တလော်ရည်ဆိုင်တကာ လှည့်ထိုင်ပြီး ဘီဘီစီ လက်မြှောက်လောက်အောင် သတင်းမှန်သမျှ သယ်သယ်လာတတ်သူပင် ဖြစ်တယ်။ ခုလည်း ၈–၈–၁၉၈၈ မှာ ကျောင်းသားတွေ ဆန္ဒပြမယ်၊ တက္ကသိုလ်ကနေ မြို့တော်ခန်းမအထိ သပိတ်မှောက် လမ်းလျှောက်ကြမယ်တဲ့။ အဲဒီအချိန် ကျွန်တော်တ

www.burmeseclassic.com



မြန်မာ့အသံထဲမှာ (ကို)မြသန်းစံတို့နဲ့ စကားကောင်းနေချိန်၊ (ကို)မြသန်းစံက ပြည်သူ့ဆက်ဆံရေးတပ်က ဗိုလ်ကြီး။ ကျောင်းသားတွေ တကယ်သပိတ်မှောက် မမှောက် သူကလည်း တအားသိချင်၊ ကိုရွှေကိုရိုင်းကလည်း ဒါမျိုးအထုံဝါသနာကြီးသူဆိုတော့ ဟန်တောင် မဆောင်၊ ဝေါက်ခနဲ ထကာ ကျောင်းဘက် ထွက်သွားပါလေရော။

မြေနီကုန်းထိပ်ကို ကျွန်တော်ရောက်တော့ ကျောင်းသားတပ်ကြီးချီတက်လာပြီဆိုတဲ့ သတင်းရလိုက်တဲ့အခါ အရိုင်းကို ပြေးလို့ မြင်ယောင်မိပါတယ်။ ဒီကောင် ဘယ်ရောက်နေသလဲ၊ ကျွန်တော့်သားကို ချီပြီး မြေနီကုန်းလမ်းဆုံမှာ မယောင်မလည်လုပ်နေတုန်း ‘သပိတ် သပိတ် မှောက် မှောက်’၊ ‘မ-ဆ-လ အစိုးရ ပြုတ်ကျရေး... တို့အရေး’ ဆိုတဲ့ အသံတွေ ဟိန်းဟိန်းထ၊ လူအုပ်ကြီး ပြိုကျလာပါတယ်။ ကျွန်တော်ကတော့ ပွဲကြည့်သက်သက်။ လူတန်းကြီး တရိပ်ရိပ်ရွေ့သွားတာ ငေးမောနေတုန်း ‘ဟေ့ကောင် မောင်သူရ’ လို့ အော်သံကြားတော့ ကျွန်တော် အသံလာရာဆီ ကြည့်လိုက်မိတယ်။ အောင်မာ... မောင်မင်းကြီးသား အရိုင်း။ နဖူးမှာ အနီစ ပတ်လို့ လက်သီးလက်မောင်းတန်းပြီး လူတန်းကြီးနဲ့ ပါသွားလေရဲ့။

အိမ်ပြန်ရောက်တဲ့အထိ ကျွန်တော့်မျက်စိထဲမှာ အရိုင်းရဲ့ ပုံရိပ်ကစွဲကပ်ပါလာပါတယ်။ ဦးသန့်အရေးအခင်း၊ အလုပ်သမားအရေးအခင်း၊ မိုးရာပြည့်တို့ကို မျက်ဝါးထင်ထင်တွေ့ခဲ့ဖူးတဲ့ ကျွန်တော့်အဖို့ သပိတ်မှောက်တာ ဘာမှ မဆန်း။ ဒါပေမဲ့ မောင်ဖုန်းမော်အရေးအခင်း၊ တံတားနီအရေးအခင်း၊ ဖွန်အရေးအခင်းတွေမှာ မ-ဆ-လ အစိုးရ နှိမ်နင်းခဲ့တာတွေကို တစ်စေ့ကလေးမှ လက်မခံနိုင်ခဲ့။ ‘တပ်ဆိုတာ မိုးပေါ် ထောင်မပစ်ဘူး’ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ စကားကိုလည်း နည်းနည်းမှ ဘဝင်မကျခဲ့လို့ ဖာတ်ခုံပေါ်တနေ ကျွန်တော်အကြီးအကျယ်သရော်ခဲ့ပါတယ်။ ကျွန်တော်တို့မှာ ချမ်းသာတာ ဓါးစပ်ပဲ ရှိတော့ ပါးစပ်နဲ့ပဲ တိုက်ရပေတာပေါ့။ သူတို့မှာက သေနတ်နဲ့လေ။ ဒီတော့ ပြဿနာမှန်သမျှ ကျည်ဆန်နဲ့ ရှင်းကြတာ ဘာဆန်းလဲ။ အရိုင်းလူအုပ်ကြီးနဲ့ ပါသွားတော့ ကျွန်တော် စိတ်တထင့်ထင့်၊ တကယ်လို့ မ-ဆ-လ အစိုးရက တပ်နဲ့ ဖြိုခွင်းရင် သွားပြီ။ ဒီစိတ်က ကျွန်တော့်ကို ဖိစီးလာတော့ ကျွန်တော်မနေနိုင်။ ကျွန်တော့်သားကို အိမ်မှာ ထားပြီး ရန်ကုန်မြို့ထဲ ထွက်လာခဲ့မိပါတယ်။



မြို့တော်ခန်းမရှေ့ရောက်တော့ လူအုပ်က တိုးမပေါက်။ ဆူးလေဘုရားလမ်း၊ ဘားလမ်း၊ မဟာဗန္ဓုလလမ်း... ဘယ်လမ်းမှ ဝင်မရ။ ဒီလောက်များတဲ့ လူတွေ ဘယ်ကရောက်လာကြတာပါလိမ့်။ တစ်ယောက်ပြီးတစ်ယောက် စရားတွေ တက်ဟောလိုက်၊ လက်ခုပ်တွေ တဖြောင်းဖြောင်းတီးလိုက်နဲ့ ဆူလို့ ညံလို့၊ ဘာတွေ ပြောမှန်း သဲသဲကွဲကွဲ မကြားရချေ။ ကျွန်တော့်အာရုံက အရိုင်းတွေ့ရေးပင်။ ရှာဖို့ကတော့ မလွယ်၊ သူ့ဖမ်းဖို့က ပိုလို့ မလွယ်။ သင်္ကြန်တွင်းမှာ တရားအားထုတ်ချင်လို့ သူ့အမေက “သားရယ်... ဒီသင်္ကြန်လေးရက်တော့ အိမ်မှာ စောင့်ပေးပါကွယ်” လို့ ပြောတော့ ဆရာသမားက “ဟုတ်ကဲ့ အမေ” တဲ့၊ လမ်းထိပ်ဆေးလိပ်ထွက်ဝယ်ဦးမယ်ဆိုပြီး ထွက်သွားလိုက်တာ သင်္ကြန်အကြိုနေ့၊ သူ့အိမ်ပြန်ရောက်တော့ နှစ်ဆန်း ၂ ရက်နေ့။ သူ့အမေက ယနေ့ထက်ထိ ပြောမဆုံး။ ဒီလိုသတ္တဝါမျိုးကိုလိုက်ရှာတာ တွေ့ရာမဲရာကျပေမပေါ့။

ဒီလိုနဲ့ ညက တဖြည်းဖြည်း မှောင်လာပါရော။ ပရိသတ်တွေကတိုးလို့ များလာ၊ တရားဟောတဲ့ လူတွေလည်း များလာ၊ ကျွန်တော့်မှာလည်း ဗိုက်တော်ညောင်းလာ၊ ဖြုန်းခနဲ မီးတွေ မှောင်ကျသွားပြီး သမ္မတရုပ်ရှင်ရုံဘက်ဆီက စစ်ကားတွေ မီးကုန်ဖွင့်ပြီး မောင်းဝင်လာကြတာတွေ့လိုက်ရတော့ ‘လုပ်ပြီ’ဆိုတာ သိလိုက်ရပါတယ်၊ ဒါနဲ့ပဲ မီးသတ်ကြီးဘက်ဆီ ကျွန်တော်ပြေးထွက်သွားတုန်း စစ်ကားတွေက ဆူးလေဘုရားကို ဝိုင်းပတ်ရပ်ပြီး ဒိုင်းဒိုင်းဆိုင်းဆိုင်းနဲ့ ပစ်တော့တာပါပဲ။ မှောင်ထဲ မည်းထဲ ဘယ်သူ့ထိလို့ ဘယ်သူမှန်မှန်း မသိ။ အော်သံတွေကတော့ ပွက်ပွက်ညံလို့၊ ကျွန်တော်လည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိ၊ ပြေးမိပြေးရာ ပြေးလိုက်တာ အိမ်ပြန်ရောက်လာခဲ့ပါတယ်။

မောင်မင်းကြီးသား ကိုရွှေကိုရိုင်းက ကျွန်တော့်အိမ် ဧည့်ခန်းဆိုဖာပေါ်မှာ အကျအနထိုင်ပြီး သတင်းစာရှင်းလင်းပွဲလုပ်နေတယ်။ ကျွန်တော်ကတော့ သူ့အတွက် ပူလို့။ သူကတော့ ခုပဲ ဂျပန်ပြည်က ပြန်လာသလို ကြုံခဲ့ရသမျှ ဖောက်သည်ချလို့ ကောင်းတုန်း။ ဒါသည်ပင် အရိုင်းစစ်စစ်၊ ဘယ်သူတွေ ဘာဖြစ်နေ ဖြစ်နေ သူ မသိ။ သူသိတာက သူလုပ်ချင်တာသာ။ ကိုယ်ဟာ ပူပန် ဒီဟာ ကြောင့်ကြဖြစ်နေရင် အရိုင်းအတုကြီး ဖြစ်သွားတော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လ ၂၂ ရက်နေ့မှာ ကိုရွှေကိုရှိန်း အိမ်ရောက်လာပြန်ပြီး ဒီနေ့ဆေးရုံကြီးမှာ လူစုမယ်၊ မင်းလိုက်ခဲ့လို့ လာခေါ်ပြန်ပါတယ်။ နဂို ပိုးအခံကလည်း ရှိတော့ ကျွန်တော်လည်း လိုက်သွားရာက စပြီး အရေးတော်ပုံထဲ တဖြည်းဖြည်း နက်အောင် ပါသွားလေရော။ ဆရာသမားကလည်း တစ်နေရာပြီး တစ်နေရာ တရားတွေ လိုက်ဟောသဗျ။ သူ့အအောင်မြင်ဆုံး စကားကတော့ 'မိုးတွင်း၊စီး ဂျပန်ဖိနပ်အတုတောင် သုံးလခံတယ်၊ စိန်လွှင် အစိုးရ ဆယ်ရက်ပဲ ခံတယ်' ဆိုတာပါပဲ။ လူတိုင်း ပါးစပ်ဖျား ရေပန်းစားရုံမက အဲဒီတုန်းက ထွက်သမျှ သတင်းစာ၊ ဂျာနယ်တွေမှာ ဖော်ပြခံရပါတယ်။ ဆေးရုံကြီးရှေ့မှာ အစာငတ်ခံဆန္ဒပြတော့လည်း သူ့လောက် တက်ကြွသူ မရှိ။ သဘင်သမဂ္ဂဖွဲ့တော့လည်း ထိပ်ဆုံးက အရိုင်း။ ကျူရှင်တွေ ခေတ်ထချိန်တုန်းက 'ဒီဖိုင်းသားသား' ဆိုပြီး နာမည်ကြီးခဲ့သူပီပီ နေ့စဉ် ကြေညာချက်တွေကို ရေးရာမှာလည်း သူ မပါလျှင် မပြီး။ တကယ်ကတော့ စွယ်စုံရ အရိုင်းလို့တောင် ခေါ်ဖို့ ကောင်းပါတယ်။

စက်တင်ဘာ ၁၈ ရက်နေ့မှာ စစ်တပ်က အာဏာသိမ်းတော့ ထကြွတကြွဖြစ်နေတဲ့ ကျွန်တော်တို့ ပြန့်စုမိသွားပါလေရော။ စုမိတဲ့ နေရာက ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်။ အဲဒီမှာ တစ်ညလုံး အိပ်ပြီးမှ မနက်ဘက် လမ်းပေါ် ထွက်ကြပြန်တော့ သူက အလံကိုင်လို့... ရဲရဲရင့်ရင့်။ ရယ်စရာကောင်းတာလေးတစ်ခုတော့ ဖောက်သည်ချပါရစေ။ ကျွန်တော်တို့ ရုံးစိုက်တဲ့ နေရာက ၂၁ လမ်း။ ဒီလမ်းက တပ်က ပိတ်လိုက်တော့ ကျွန်တော်တို့ ရှပ်ထုတ်ပြီး လမ်းထဲက ထွက်ကြတာပေါ့။ အရိုင်းက ဦးထုပ်ဆောင်း၊ မျက်မှန်ချွတ်လိုက်တော့ တော်တော်ပုံပြောင်းသွားပါလေရော။ ဒါနဲ့... ၂၁ လမ်းနောက်ဖေးလမ်းကြားကနေ လသာလမ်းဘက်ကို ကူးပါလေရော။ လမ်းကြားထိပ်မှာ စောင့်နေတာက စစ်သား။ အရိုင်းက မျက်မှန်တပ်မထားတော့ ဘာမှ မမြင်။ စစ်သားရှေ့တည့်တည့်မှာ ရပ်ပြီး ဆေးလိပ်မီးညှိဖို့ မီးခြစ်ရှိသလား မေးမိတော့မှ စစ်သားမှန်း သိသွားတော့ ဟန်မပျက် ခပ်သွက်သွက် ထွက်လာခဲ့ရပါလေရော။ ဒါကလည်း သူ့အရည်အချင်းတစ်ရပ်ပင်။ ချော်လဲ ရောထိုင်လုပ်တဲ့ နေရာမှာ ထိပ်တန်း...။

ဘယ်လောက် တော်သလဲဆိုရင် ကျွန်တော်အဖမ်းခံရတဲ့ 'အောက်တိုဘာ ၂ ရက်နေ့က သူလည်း ကျွန်တော်တို့နဲ့အတူတူ ရှိနေခဲ့ပါတယ်။



သာလမ်းက ဦးတင်စိုး ရုံးခန်းဘေး လှေကားမှာ တပ်က နေရာအပြည့်ယူ၊ ရုံးခန်းရှေ့မှာလည်း တပ်က နေရာအပြည့်ယူပြီး ရုံးခန်းထဲက ကျွန်တော်၊ ဦးအောင်မြင့်မြတ်၊ ဖင်ဝိုင်း၊ မိုးဝင်း၊ ညီဝင်းစိန်တို့ကို ဝင်ဖမ်းတာပါ။ အဲဒီအချိန်မှာ အရိုင်းက ခပ်လှမ်းလှမ်း ကွမ်းယာဆိုင်မှာ ကွမ်းယာဝယ်လို့ပေါ့။ အဲဒီကနေ ကွမ်းယာထုပ်ယူပြီး ရုံးခန်းကို ပြန်အလာ... ရုံးခန်းရှေ့မှာ စစ်သားတွေ တွေ့တော့ ရုံးခန်းဘေးက လှေကားပေါ် တက်လိုက်ပါလေရော။ လှေကားမှာပါ စစ်သားတွေအပြည့် နေရာယူထားလေတော့ သူဘာလုပ်ရမှန်းမသိတော့။ ဒါပေမဲ့ ခပ်တည်တည်နဲ့ ဆက်တက်သွားတော့ စစ်သားတွေက သူ့ကို လမ်းဖယ်ပေးကြရော။ သူကတော့ ခပ်တည်တည်နဲ့ ဆက်တက်သွားပြီး သုံးထပ် ဘယ်ဘက်အခန်းထဲ ဝင်ပြီး ထိုင်နေလိုက်တာပေါ့။ အိမ်ရှင်တွေက ရုတ်တရက်တော့ တော်တော်ကြောင်သွားတာ၊ နောက်မှ အရိုင်းမှန်းသိလို့ 'နေ... နေ' ဆိုပြီး ခွင့်ပေးထားခဲ့တာပါ။ ကျွန်တော်တို့ကို စစ်ကားပေါ် တင်ပြီး ဖမ်းခေါ်သွားပြီးတော့မှ အဲဒီလှေကားကနေ သူပြန်ဆင်းလာခဲ့ရပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့လည်း ထောက်လှမ်းရေး(၆)တပ်ထဲကိုရောက်၊ အဲဒီကမှ အင်းစိန်ထောင်ကို ရောက်သွားတဲ့ အချိန်မှာ ဆရာသမားကတော့ မြန်မာ–ယိုးဒယားနယ်စပ်ကို ရောက်သွားပါလေရော။ အမှန်ကတော့ တောခိုကျောင်းသားတွေ ပြည်တော်ပြန်လာချင်ရင် အစိုးရက ပြန်ပြီး လက်ခံပါမယ်လို့ ကြေညာတော့ ဗိုလ်မှူးချုပ်(ဟောင်း) ဦးအောင်ကြီးဆီ သူရောက်သွားတယ်။ တောထဲက ကျောင်းသားတွေကို သူလိုက်ခေါ်ပေးမယ်၊ ပြန်လာခဲ့ရင်သူ့သူငယ်ချင်း ဇာဂနာ၊ ဖင်ဝိုင်း၊ မိုးဝင်းတို့ကို လွှတ်ပေးမလားပေါ့။ ဦးအောင်ကြီးက သူလည်း ကတိတော့မပေးနိုင်ဘူး၊ မေးကြည့်ပေးမယ်ဆိုပြီး အယ်မတော်ထောက်လှမ်းရေးကို အကြောင်းကြားခဲ့ပါတယ်။ ထောက်လှမ်းရေးက ဗိုလ်မှူးမြသန်းစံကို အရပ်ဝတ်နဲ့ ထည့်ပေးမယ်၊ ပြန်ခေါ်လာနိုင်ရင် ဇာဂနာတို့ကို လွှတ်ပေးဖို့ ကတိပေးတယ်ဆိုပဲ။

ဒါနဲ့... အရိုင်းရယ်၊ မြသန်းစံရယ် ကော့ကရိတ်–မြဝတီလမ်းကနေ ယိုးဒယားကို သွားခဲ့ကြပါတယ်။ မြသန်းစံကတော့ မြဝတီဘက်မှာ နေပြီး အရိုင်းက ကေအန်ယူ တာဝန်ယူထားတဲ့ စခန်းတွေဆီ ရောက်အောင်သွားခဲ့ပါတယ်။ ကံကောင်းချင်တော့ သီဟတင်စိုးတို့၊ ဝဏ္ဏတင်မိုးတို့နဲ့ တွေ့

www.burmeseclassic.com



ပြီး တောခိုကျောင်းသားတွေနဲ့ တွေ့ခွင့်ရပါလေရော။ မြန်မာပြည်ထဲ ပြန်ချင်ရင် သူကူညီမယ်ဆိုတော့ တချို့ကလည်း ပြန်ချင်၊ တချို့ကလည်း ဝေခွဲရခက် ဖြစ်နေတုန်း ဒီသတင်းကို ကေအန်ယူက သိသွားရော။ တချို့ကျောင်းသားတွေကလည်း တောထဲကို လာတဲ့အခါ သူတို့အတွက် အစစအဆင်ပြေမယ်ထင်ထားတာ။ တကယ့်တကယ်ကျတော့ စားစရာ၊ နေစရာ၊ ဝတ်စရာ ဘာမှ မရှိ။ ကေအန်ယူစန်းမှာ ထောင်ကျသလို နေနေရတော့ စိတ်ဓာတ်ကျနေကြတာပေါ့။ ဒီတော့လည်း ပြန်မယ်လို့ ဆုံးဖြတ်ကြတာ။ ဒါကို ကေအန်ယူက အရိုင်းလာမွှေလို့ ကျောင်းသားတွေ ပြန်မယ်ဖြစ်ရတာဆိုပြီး အရိုင်းကို သတ်ဖို့ ကေအန်ယူ ဗိုလ်တစ်ယောက်ကို ဆိုင်ကယ်တစ်စီး သေနတ်တစ်လက်နဲ့ လွှတ်လိုက်ပါလေရော။ ဒီသတင်းလည်း ကြားရော သီဟတင်စိုးရယ်၊ ဝဏ္ဏတင်စိုးရယ်၊ (လှည်းတန်း)သားကြီးရယ်၊ အရိုင်းရယ် ဘာပြောကောင်းမလဲ၊ သုတ်ခြေတင်ရတော့တာပေါ့။ တောထဲက ဖြတ်ပြေး၊ ချောင်းကျော် ပြေး၊ တောင်ကျော် ပြေးနဲ့ လမ်းကလည်းမသိတော့ မြဝတီမရောက်။ မဲဆောက်ရောက်သွားရော။ ပိုဆိုးပြီ။ မဲဆောက်ဆိုတာ ကေအန်ယူ နယ်မြေ။

မျက်စိတစ်မှိတ်အတွင်းမှာ အသက်ပျောက်လို့ အလွယ်ဆုံး နေရာ။ ဒီတော့... လမ်းရှာကြ။ ဘယ်သူက ကိုယ့်လူမှန်းလဲ မသိတော့ မဆက်သွယ်ရဲ။ ကံကောင်းချင်တော့ ထောက်လှမ်းရေးနဲ့ တွေ့ပါလေရော။ အဲဒီထောက်လှမ်းရေးက နယ်စပ်ကူးတဲ့ တံတားအထိ ပို့ပေးလို့ မြဝတီဘက် ပြန်ရောက်လာပေမယ့် ဘာကိုမှစိတ်မချရသေး။ မြသန်းစံကလည်း မရှိတော့။ တပ်ကို သွားအကြောင်းကြားတော့လည်း သူတို့နဲ့ ဘာမှ မဆိုင်ဘူးလို့ ပြောလွှတ်။ နယ်မြေခံထောက်လှမ်းရေးကို သွားဆက်သွယ်တော့လည်း မသိဆိုတာက လွဲလို့ ဘာမှမသိခဲ့ရ။ ကိုင်း... ဘယ့်နှယ်လုပ်ကြမလဲ။ လက်ထဲ ပိုက်ဆံကလည်း တစ်ပြားမှ မရှိ။ အရေးထဲ ကေအန်ယူစခန်းက ကူးစက်လာတဲ့ ဝဲတွေက ပေါက်နေသေး။ ဒီတော့ ဘုန်းကြီးကျောင်းမှာ သူတို့အားလုံး ကပ်နေခဲ့လိုက်ပါတယ်။ ဒီလောက် ဒုက္ခသုက္ခနဲ့ကြုံနေရတာတောင် အရိုင်းညဉ်က မပျောက်ချင်။ အကျႌအစုတ်အပြဲ၊ ပုဆိုးအစုတ်အပြဲတွေ ဝတ်ပြီး အရူးဟန်ဆောင်ကာ ဗျူဟာရုံးကို ရောက်အောင် သွား၊ ဗျူဟာမှူးဆီကနေ မြသန်းစံဆီ ရအောင် ဆက်သွယ်တော့ မြသန်းစံက ကော့ကရိတ်မှာ။ အရိုင်း



တို့လူစုကို စစ်တပ်က ရိက္ခာကားနဲ့ တင်ပေးလိုက်ဖို့ သဘောတူညီမှုရလိုက်တော့ ပျော်လိုက်သည့် ဖြစ်ခြင်း...။

ဒီလိုနဲ့ ကော့ကရိတ်၊ ဘားအံ၊ ရန်ကုန်... တစ်ဆင့်ပြီးတစ်ဆင့် ပြန်ရောက်လာပါရော။ ကြိုသူ မရှိ ခေါ်သူ မရှိ။ ဖမ်းသူတော့ ရှိပါသည်။ ထောက်လှမ်းရေး (၇)က လာခေါ်ပြီး ဘာကြောင့် သွားတာလဲ၊ ဘယ်သူနိုင်းတာလဲ၊ ထဲ... လဲ...။ အရိုင်း တော်တော်စိတ်ပျက်သွားပါရော။ ဇာဂနာတို့လည်း လွှတ်၊ သူတို့ သီဟတင်စိုးတို့လည်း ကံကောင်းလို့ မသေ။ အခုတစ်ခါ အဖမ်းခံရပြန်ပြီ။ စိတ်နောက်လိုက်သည့် ဖြစ်ခြင်း။ ဖြစ်ချင်ရာ ဖြစ်ကွာဆိုပြီး အချုပ်ခန်းထဲမှာ ထမင်းမစား ရေမချိုးဘဲ အိပ်လို့သာ နေလိုက်ပါလေရော။ ရက်အကြာမှာ သူပြန်လွှတ်လာပါတယ်။ သူအိမ်ပြန်ရောက်ချိန် ခေါင်းကြည်ရှာပနနဲ့ တိုးပါလေရော။ သူ မသွားခဲ့။ လူစုစုဆိုလျှင် သူမုန်းလေပြီ။ လူတွေကိုလည်း မယုံကြည်တော့။ ပြုံးပြသူမှန်သမျှ သူ မကြည်။ လက်ထဲ ပိုက်ဆံမရှိ။ ဒီအသက်အရွယ်မှာ အမေဆီက လက်ဖြန့်ခံမတောင်းချင်။ ဒါနဲ့ ၃၄ လမ်းထိပ်က သူငယ်ချင်းဆီ သွားပြီး မျက်မှန် မှန်သွေးတဲ့ အလုပ်ကို လုပ်ခဲ့ရတော့တယ်။ လူတွေ ဒီဂရီမတိုးပေမဲ့ သူလက်ထဲက မှန်ကလေးကတော့ ဒီဂရီတိုးလာတာကြည့်ပြီး သူ့မှာ ပီတိတွေဝေ။ ပန်းချီဆွဲတဲ့ လူရွှင်တော်၊ သီချင်းဆိုတဲ့ သရုပ်ဆောင်၊ ဆန္ဒပြတဲ့ ငြိမ်းချမ်းရေးအကျိုးဆောင်ကြီး အရိုင်းခမျာ ၃၄ လမ်းထိပ်မှာ ကျောက်စက် ကျောက်ခုံရှေ့ ငုတ်တုတ်ထိုင်ပြီး မျက်မှန်သွေးနေတာ ဘယ်သူမှ မတွေ့ကြ။


သူကလည်း ဘယ်သူ့ကိုမှ မတွေ့ချင်။ သူ့သူငယ်ချင်းတွေ ထောင်ထဲက ပြန်လွှတ်လာမှာကိုပဲ မျှော်ပြီးရင်း မျှော်။ သူ့ရင်ထဲမှာတော့ ဒဏ်ရာတွေနဲ့ ထုပ်ပိုးထားတဲ့ ပြက်လုံးထုပ်ကြီး တစ်ထုပ်...။ နှလုံးသားနဲ့ သွေးနေပါရော...။

• • •

www.burmeseclassic.com

www.burmeseclassic.com





# လေဘာမြင့်စိုး (ခေါ်) တစ်ကိုယ်တော်

ကျွန်တော် သူ့အကြောင်း မရေးချင်။ သူ့လို လူ လက်ရှိမြန်မာ့နိုင်ငံရေးလောကထဲ တစ်ယောက်မှ မရှိ။ ဘာလုပ်လုပ် တစ်ကိုယ်တော်။ ဘာလုပ်လုပ် ဘယ်သူ့မှ အမှုမတွဲ။ ထောင်စကားနဲ့ အမှုတွဲတယ်ဆိုတာ တခြားသူတွေ ထိုပါ ဆွဲခေါ်တာမျိုးဖြစ်သည်။ ကိုမြင့်စိုး တစ်ကိုယ်တော်လုပ်နေတာ နာမည်ကြီးချင်လို့ မဟုတ်။ ထင်ပေါ်ချင်လို့ မဟုတ်။ သူ့အတွက် ဘာတစ်ခုမျှ မပါ။ သူများအတွက်ချည်းသာ။

သူနှင့် ကျွန်တော် ထောင်ထဲမှာချည်း သုံးခါဆုံရသည်။ ဆုံလိုက်တိုင်း... သူက တပြုံးပြုံး။ ရောက်ပြန်ပြီပေါ့။ တွေ့ရပြန်ပြီပေါ့ဆိုသည့် ပုံစံအပြုံးလိုလို ကျွန်တော့်အရင် သူရောက်နေသည်။ ပထမတစ်ခါ ဆုံကြတော့ အင်းစိန်ထောင်၏ နာမည်အဆိုးဆုံးနေရာ၊ စစ်ခွေးတိုက်...။ သံဃာတော်များ၏ ရွှေဝါရောင်တော်လှန်ရေးအပြီး ၂၀၀၇ ခုနှစ် စက်တင်ဘာမှာ ကျွန်တော်အဖမ်းခံရသည်။ ထောင်ထဲကို ရောက်တော့ သူက စစ်ခွေးတိုက်ရောက်နှင့်နေပြီ။ သူက အခန်း(၈)၊ ကျွန်တော်က အခန်း(၁၀)။ သူရော ကျွန်တော်ပါ ဘာကြောင့် ကျွန်တော်တို့ကို ဒီစစ်ခွေးတိုက်မှာ လာထားမှန်း မသိကြ။ တစ်ထောင်လုံးမှာ ထားစရာနေရာ ဒီလောက်ရှားလေသလား။ ဒီလောက်စုတ်ပဲ့ညစ်ပေသော နေရာကို ထားခြင်းမှာ တမင်ညစ်ပတ်ခြင်းလို့ပဲ သဘောရသည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်မှာ ဘာအပြစ်မှ မရှိ။ ထောင်ထဲမှာ ပြစ်ဒဏ်တစ်ခုခုဖြစ်မှ ဒီစစ်ခွေးတိုက်ထဲ ထည့်ပိတ်တာ ဖြစ်တယ်။ ကျွန်တော်တို့ကို ဘာကြောင့် ဒီနေရာပို့ထားရသလဲ။ ကိုမြင့်စိုးက အစာတော်ခံဆန္ဒပြမည်ဟု ဆိုသည်။ ကျွန်တော်က လက်မခံ။ စစ်အာဏာရှင်ကို လူဟု တန်ဖိုးမထား။ အစာငတ်ခံလို့ သေသွားလည်း အကောင်းသွားမှာ

www.burmeseclassic.com



ရုံ။ ဒီတော့ တစ်နည်းကြံကြည့်သည်။ ကျွန်တော်တို့အခန်းထဲမှာ မိလ္လာခွက်က သေးသေးလေး။ တစ်နေ့မှ တစ်ခါ မိလ္လာချရတော့ အဆင်မပြေ။ ခွက်ပြည့်ခွက်လျှံ...။ တစ်နေ့ နှစ်ခါလောက် သွန်ချင်တာကို သူတို့ကခွင့်မပြု။ တစ်ခါပြော နှစ်ခါပြော ဘယ်နှခါပြောပြော လက်မခံကြ။ သည်တော့ ကောင်းပြီ။ ကျွန်တော်တို့ မိလ္လာတွေကို အခန်းအပြင်ဘက်ကို သွန်ထုတ်ပစ်လိုက်သည်။ ဝန်ထမ်းတွေလာတော့ အခန်းရှေ့ ကွန်ကရစ်အခင်းမှာ အီအီးတွေပေလို့ ပွလို့။ သူတို့ နှာခေါင်းတွေ တရှုံ့ရှုံ့။ ပြီးတော့ မဲ့လာသည်။ နောက်တော့... တင်းလာတော့၏။ ဒါ ဘာသဘောလဲ။ ထောင်ကို ပုန်ကန်တာလား။ နာချင်လို့လားတွေနှင့် ဆဲကြ ဆိုကြတော့သည်။ ကျွန်တော်တို့နှစ်ယောက်က ဘာမှ ပြန်မပြော၊ ပြန်မဖြေ။ ကျောခိုင်းနေလိုက်ကြ၏။ သည်တော့ သူတို့ထက် ရာထူးကြီးသော ထောင်မှူးကို သွားခေါ်လာ၏။ ဖြစ်ချင်တော့ သည်ထောင်မှူးက ကျွန်တော့်မိတ်ဆွေ။ သူ့ခမျာ ဘာဆုံးဖြတ်ရမှန်း မသိ။ ကျွန်တော်တို့ကိုပဲ ထုတ်ရိုက်ရမလား၊ သူ့ဝန်ထမ်းတွေကိုပဲ ချော့ကျူးခိုင်းရလေမလား။ မတတ်သာသည့်အဆုံး ထောင်ပိုင်ကို ခေါ်တော့၏။ ထောင်ပိုင်ရောက်လာတော့ ကျွန်တော်တို့လုပ်ရပ်ကို အပြစ်တင်သည်။ ကျွန်တော်ကလည်း ကြိမ်ဖန်များစွာ မိလ္လာသွန်ဖို့ ကိစ္စပြောတာ ထောင်ဘက်က ခွင့်မပြုတာရယ်၊ ကျွန်တော်တို့ကို စစ်ခွေးတိုက်ထဲ လာထည့်ထားတာရယ်တို့ကို ဖိဖိစီးစီးပြောပစ်သည်။ ထောင်ပိုင် တော်တော်ငိုင်ကျသွားပြီးမှ ကျွန်တော်နှင့် ကိုမြင့်စိုးကို နေရာရွှေ့ပေးပါမည်ဟု ကတိပေးကာ ပြန်သွားတော့၏။ မတိုင်ပင်ဘဲ ကိုမြင့်စိုးရော ကျွန်တော်ရော တစ်ပြိုင်တည်း ရယ်ချလိုက်မိတော့၏။

သည်လိုနှင့် အင်းစိန်ထောင် ငါးဆောင်တိုက်ခန်းတွဲသို့ ကျွန်တော်တို့နှစ်ယောက် အတူရွှေ့လာခဲ့တော့၏။ ကိုမြင့်စိုးနှင့် ကျွန်တော် လက်ချင်းအတူတွဲချိတ်မိတော့သည်။ အသားညိုညို၊ အရပ်ပျပ်ပျပ် တောက်ပသောမျက်လုံးတစ်စုံက ရည်မှန်းချက်ကြီးသူမှန်း သိသာစေသည်။ သူနှင့် ကျွန်တော် ပွဲဦးထွက်ကတော့ တော်တော်လှခဲ့လေတော့သည်။

* * *

ကိုမြင့်စိုးတို့မိသားစုက မပြေလည်ကြ။ မွေးချင်းမောင်နှမ ကိုးယောက်ထဲမှာ ကိုမြင့်စိုးက အကြီးဆုံး။ ကိုမြင့်စိုး၏ ဖခင်က ဆိုက်ကားနင်းပြီး မိသားစုကို ရှာကျွေးသည်။ မိခင်က ကုန်စိမ်းရောင်း၏။ သည်တော့ ကိုမြင့်စိုး စား



ရကြောင့်တော့။ ဆယ်တန်းအောင်ပြီး ကျောင်းဆက်မတက်ဘဲ အလုပ်ထဲဝင်ခဲ့လေတော့သည်။ စိုက်ပျိုးရေးကော်ပိုရေးရှင်းမှာ ဝန်ထမ်း။ ၁၉၈၈ ခု အရေးတော်ပုံဖြစ်တော့ မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့အလုပ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့မှာ စိုက်ပျိုးရေးတာဝန်ခံအဖြစ် ပါဝင်လာခဲ့တော့၏။ သာကေတမြို့နယ်လုံးဆိုင်ရာ သပိတ်ကော်မတီခေါင်းဆောင်လည်း ဖြစ်ခဲ့သည်။ စစ်အာဏာသိမ်းလိုက်တော့ ကိုမြင့်စိုး အလုပ်ပြုတ်တော့၏။ တပြည်းပြည်းနှင့် နိုင်ငံရေးထဲ နက်နက်တူးဝင်ခဲ့လေတော့သည်။ နယ်စပ်ကို ထွက်ခဲ့ဘောက်မှာ ရှိသည့် အလုပ်သမားအဖွဲ့တွေနှင့် ဆက်သွယ်ပြီး သင်တန်းတွေတက်၊ ပြည်တွင်းက အလုပ်သမားတွေကို ပညာပြန်ဖြန့်ဖြူးပေးရင်းနှင့် တော်တော်အလုပ်များခဲ့သည်။ သို့သော် သူကတော့ တစ်ယောက်တည်း၊ ဘယ်သူ့ကိုမှ အဖော်မခေါ်။ တောင်ကျော်လိုက် ချောင်းဖြတ်လိုက်ဖြင့် အလုပ်တွေဆက်နေတော့သည်။ ၁၉၉၄ ခုနှစ် သကြံန်မတိုင်မီမှာ သူအဖမ်းခံလိုက်ရတော့၏။ တပ်မတော် ထောက်လှမ်းရေးက ကောင်းကောင်းကျွေးတာကို ခံလိုက်ရပြီး လေဖြန်းမလို ဖြစ်သွားတော့၏။ ဘာပဲဖြစ်ဖြစ် ထောင်အနှစ် ၂၀ ကျသွားတော့သည်။

အင်းစိန်ထောင်မှာ လေးနှစ်၊ သာယာဝတီထောင်မှာ ရှစ်နှစ်။ စုစုပေါင်း ၁၂ နှစ်အကြာမှာ တပ်မတော်ထောက်လှမ်းရေး၏ မလျော်မကန်လုပ်မှုကြောင့် ထောင်ကျနေသူတွေကို ပြန်လွှတ်ပေးလိုက်တော့သည်။ သူတို့ပြောသော 'မလျော်မကန်' ဆိုသည့် စကားလေး တစ်လုံးတည်းအတွက် လူတစ်ယောက်က ၁၂ နှစ်လုံးလုံး သံတိုင်တွေနောက် ရောက်သွားရအောင် လုပ်လိုက်ကြတာ...။

ကိုမြင့်စိုး ထောင်က လွတ်လာတော့ သူ့မိန်းမနှင့် သားသမီးတွေကို ရှာမတွေ့တော့။ ဘယ်ရောက်သွားမှန်း မသိ။ ကြိုးစားပြီး လိုက်ရှာလို့လည်း မရချေ။ မတတ်သာသည့်အဆုံး နိုင်ငံရေးလောကထဲမှာပဲ ပြန်ကျင်လည်တော့သည်။ သူ့ဝါသနာအတိုင်း အလုပ်သမားအရေးကိုသာ ဦးတည်တော့၏။ အလုပ်သမားအခွင့်အရေး၊ အလုပ်သမားယူနီယံ ပေါ်ပေါက်ရေးတို့ကို ဦးစားပေးလုပ်ခဲ့လေသည်။ သို့သော် အတွင်းလူသစ္စာဖောက်မှုဖြင့် ကိုမြင့်စိုးတို့ လူညီးတန်းမှာ ရဲဖမ်းခဲ့တော့၏။ ထုံးစံအတိုင်း အင်းစိန်ထောင်ရောက်ခဲ့လေပြီ။ ထောင်က လွတ်လို့မှ ခြောက်လမပြည့်သေး၊ ထောင်ထဲ ပြန်ရောက်ခဲ့တော့၏။ သူထောင်ထဲ ရောက်နေစဉ် ဓာတ်ဆီဈေးတက်မှုဆန့်ကျင်ပွဲ ရွှေဝါရောင်တော်လှန်ရေးတို့ ဆက်တိုက်ဖြစ်ခဲ့သည်။ သို့ဖြင့် သူနှင့် ကျွန်တော်

www.burmeseclassic.com



အင်းစိန်ထောင်မှာ ဆုံရခြင်းပင်။ သူထောင်ထဲမှာ ရှိနေစဉ် သူ့အဖေ အနိစ္စရောက်သည်။ ဖခင်၏ နောက်ဆုံးခရီးကို လိုက်ပို့ဆောင်ခွင့် သူ မရခဲ့ရှာ။ ထောင်ထဲကနေ အဖေ့အတွက် ကောင်းရာမွန်ရာရောက်ပါစေကြောင်း ဆုတောင်းပေးလိုက်ရုံ။

ကျွန်တော် ၂၀၀၇ ခုနှစ် အောက်တိုဘာမှာ လွတ်လာတော့ သူ ထောင်ထဲမှာ ကျန်ခဲ့သည်။ တခြားသူတွေက သူတို့မိသားစုအတွက် မှာနေကြသော်လည်း သူကတော့ မမှာ။ မှာစရာ မိသားစုလည်း မရှိ။ ပြုံးပြီး တစ်ခွန်းပဲ ပြောသည်။ "ကျွန်တော်ထောင်ကလွတ်လို့ အလုပ်သမားကိစ္စတွေ လုပ်ရင် ကူနော်" တဲ့...။

၂၀၀၈ ခုနှစ် နာဂစ်အပြီးမှာ ကျွန်တော် ထောင်ထဲ ရောက်ရပြန်တော့ သူနှင့် ဆုံပြန်သည်။ သူ့ကို ရုံးထုတ်နေပြီ။ နယ်စပ်ဖြတ်ကျော်မှု၊ တရားမဝင်အဖွဲ့များနှင့် ဆက်သွယ်မှု၊ တရားရုံးမှာ ပြဿနာအရှာဆုံးလူအဖြစ် နာမည်လည်း ကြီးလာသည်။ ရဲလာခေါ်လျှင် မြေပေါ်လှဲချသည်။ 'မင်းကုသ' လို့ပေါ့။ ရဲလာထူမှ ထမည်... တဲ့။ မတတ်သာတော့လည်း ရဲတွေက သူ့ကို ထမ်းခေါ်ရတော့၏။ ဒါမျိုးတင်လားဆိုတော့ မကသေး။ တရားရုံးမှာ လှဲအိပ်နေသေးသည်။ တရားသူကြီးက တရားရုံးမထီမဲ့မြင်လုပ်မှုဖြင့် ထောင်ခြောက်လချတော့လည်း အိပ်နေသည်။ မတရားသော တရားခွင်ကို နားထောင်စရာ မလိုဟု သူကြုံးဝါး၏။ ဘယ်လိုဖြစ်ဖြစ် ထောင်ဒဏ် ၉ နှစ် ၆ လ ချခံလိုက်ရပြန်တော့သည်။ ကျွန်တော်က ၅၉ နှစ်ချခံရတာဆိုတော့ သူ့ကို စသည်။ ကျွန်တော့်အစွန်းထွက်ပဲ ရှိတာပါဟု သူ့ကို သရော်တော့ ရယ်သည်။ အင်းစိန်ထောင်ကနေ သူ့ကို ထောင်ပြောင်းတော့ ကျွန်တော့် အနွေးထည်နှင့် ငွမ်းစောင်တစ်ထည် သူ့ကို ပေးလိုက်သည်။ ဘယ်ရောက်လို့ ဘယ်ပေါက်မယ်မှန်း မသိ။ သူ့မှာ စောင်မရှိ၊ အကျီအပိုမရှိ။

ကျွန်တော် ၂၀၀၈ ခုနှစ် နိုဝင်ဘာလမှာ မြစ်ကြီးနားထောင်ကို ပြောင်းခဲ့ရသည်။ ဒီမှာတင် ကိုမြင့်စိုးနှင့် ဆုံရပြန်သည်။ မှတ်မှတ်ရရ သူ ချက်ကျွေးသော တောဝက်သားလေး စားခဲ့လိုက်ရသေး၏။ နောက်တော့ သူ့ကို ပူတာအိုထောင် ရွှေ့ပြန်လေသည်။ လူတစ်ယောက်ကို ဘယ်လောက် ထိန်းပိတ်နိုင်လေမလဲလို့များ အဓိဋ္ဌာန်ပြုထားလေသလား မသိ။ စစ်အစိုးရသည် ဖိပြီးရင်းသာ ဖိနေတော့လေသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလမှာ ကျွန်တော်လွတ်လာတော့ ကိုမြင့်စိုး ပူတာအိုမှာပဲ ရှိနေသေးသည်။ ကျွန်တော်က ထောင်ပေါက်စေ့



ထောင်ဝင်စာပို့ပေးသော အလုပ်ကို လုပ်တော့ လူကြုံနှင့် သူ့ဆီ အစားအသောက်တွေ ပို့ရ၏။ စာအုပ်တောင် ပို့ရသည်။ သူ့ဆီက ပြန်ပေးလိုက်သော စာတွေထဲမှာ အလုပ်သမားယူနီယံဖွဲ့စည်းရေးတွေ ထုံမွှမ်းနေလေသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နေ့မှာ သူတို့ကို လွှတ်ပေးတော့မည်ဟု သက်ဆိုင်ရာက ကျွန်တော့်ကို အကြောင်းကြားသည်။ လေယာဉ်ကွင်းမှာ ကြိုပေးဖို့ ကျွန်တော့်ကို အကူအညီတောင်းသည်။ ရန်ကုန်လေဆိပ်မှာ ကိုမြင့်စိုးနှင့် ကျွန်တော် ပြန်ဆုံရသည်။ ကျွန်တော်လက်ဆောင်ပေးခဲ့သော အနွေးထည်လေးနှင့်၊ သူ့အိပ်မက်တွေကို ကျွန်တော့်အား ရှင်းပြနေသေးသည်။ စည်းလုံးသော အလုပ်သမားအဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ရေး။

နောက်တော့ ကျွန်တော့်ရုံးခန်းကို သူရောက်ရောက်လာတတ်သည်။ အင်္ဂလိပ်စာသင်တန်းတက်သည်။ အလုပ်သမားအရေးဆိုင်ရာ workshop တွေ လုပ်သည်။ သူတက်သည်။ ကျွန်တော်တို့ရုံးက လုပ်လေ့ ရှိသည့် Public Communication သင်တန်းတွေလည်း တက်သည်။ ချင်းမိုင်က လာသည့် ကိုအောင်မျိုးမင်းတို့ မဉ္ဇူမှာတို့ဆီက အလုပ်သမားအခွင့်အရေးတွေ သင်ယူ၏။

ခရီးသွားလိုက်တာကလည်း မရပ်မနား။ အလုပ်သမားပြဿနာ ပေါ်တိုင်း သူရောက်သွားလေ့ ရှိသည်။ သူ့ကို အလုပ်သမားတွေကလည်း လေးစားကြသည်။ ကျိုက်ထို ပဒက်တွင်းကျေးရွာက အလုပ်သမားများနှင့် ရွာသူရွာသားတို့ ပြဿနာပေါ်တော့ သူရောက်သွားတော့၏။ စစ်တောင်း စက္ကူစက်ပြဿနာထဲမှာ သူဝင်ပါတော့၏။ စက္ကူစက်အလုပ်သမားများ၏ နစ်နာမှုတွေအတွက် သူက တောင်းဆိုသည်။ သို့သော် ဆင်ထားသောခွင်ထဲ သူကျသွားရရှာပြီ။ စစ်တောင်းစက္ကူစက်က တရားလို လုပ်ပြီး သူ့ကိုရုံးတင် တရားစွဲလိုက်လေသည်။ ကိုမြင့်စိုး ထောင် ၇ နှစ် ၆ လ ကျသွားခဲ့၏။

ခုတော့ လေဘာ ကိုမြင့်စိုး သထုံထောင်က သံတိုင်တွေနောက် ရောက်ရချေပြီ။ ထောင်နှင့် သူ၊ သူနှင့် ထောင်ကား ခွဲမရတော့။ သူ့ကို ထောင်ဝင်စာပို့ပေးမည့် သူ မရှိ။ အလုပ်သမားအရေး အမြဲတမ်းဦးထိပ်ပန်နေသူ ကိုမြင့်စိုးခမျာ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခံသွားရပြန်ပြီ။ အများအတွက် ရွှန်ရွှန်းစားစား တကယ်လုပ်ပေးနေသူတစ်ယောက်အတွက် ဒါသည် ဆုတံဆိပ်လား။ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းမှာ ကိုမြင့်စိုးလို လူများ မေ့ကုန်ကြပြီလား။ ကျွန်တော်တော့ မမေ့...။

• • •

www.burmeseclassic.com

www.burmeseclassic.com





# သန်းထိုက်အောင် (ခေါ်) ကြက်စကြီး

"အစ်ကို... ကျွန်တော် ဘယ်တော့မှ သစ္စာမဖောက်ဘူး... ယုံထားပါဗျာ"

ဒါက သူပြောနေကျ စကား။ အထူးသဖြင့် မှုးလာတိုင်း ပြောလေ့ရှိတဲ့ စကား။ ပြောသလိုလည်း တကယ်သစ္စာကြီးတဲ့သူ၊ ပြောသလောက်လည်း သစ္စာစောင့်သိသူ။ စကားနည်းပေမယ့် ပြောတဲ့အတိုင်း မဖြစ်မနေလုပ်တတ်တဲ့ သူ့ရဲ့ ညဉ်ကို ကျွန်တော်အမြဲတမ်းအမှတ်တရ ဖြစ်နေခဲ့ပါတယ်။ အရင်က ကျွန်တော်နေခဲ့တဲ့ မြေနီကုန်းအိမ်ရဲ့ အိမ်ရှေ့ခန်းမှာ နှစ်ယောက်သား ဘီယာသောက်ရင်း ပက်လက်လှန်အိပ်ပြီး စကားပြောခဲ့တဲ့ ညတွေကို ပြန်မြင်ယောင်မိပါတယ်။

အိမ်ပြန်အိပ်ဖို့ အိမ်မရှိ၊ ညစာစားဖို့ ပိုက်ဆံမရှိ၊ ဒါပေမဲ့ ဘယ်သူ့ဆီကမှ လက်ဖြန့်ခံမတောင်းဘဲ အငတ်ခံ နိုင်ငံရေးလုပ်ခဲ့တဲ့ သူ့ကို ကျွန်တော် အေးရိုရို ကြည့်နေမိတယ်။ ညိုညစ်ညစ်အသားအရေပေါ်က ကြည့်စင်နေတဲ့ သူ့မျက်လုံးဟာ ရဲရင့်မှုတွေအပြည့်နဲ့ရယ်။ တစ်လုံးချင်းပြောနေတဲ့ သူ့စကားသံတွေမှာ ရိုးသားမှုတွေ အပြည့်နဲ့ပါ။

နည်းနည်းရှိဝေဝေ ဖြစ်လေတော့ "အစ်ကို.. ကျွန်တော်ပြန်မယ်" တဲ့။ တကယ်တော့ သူ့မှာ ပြန်စရာ အိမ်ရော ပိုက်ဆံရော ဘာမှမရှိ။ ထိုးတော်ပေးတဲ့ ကားခကို "များပါတယ် အစ်ကိုရာ... ၂၀၀ ပဲယူသွားမယ်" ဆိုပြီး လွယ်အိတ်စုတ်ကလေးတစ်လုံးကို လွယ်လို့ ရန်ကုန်ညရဲ့အမှောင်ထုထဲ သူ တိုးဝင်သွားခဲ့တယ်။ သူဦးတည်ရာ နေရာကတော့ ဘုန်းကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါ။

သူ့ကို ချစ်စနိုးနဲ့ 'ကြက်ဖကြီး' လို့ ခေါ်ကြတယ်။ နာမည်အရင်းက သန်းထိုက်အောင်ပါ။ ၁၉၈၈ ခုနှစ် NLD စဖွဲ့ကတည်းက မြို့နယ်ကနေ ပါလာခဲ့တဲ့သူပေါ့။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှာ NLD အဖွဲ့ဝင်စဖြစ်ခဲ့ပြီး တစ်လအကြာမှာပဲ တောင်ဥက္ကလာပမြို့နယ် လူငယ်တာဝန်ခံအဖြစ် ခန့်အပ်ခံခဲ့ရပါတယ်။ တဆက်တည်းပဲ သုံးရောင်ခြယ် လူငယ်အဖွဲ့ဝင်ဖြစ်ခဲ့လေတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံတွင်းလုံခြုံရေးတာဝန်ကို တွဲပြီး ယူခဲ့ရသူပါ။ မြန်မာယောကျ်ားတစ်ယောက်အနေနဲ့ မြင့်တယ်လို့ ဆိုနိုင်တဲ့ သူ့အရပ်အမောင်းနဲ့ တောင့်တင်းတဲ့ ကိုယ်ခန္ဓာအချိုးအစားဟာ သူများတွေအတွက် အဟန့်တစ်ခုတော့ ဖြစ်စေခဲ့တာ အမှန်ပါ။

စကားနည်းပြီး မျက်နှာမချိုတော့ သူ့ကို လူကြီး မကြိုက်ဘူးပေါ့။ ရှင်ရှင်ပျပျမနေတတ်တော့ လူလတ်ကလည်း မကြိုက်ဘူးပေါ့။ လူပေါ်လူဇော်မလုပ်တတ်တော့ လူငယ်တွေကလည်း မကြိုက်ဘူးပေါ့။ ဒါကို သူကလည်း သိတယ်။ ကျွန်တော် စိတ်ထဲက မပါဘဲ ဟန်မလုပ်ချင်ဘူးလို့ အမြဲပြောလေ့ ရှိသလို ဘာအလုပ်မှမရှိလည်း ချောင်တစ်ချောင်ခိုပြီး စာဖတ်နေတော့တာပါပဲ။

၁၉၈၉ ခုနှစ်မှာ သူ ပထမဆုံး အဖမ်းခံခဲ့ရပါတယ်။ အန်တီ့ကို အကျယ်ချုပ် အချခံရသလို သူတို့သုံးရောင်ခြယ်တွေလည်း အဖမ်းခံခဲ့ရတော့တာပေါ့။ အင်းစိန်ထောင်မရောက်ခင် ထောက်လှမ်းရေးတပ်မှာ အင်မတန်ရှည်လျားတဲ့ ကြောက်စရာညပေါင်းများစွာ သူဖြတ်သန်းခဲ့ရတယ်။ မျက်နှာကို အဝတ်နက်စွပ်ပြီး ထိုးတာ ကြိတ်တာ ခံခဲ့ရတာလောက်တော့ စာမဖွဲ့လောက်ပါဘူး။ ရုပ်ရှင်တွေထဲမှာလို ဂုန်နီအိတ်စွပ်ပြီး မျက်နှာပေါ် ရေလောင်းချခံခဲ့ရတာလည်း အခါခါ။ ဝါယာကြိုးနှစ်ချောင်းကို လက်ကောက်ဝတ်မှာ ချိတ်ပြီး ရှော့ခ်ရိုက်ခံခဲ့ရတာလည်း မရေမတွက်နိုင်။ အဆိုးဆုံးကတော့ (သူ့ဘဝမှာ ဘယ်တော့မှ မမေ့နိုင်တဲ့ အဖြစ်ပေါ့) သူ့ကို ကိုယ်တုံးလုံး ချွတ်ပြီး ထုတ်တန်းမှာ ဇောက်ထိုးဆွဲထားတာပါပဲ။ ဒီကြားထဲမှာ (မရှိသေ့ စကား) ဆီးခုံမွေးတွေကို ညှပ်နဲ့ ဆွဲဆွဲနုတ်ခဲ့ပါသေးတယ်။

သူကိုယ်သူသတ်သေဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ရှာပါဘူး။ ငါသေလို့ မဖြစ်သေးဘူး၊ ငါသေလို့ မဖြစ်သေးဘူး။ ငါ့ကိုနှိပ်စက်တဲ့ ကောင်တွေကို ငါပြန်လုပ်ရဦးမယ်လို့ စိတ်တင်းပြီး မသေဖြစ်ခဲ့ရှာပါ။



လူလူချင်း စာနာမှုရှိမယ် ထင်လို့ (နှိပ်စက်တာတွေ ရပ်သွားအောင်ဆိုပြီး) အစာငတ်ခံ ဆန္ဒပြတဲ့အခါမှာ သေချင် သေဆိုပြီး ရေပါပေးမသောက်တော့မှန်ပါဘူး။ သေလို့တော့ မဖြစ်သေးဘူးဆိုပြီး ရေပြန်တောင်းတော့ မြောင်းရေပဲ ရခဲ့ပါတယ်။

ဒီလိုနှိပ်စက်မှုတွေဟာ အင်းစိန်ထောင်ရောက်သွားတော့မှပဲ ရပ်တန့်သွားပါတော့တယ်။ ဒါပေမဲ့ ထောင်ထဲမှာ ထောင်ဝါဒါတွေ၊ ပြီးတော့ သူတို့လက်သပ်မွေးထားတဲ့ အလိုတော်ရိအကျဉ်းသားတွေ၊ တန်းစည်းတွေ၊ ဘာယာတွေ၊ ဘုတ်ကိုင်တွေ ပေးတဲ့ သင်ခန်းစာတွေကို တစ်ပုံကြီးရခဲ့ပါတယ်။ ထောင်ကျမဟုတ် အချုပ်သားဘဝနဲ့ဆိုတော့ အပြင်ထွက်ခွင့်မရခဲ့ပါဘူး။ ဒါကို ကိုက်လန့်ရှက်စားဖို့ ညာခေါ်ပါတယ်။ ကြက်ဖကြီးမှာ ထောင်ဝင်စာပို့ပေးမယ့် သူလည်း မရှိ၊ စားစရာကလည်း ဘာမှ မရှိလေတော့ ကိုက်လန့်ရှက်လိုချင်လို့ လိုက်သွားတာပေါ့။ စိုက်ခင်းအစပ်နားအရောက်မှာ မြုန်းဆို တွင်းတစ်တွင်းထဲ တွန်းချလိုက်ပါရော။ အဲဒီတွင်းဟာ မိလ္လာတွင်းပါ။ တစ်ထောင်လုံးက စွန့်ပစ်ထားတဲ့ မိလ္လာတွေအားလုံး ဒီတွင်းထဲမှာ ရှိပါတယ်။ ဒါကိုခပ်ပြီး သစ်သီး သစ်ရွက်စိုက်ခင်းကို လောင်းရတာပေါ့။ အဲဒီတွင်းကြီးထဲကို ကြက်ဖကြီးခမျာ ကားယားကြီး ကျသွားရှာပါရော။ လူတစ်ရပ်ကျော်တဲ့ မစင်တွင်းထဲမှာ သူ့တစ်ကိုယ်လုံး မြုပ်လို့ရယ်။ မနည်းရုန်းနေရတဲ့ အချိန်မှာ ဝိစိသံတွေ ပွက်ပွက်ညံပြီး ထောင်ဝါဒါတွေ သူ့ဆီ ရောက်လာပါတော့တယ်။

မစင်တွင်းထဲကနေ သူ့ကို ဆွဲထုတ်၊ ပြီးတော့ ရိုက်။ ပြီးတော့ သံခြေကျင်းခတ်။ ပြီးတော့ စစ်ခွေးတိုက်ကို ပို့လိုက်ပါတော့တယ်။ ကြက်ဖကြီးကို တစ်ခွန်းမှ မမေးဘဲ (၁) အခွင့်မရဘဲ အဆောင်အပြင်ကိုထွက်လို့၊ (၂) တိုယ့်ကိုယ်ကို သေကြောင်းကြံလို့ဆိုတဲ့ စွဲချက်တွေနဲ့ စစ်ခွေးတိုက်ကို ပို့ခဲ့တာပါ။ စစ်ခွေးတိုက်ဆိုတာက မည်းလို့မှောင်လို့၊ အေးစက်နေတဲ့တိုက်။ အလင်းရောင်မရှိတဲ့ အမှောင်တိုက်။ လေမဝင် နေမမြင်ရတဲ့ တိုက်။ အခန်းထဲ ထမင်းစား။ အခန်းထဲ မိလ္လာသွားရတဲ့တိုက်။ တစ်လလုံးလုံး ရေချိုးခွင့်မရတဲ့ တိုက်။

ကြက်ဖကြီး တော်တော်စိတ်ကုန်သွားတယ်။ ထောက်လှမ်းရေးနှိပ်စက်ခံရတာတွေ ပြီးပြီလား မှတ်တယ်၊ ခုတော့ ပိုဆိုးနေပါရောလား လို့ ခံချင်စိတ်နဲ့ ငိုကြွေးမိခဲ့ပါတယ်။ သူ့ကို ကိုက်လန့်ရှက်စားမလားလို့ ခေါ်တဲ့ ကောင်ကိုလည်း အမုန်းကြိတ်ပစ်ချင်တယ်။ (ဒါပေမဲ့ ကြက်ဖကြီး

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကြိုတ်ခွင့် မရလိုက်ပါဘူး။ သူ့ကို လိမ်ခေါ်သွားတဲ့ ကောင်ဟာ ရန်ကုန် အနောက်ပိုင်းမှာ ဓားထိုးခံပြီး သေသွားခဲ့ပါရော့။ လက်သည်တောင်မပေါ်ဘူး။)

စစ်ခွေးတိုက်က လွှတ်တော့ သူ့ကို အဆောင်မှာ မထားတော့ဘဲ တိုက်ထဲ ပို့ခဲ့တယ်။ အဆောင်ထက်စာရင် တိုက်က နည်းနည်းသက်သာတာ ပေါ့လို့ သူထင်ခဲ့မိတာ လုံး၀ လွဲသွားခဲ့ပြန်ပါတယ်။ NLD ရွေးကောက်ပွဲ အောင်နိုင်အပြီး တစ်ထောင်လုံးပျော်နေခဲ့သလို ကြက်ဖကြီးလည်း ကလို ခုန်လို့...။ အိမ်ပြန်ရတော့မယ်ဟေ့... အိမ်ပြန်ရတော့မယ်ပေါ့။ ဒါပေမဲ့ ဂန္ထီ ညီလာခံအပြီးမှာ တစ်ထောင်လုံးကို 'စာဥ' သီချင်းဖွင့်ပြီး အကြီးအကျယ်ရိုက်တဲ့အထဲမှာ ကြက်ဖကြီး ပါသွားပြန်ပါတော့တယ်။ တိုက်ခန်းတွေထဲကို မီးသတ်ပိုက်နဲ့ ထိုးပြီး ရေမွန်းနေတဲ့ ကြက်ဖကြီးကို ထောင်လယ်လမ်းအတိုင်း တောက်လျှောက်ဆွဲခေါ်သွားခဲ့ပါတယ်။

သူတစ်ယောက်တည်း မဟုတ်ပါဘူး။ တိုက်ဝန်းထဲက နိုင်ငံရေးအကျဉ်းသားတွေအားလုံးပါပဲ။ အင်းစိန်ထောင်ကြီးရဲ့ အလယ်ခေါင် မျှော်စင်ရှေ့က မြေနီလမ်းပေါ်မှာ နိုင်ငံရေးအကျဉ်းသားတွေအကုန် အနှိပ်ခံရပါတော့တယ်။ တကယ်အနှိပ်ခံရတာပါ။ မြေကြီးဖိတဲ့ ဒလိမ့်တုံးကြီးတွေနဲ့ အပေါ်ကနေ နှိပ်တာပေါ့။ ကြက်ဖကြီးတို့က မြေနီလမ်းပေါ်မှာ မှောက်ခုံအိပ်ပြီး အလျားလိုက် ဝမ်းလျားထိုးလို့ရယ်...။ ထောင်အာဏာပိုင်တွေရဲ့ ပါးကွက်သား အလိုတော်ရိတွေကတော့ အလျားလိုက် ဒလိမ့်တုံးကြီးတွေကို နှစ်ယောက်တစ်တုံး မပြီး ကြက်ဖကြီးတို့ ကျောပေါ် လိမ့်ကြပါတော့တယ်။ ကျောကော့အောင် ခံကြပေတော့ပေါ့။ အမလေး အဘလေး... အော်နေရှာတာပါ။

အဲဒီလို အထုအထောင်း အဖိအနှိပ်ခံရပြီး ၁၉၉၂ မှာ ကြက်ဖကြီး ထောင်က ပြန်လွှတ်လာပါတယ်။ လွှတ်လွှတ်ချင်းပဲ ပါတီကို ပြန်သွားတော့ တာဝန်တွေ အပေးခံရပါတယ်။ မိဘတွေက ခြေငြိမ်အောင် အိမ်ထောင်ချပေးခဲ့ပေမယ့် သူကတော့ NLD ပါတီမှာပဲ မွေ့လျော်နေပါတော့တယ်။ သူ့အဖေ သူ့အမေတွေကပဲ အိမ်ထောင့်တာဝန်တွေကို ထမ်းနေရတာပေါ့။ ကြက်ဖကြီးကတော့ တစ်နေကုန်တစ်နေခန်း NLD ရုံးခန်းမှာ စာတွေ ဝေလိုက်၊ စာတွေ ပို့လိုက်၊ အစည်းအဝေးလုပ်လိုက်၊ ဆွေးနွေးလိုက်နဲ့ရယ်...။





ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်လာတော့ သူ အန်တီ့ခြံထဲ ပြန်ရောက်သွားခဲ့ပြန်တယ်။ အန်တီ့လုံခြုံရေးအတွက် တာဝန်ယူဖို့ပါ။ မှတ်မှတ်ရရ ၁၉၉၆ ခုနှစ်မှာ အန်တီတို့ အဖွဲ့လိုက် ပြဿနာတစ်ခု ကြီးကြီးကျယ်ကျယ်ဖြစ်ခဲ့ပါတယ်။ တကယ်တော့ ဒီဖြစ်ရပ်ဟာ နောင်ဖြစ်လာမယ့် ဘုတာကြီးအရေးအခင်း၊ ဒီပဲယင်းအကြမ်းဖက်မှုတို့ရဲ့ ရှေ့ပြေးလို့ ပြောနိုင်ပါတယ်။

နေအိမ်အကျယ်ချုပ်ကနေ အန်တီလွှတ်လာပြီး ခြံရှေ့မှာ တရားဟောပွဲတွေ ဆက်တိုက်လုပ်ခဲ့ပါတယ်။ နောက်တော့ ဟောပြောပွဲလုပ်ခွင့် ပိတ်လိုက်ပါလေရော့။ ဒီတော့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးကြည်မောင်တို့တွေက စနေ၊ တနင်္ဂနွေဆို မြို့နယ် NLD ရုံးတွေကို သွားပြီး လူထုနဲ့ တွေ့ဆုံ တရားဟောပြောခဲ့ပါတယ်။

၁၉၉၆ ခုနှစ် နို၀င်ဘာလထဲမှာ ကမ္ဘောဇရိပ်သာထဲကနေ ကမ္ဘာအေးဘုရားလမ်းပေါ်အထွက် လူ ၂၀၀ ကျော် ၃၀၀ လောက်က အန်တီ၊ ဦးတင်ဦး၊ ဦးကြည်မောင်တို့ကားတွေကို တုတ်တွေ၊ ဓားတွေ၊ ငါးမန်းတောင်တွေ၊ စက်ဘီးချိန်းကြိုးတွေ၊ ခဲတွေနဲ့ ဝိုင်းပြီး တိုက်ခိုက်ကြတာ ကားမှန်တွေတောင် တစ်စစီ ကွဲလို့ ကြေလို့...။ တိုက်ခိုက်တဲ့ လူတွေလက်ထဲမှာ လက်နက်မျိုးစုံပါနေပေမယ့် လုံခြုံရေးတာဝန်ယူထားတဲ့ ကြက်ဖကြီးတို့လက်ထဲမှာတော့ ဘာလက်နက်မှ မပါရှာပါဘူး။ ဒီတော့ နာပြီပေါ့။ ကွဲလို့ ပြဲလို့။ အပြန်ကျတော့လည်း အင်းလျားမြိုင်ထိပ်ကနေ လမ်းပိတ်ပြီး ဝိုင်းရိုက်ပြန်ပါသေးရဲ့။ ဒီလောက် ပက်ပက်စက်စက်လုပ်ကြတာကို ဘာအရေးမှမယူခဲ့တာလည်း အံ့အားသင့်စရာပါပဲ။

ကြက်ဖကြီးခမျာတော့ အန်တီ့ကားကို ကာကွယ်ရင်း အရိုက်အနက်လည်း ခံရတဲ့အပြင် အဖမ်းပါခံရပါသေးတယ်။ ရိုက်တဲ့ လူကို မဖမ်းဘဲ အရိုက်ခံရတဲ့ လူကို ဖမ်းတဲ့ မြန်မာပြည်ရဲ့ တရားဥပဒေကတော့ စံတင်လောက်ပါတယ်။

ဒီလိုနဲ့... ၁၉၉၉ ခုနှစ်ကျမှ ကြက်ဖကြီး ပြန်လွှတ်လာခဲ့ပါတယ်။ ထောင်ချမခံရပေမယ့် တိုက်ပိတ်ခံခဲ့ရသလို ဆေးကောင်းကောင်းမကုသလို့ မကျက်တဲ့ အနာဟာပြဲကြီးပါ အဆစ်ရလာခဲ့ပါသေးတယ်။ ထောင်ထွက်လာတော့လည်း NLD ကို ပြန်သွားတာပါပဲ။

ဒေါ်အောင်ဆန်းစုကြည် မန္တလေးသွားဖို့ ဘုတာဆင်း[illegible] ကြက်



www.burmeseclassic.com

www.burmeseclassic.com



ဖကြီးတို့က အနားကပ်လုံခြုံရေးပေါ့။ ရန်ကုန်ဘူတာကြီးမှာ တပ်က ပိတ်ထားတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ စကြံ့နီပါတ်တစ်ခုမှာ ကြက်ဖကြီးတို့ ပိတ်မိနေပါရော။ အဲဒီမှာ စစ်တပ်ရဲ့ လက်ပါးစေတွေနဲ့ အပြန်အလှန်ရိုက်ကြနက်ကြဖြစ်ပြီး အဖမ်းခံရပြန်ပါရော။ ဒီတစ်ခါတော့ အင်းစိန်ထောင်မှာ ချုပ်ခံထားရပါတယ်။ အဲဒီက ပြန်လွတ်လာတော့ သူ့မှာ ကျန်းမာရေး သိပ်မကောင်းတော့ပါဘူး။ အစာအိမ်ရော ကျောက်ကပ်ပါ ရောဂါဖြစ်နေပါတယ်။ ဒါပေမဲ့ NLD ပါတီရဲ့ တာဝန်တွေ ယူဆဲပါပဲ။ ဖြူဖြူသင်း ဦးဆောင်တဲ့ HIV ဝေဒနာရှင်တွေကို ကူညီစောင့်ရှောက်တဲ့ အစီအစဉ်မှာ တက်တက်ကြွကြွ ပါခဲ့ပါတယ်။ ဆေးဝါးရရှိဖို့၊ ငွေကြေးအလှူခံဖို့၊ ဝေဒနာရှင်တွေကို အိမ်တိုင်ရာရောက် ဆေးလိုက်တိုက်ဖို့အထိ သူလုပ်ခဲ့တာချည်းပါပဲ။

ဒီလိုနဲ့ပဲ မဂ္ဂင်ကျောင်းတိုက်မှာ ကြက်ဖကြီး စတည်းချနေပါတော့တယ်။ ဆေးကုသဖို့ ရန်ကုန်ကို ရောက်နေတဲ့သူတွေနဲ့ သူနဲ့ လက်ပွန်းတတီးပေါ့။ အတူအိပ် အတူစား။ သူ့သားသမီးတွေနဲ့သာ အတူထမင်းမစားခဲ့ပေမဲ့ သူ့လူနာတွေနဲ့တော့ နေ့တိုင်း ဝိုင်းဖွဲ့စားနေတော့တာပါပဲ။ မိသားစုအတွက် အချိန်လေး ဘာလေးပေးဦးလေလို့ ကျွန်တော်တို့က ပြောတော့ ကျွန်တော့်ကလေးတွေက အဘိုးအဘွားတွေ စောင့်ရှောက်နိုင်ပါတယ်။ သည်လူနာတွေကို စောင့်ရှောက်မယ့်လူ မရှိဘူးဗျ အစ်ကိုရ. . . တဲ့။

မဂ္ဂင်ဆရာတော်ကလည်း နိုင်ငံရေးအလွန်ဝါသနာပါလေတော့ ကြက်ဖကြီးနဲ့ အရမ်းအလွမ်းသင့်နေတာပေါ့။ မဂ္ဂင်ကျောင်းတိုက်ကနေ လူနာတွေကို ရွှေ့ပါလို့ အာဏာပိုင်တွေက နိုင်းတော့ ကြက်ဖကြီးတို့တော်တော်ပျာများခဲ့ပါရော။ ဘယ်သွားထားရမှာ. . .။ လူနာတွေကလည်း တငိုငို တရယ်ရယ်။ အသေခံမယ် မရွှေ့ဘူးဆိုတော့လည်း ဘယ်ဖြစ်ပါ့မလဲ။ နောက်ဆုံးတော့ ဖြူဖြူသင်းတို့အိမ်ကိုပဲ လူနာတွေကို ပို့ရတော့တယ်။ နေရာက နည်းနည်းကျဉ်းတော့ လူနာတွေအတွက် နေရထိုင်ရခက်တာပေါ့။

ကြက်ဖကြီးကတော့ လူနာတွေအလယ်မှာ တက်ကြွလို့ရယ်။ သူ့မျက်နှာတည်တည်ကြီးနဲ့ လူနာတွေကို အားပေးနေသေး။ မကြာခင်မှာ တိုက်ဆောက်ပေးမယ်၊ နှစ်ထပ်တိုက်။ တစ်ယောက်ခုတင်တစ်လုံး၊ တီဗွီတစ်လုံးနဲ့ ထားပေးမယ်ဆိုပြီး ခပ်တည်တည်ကြီးတွေ ပြောနေတာ။ ဘယ်တုန်းကမှ မဟုတ်တာ မပြောခဲ့သူဆိုတော့ လူနာတွေက သူပြောတာ တကယ်ယုံတာပေါ့။



၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးလည်းရောက်ရော ကြက်ဖကြီးလည်း လမ်းမပေါ် ရောက်လာခဲ့ပြန်တာပေါ့။ ဘုန်းကြီးတွေနဲ့ နဂိုကတည်းက အဆက်အသွယ်ရှိတဲ့လူဆိုတော့ ဟုတ်နေတော့တာပါပဲ။ တစ်နေ့ကုန် ဆန္ဒပြတဲ့ နောက်လိုက်၊ ညကျတော့ မဂ္ဂင်ကျောင်းပြန်အိပ်။ ဒီလိုနဲ့ တပ်က ဘုန်းကြီးကျောင်းဝင်စီးတော့ ကြက်ဖကြီးလည်း အဖမ်းခံရတော့တာပါပဲ။

ပထမတော့ ရဲတပ်ရင်းမှာ ထားတာ။ နောက်တော့မှ အင်းစိန်ထောင်ရွှေ့လိုက်တာပါ။ ထောင်မှာ ကျွန်တော်နဲ့ ဆုံခဲ့ပါသေးတယ်။ ငါးဆောင်တိုက်မှာ တစ်လလောက် အတူတူနေခဲ့ရသေးသပေါ့။ စစ်ကြောရေးထွက်တော့လည်း အတူတူပါပဲ။ သူ့ကို မေးတဲ့ မြန်းတဲ့ လူတွေက သူ့ရဲ့စကားနည်းမှုကို စိတ်မရှည်ဘူး။ အမျိုးမျိုး အစ်အောက်မေးလည်း သူ့ဆီက ဘာအချက်အလက်မှ မရကြပါဘူး။ သူက နှုတ်လုံတာ၊ မာတာ။ ဒါ သူ့စရိုက်ပါပဲ။

ကံကောင်းချင်တော့ တစ်လခွဲလောက်အကြာမှာ သူရော ကျွန်တော်ရော အတူတူလွတ်ခဲ့ပါတယ်။ ထောင်ဝင်စာကိစ္စတွေကို ကိုအောင်ထွန်းတို့ညီမှာတို့နဲ့ ကျွန်တော်အတူတူလုပ်နေသလို လူနာတွေအတွက် ရန်ပုံငွေရှာဖွေပေးဖို့လည်း သူနဲ့ ကျွန်တော်အလှူခံထွက်ရပါတယ်။ အဲဒီအချိန်မှာ ခေါင်းဆောင်ကြီး ဖြူဖြူသင်းကလည်း ပုန်းနေချိန်ဆိုတော့ လူနာတွေအတွက် ငွေကြေးဆေးဝါး တော်တော်အခက်အခဲတွေ့နေတာပေါ့။ တစ်ဖက်မှာ သူ့မိသားစုမှာလည်း စားဝတ်နေရေး တော်တော်ကျပ်နေပါတယ်။ သူ့အမျိုးသမီးက စက်ချုပ်ပြီး ဝမ်းရေးဖြေရှင်းနေရသလို သားအကြီးလေးကိုလည်း အဘိုးတွေဆီ ပို့ထားရပြန်တယ်။ ဒါပေမဲ့ သူ့မိသားစုကို သူမကြည့်နိုင်ပါဘူး။ လူနာတွေအတွက် နေကုန်နေခန်း ပိုက်ဆံရှာ ဆေးရှာ ထွက်နေရရှာပါတယ်။

နာဂစ်မုန်တိုင်းတိုက်တော့ သူတို့အိမ်တွေလည်း ပိုးလိုးပက်လက်လန်လို့ တစ်မိသားစုလုံး ဓမ္မာရုံရောက်ကုန်ပါလေရော။ သူကတော့ ကျွန်တော်နဲ့ မြစ်ဝကျွန်းပေါ် ခရီးစဉ်တောက်လျှောက် ပါလာခဲ့ပါတယ်။ ကျွန်တော့်စိတ်ထဲ နာနာကျင်ကျင်နဲ့ မှတ်မိနေတဲ့ အဖြစ်ကလေးတစ်ခုရှိပါသေးတယ်။

ဒေးဒရဲက ကျုံချင်းကျေးရွာကို ပစ္စည်းတွေ သွားပို့ပြီး ပြန်လာတော့ တစ်ဖွဲ့လုံး ဆာနေကြတော့ လှိုင်သာယာထိပ်မှာ ကျွန်တော်က ထမင်းကျွေးပါတယ်။ တချို့ကလည်း မိုးချုပ်နေတော့ ဆိုင်မှာ ထိုင်မစားတော့ဘဲ အိမ်ကိုပါဆယ်ထုပ်သွားမယ်လို့ ပြောလာခဲ့ကြပါတယ်။ ဒီတော့ အားလုံးသဘော

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင် လုပ်ပေါ့။ သူက တိုးတိုးလေး ကျွန်တော့်ကို ကပ်ပြောပါတယ်။

“အစ်ကို... ကျွန်တော် နှစ်ထုပ်ယူချင်တယ်” တဲ့...။

ကျွန်တော်က ယူပေါ့လို့ ဘာဖြစ်တာမှတ်လို့ဆိုတော့ သူက ကျွန်တော့်ကလေးတွေ ခရိုန်ထမင်းမစားရလောက်သေးဘူးတဲ့။ ကျွန်တော် တော်တော်တုန်သွားတယ်။ မှန်တိုင်းအဏ်သင့်တဲ့ ပြည်သူတွေကို ကူဖို့ သွားသူတစ်ယောက်ရဲ့ အိမ်မှာ စားစရာ မရှိတဲ့ အဖြစ်။ ဒါဟာ ဘဝအမှန်ပဲ။ အဲဒီအချိန်မှာ မုန်တိုင်းသင့်ပြည်သူတွေကိုကယ်ဖို့ တစ်လ သိန်း ၇၀ နဲ့ ကားငှားနေကြတဲ့၊ ဘိုကလေးမှာ တစ်လ သိန်း ၅၀ နဲ့ အိမ်ငှားနေကြတဲ့ မဟာကရုဏာတော်ရှင် NGO ကြီးတွေနဲ့ ကြက်ဖကြီးရဲ့ အဖြစ်ကို ယှဉ်လို့သာ စဉ်းစားကြည့်ကြပါတော့။

သူ့ကြောင့်ပဲ ကျွန်တော်တို့ တောင်ဒဂုံ၊ ဒဂုံဆိပ်ကမ်းနယ်မြေတွေဘက် လှည့်လှူရပါသေးတယ်။ ကျွန်တော့်မေမေကလည်း ကြက်ဖကြီးကို လက်စွဲပြုလို့ ဟိုနား သည်နား လိုက်လှူခဲ့တော့ သူ့ခမျာ မနားရဘူးပေါ့။ ကျွန်တော့်အမေကိုလည်း ‘ကြီးကြီး... ကြီးကြီး’ နဲ့ သူပဲ အနွံတာခံခဲ့တာပါ။ ကျွန်တော်မရှိတဲ့ အချိန် မေမေ ဆေးရုံပေါ် ရောက်နေတော့ သူပဲ ညအိပ်ပြီး စောင့်ခဲ့တာပေါ့။

ကျွန်တော် ထောင်ထဲ ရောက်နေချိန်မှာ သူက ကျွန်တော့်မေမေ လုပ်ချင်တဲ့ ထောင်ဝင်စာပို့တဲ့ကိစ္စတွေ လုပ်ပေးခဲ့သူပါ။ မေမေက ကျွန်တော့်ကိုမှ မဟုတ်ဘူး၊ တခြားနိုင်ငံရေးအကျဉ်းသားအားလုံးဆီကို ထောင်ဝင်စာပို့ပေးခဲ့ပါတယ်။ မညွှာနဲ့ ကိုသန်းထိုက်အောင်တို့ကတော့ ကျွန်တော့်အမေရဲ့ လက်စွဲတွေပေါ့။ မေမေဆုံးတော့ သူတို့လည်း လုပ်ကွက်ပျောက်သွားပါလေရော။

ကျွန်တော် ထောင်က ပြန်လွတ်လာတော့ သူက ဒေါ်အောင်ဆန်းစုကြည်နား ရောက်နေပါပြီ။ အနီးကပ်လုံခြုံရေးပေါ့။ ကျွန်တော်တို့ချင်းတွေ့ချင် စကားပြောချင်ရင် ညဘက်ကျမှ ကျွန်တော့်အိမ်မှာ တွေ့ဖြစ်ပါတယ်။ သူက ညနေဆို နည်းနည်းသောက်ချင်တယ်။ သောက်တတ်တယ်။ အန်တီ့နားနေတဲ့ လူက အရက်နံ့ထွက်နေလို့ ဘယ်ကောင်းပါ့မလဲ။ ဒါကြောင့်လည်း သူက မိုးစုန်းစုန်းချုပ်မှ သောက်ရှာတာပါ။ အပြင်မှာ ဆိုင်တစ်ဆိုင်ဆိုင်မှာ ထိုင်သောက်လို့ကလည်း မသင့်တော်သလို သူ့မှာ ပိုက်ဆံလည်း မရှိပါဘူး။ ကျွန်တော့်ဆီ လာသောက်လေ့ ရှိသလို တစ်ခါတလေတော့လည်း မြောက်

အိုးအထိပြန်ပြီး HIV ဂေဟာနားမှာ သွားသောက်လေ့ရှိတတ်ပါတယ်။ ဒါပေမဲ့ အလွန်အကျွံ ဘယ်တော့မှမသောက်ပါဘူး။ သောက်လေ့လည်း မရှိပါဘူး။ အလွန်ဆုံးသောက်မှ ငါးပက်ပါ။

တစ်ရက်တော့ ကိုခွန်သာမြင့်တို့အိမ်မှာ ကျွန်တော်နဲ့ ဆုံပါတယ်။ ကိုခွန်သာ့သား မောင်မောင့်မွေးနေ့မှာပါ။ သူ အရက်မသောက်နိုင်တော့ပါဘူး။ ကျန်းမာရေးမကောင်းတော့ဘူး။ အထူးသဖြင့် စိတ်ကျန်းမာရေးမကောင်းရှာတာပါ။ အန်တီ့ခြံထဲမှာ အလုပ်မလုပ်ရတော့ပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် သူ့အလုပ်ကနေ အနားပေးခဲ့လိုက်ရတာပါ။ ကျွန်တော်တို့ သောက်နေတဲ့ အရက်ဝိုင်းနားမှာ သူလာထိုင်တော့ ငေးရီရီ။ စကားတစ်ခွန်းမှ မပြောဘဲ ကျွန်တော်တို့ပြောနေတာတွေကိုပဲ သူနားထောင်လို့ရယ်...။

သူ့အသံ တိုးတိုးဖွဖွလေး ထွက်လာတော့ ကျွန်တော့်ရင်ထဲ ဆို့လို့ကျန်သွားခဲ့တယ်။ “ကျွန်တော် ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ပါဘူးဗျာ” တဲ့...။ သူဘာကိုဆိုလိုတယ်ဆိုတာ အားလုံးသိတော့ စကားဝိုင်းဟာ ပင့်သက်တွေ ချကုန်တယ်။ သူပြန်တော့မယ်လို့ နှုတ်ဆက်တော့ ကားငှားစီးသွားပါလားလို့ ကျွန်တော်က ငါးထောင်တန်တစ်ရွက် ထုတ်ပေးတော့ တစ်ထောင်ပဲ ပေးပါဗျာ... တဲ့။ မောင်မောင်က သူ့ကလေးစားဖို့ ခေါက်ဆွဲကြော်လေးအထုပ်လေးတွေ ထုပ်ပေးလိုက်တယ်။

အထုပ်ကလေး တဆွဲဆွဲနဲ့ လမ်းလျှောက်ပုံက လေးကန်ကန်။ ပြည်ထောင်မရဲ့ အမှောင်ထုထဲ သူဟာ တဖြည်းဖြည်း တိုးဝင်ပျောက်ကွယ်သွားခဲ့တယ်။ အဲဒီညဟာ သူနဲ့ ကျွန်တော် နောက်ဆုံးဆုံတွေ့ခဲ့တဲ့ညပါပဲ။ နောက်သုံးရက်အကြာမှာတော့ ကြက်ဖကြီး အစာအိမ်သွေးကြောပေါက်လို့တဲ့ ကွယ်လွန်ရှာပါတယ်။

သေသည်အထိ သစ္စာရှိခဲ့တဲ့၊ သစ္စာကြီးခဲ့တဲ့ ကိုသန်းထိုက်အောင် ရောက်ရာ ဘဝမှာ ဆက်လက်သစ္စာစောင့်ထိန်းသွားနိုင်ပါစေလို့သာ ကျွန်တော်ဆုတောင်းနေမိပါတော့တယ်။

• • •



www.burmeseclassic.com

www.burmeseclassic.com







# ဂဇာ (သို့မဟုတ်) ကျော်ဆန်း (သို့မဟုတ်) စားဖိုမှူးကြီး

"စားမယ်... ဝါးမယ်... လာထား"

ဒါ ကိုကျော်ဆန်းရဲ့ လက်သုံးစကားပါ။ ဒီအသံဟာ ထောင်ထဲမှာတော့ အချိုသာဆုံး ကရဝိက်ကြိုးကြာသံပါပဲ။ မင်္ဂလာဗျော့ညွှန့်ထက် မင်္ဂလာနှိုး ရေခင်းသံထက် ကျက်သရေရှိတဲ့ ကိုကျော်ဆန်းရဲ့ နှုတ်ထွက်သံပေါ့။ ထောင်ထဲမှာ သူရှိနေတာဟာ စားသောက်ဆိုင်တစ်ဆိုင် ရွှေ့လာသလိုပါပဲ။ ခေါက်ဆွဲကြော်ပြီးစတူးလား... လာထား။ ဝက်နံရိုးပေါင်းလား... လာထား။ ထမင်းစားပြီး အချိုတည်းဖို့ သာကူချိုလား... လာထား။ မင်းတို့နှယ်... ကြုံကြိုက်ခန်လို့ မယုံမကြည်ဖြစ်သူများရှိပါက ကိုကျော်ဆန်းနဲ့အတူ ထောင်ထဲသွားနေကြည့်ကြပါ။ 'တကယ်ကြီးပါလား' လို့ အားပါပါမရှုတ်လိုက်ရရင်ကြိုက်တာသာ ပြောပါလေတော့။

စတွေ့စက သူ့ကို မိန်းမလျှာလေးလို့ ကျွန်တော်ထင်ခဲ့ဖူးပါတယ်။ ထင်လည်း ထင်လောက်စရာ စကားပြောလည်း နွဲ့တဲ့တဲ့၊ လမ်းလျှောက်တော့လည်း ယဲ့တဲ့တဲ့၊ ပြီးတော့ ဘယ်ခါတွေ့တွေ့ ချက်နေပြုတ်နေ ထမင်းချိုဖြစ်နေတာကိုး။ တကယ်တော့ သူဟာ ပျော့ရင် ဖယောင်း၊ မာရင် သံချောင်းဆိုတဲ့ လူစားပါ။ အလျှော့မပေးတတ်တဲ့၊ နောက်မဆုတ်တတ်တဲ့၊ ဘယ်သောအခါကမှ ကြောက်ပါပြီလို့ မပြောတတ်တဲ့ စားဖိုမှူးကြီး ကိုကျော်ဆန်းပါ။

၁၉၈၈ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်ထိ ၂၅ နှစ်တာလုံးလုံး ကျွန်တော်တာ နိုင်ငံရေးသမားတွေ၊ စာရေးဆရာတွေ၊ ရုပ်ရှင်သမား၊ ဗီဒီယိုသမား



www.burmeseclassic.com

www.burmeseclassic.com



သဘင်သမားပေါင်းများစွာနဲ့ မိတ်ဆွေဖြစ်ခဲ့ဖူးပါတယ်။ မ-ဆ-လခေတ်ကို ထားလိုက်ပါတော့။ န-ဝ-တ နဲ့ န-အ-ဖ ခေတ်တလျှောက်လုံး ကျွန်တော့်မှာ အတူစား အတူသွား မိတ်ဆွေဆိုလို့ လက်ဆယ်ချောင်းမပြည့်ပါဘူး။ အပေါင်းအသင်းနည်းလှချည့်လို့ ကိုယ့်ကိုယ်ကိုယ် စိတ်မကောင်းမဖြစ်ဖူးခဲ့ပါ။ ဘယ်သူကမှ ကျွန်တော့်ကို အပေါင်းအသင်းမလုပ်ရဲကြပါဘူး။ ဆိုပါတော့ အရိုင်းတို့အငြိမ့်ခန်းကို ဗွီဒီယိုရိုက်နေတဲ့ စမ်းချောင်းက ပဒုမ္မာကဇာတ်ရုံထဲကို ကျွန်တော်မဝင်ရလို့ အမိန့်ထုတ်ထားပါသတဲ့။ တကယ်လို့ ဇာတ်ရုံထဲ ဇာဂနာဝင်ခဲ့ရင် အငြိမ့်ရိုက်ကူးခွင့် ချက်ချင်းပိတ်မယ်ဆိုလို့ ကျွန်တော် ဇာတ်ရုံနားက ယုဇနဆိုင်မှာ သွားထိုင်နေခဲ့ရပါတယ်။ အရိုင်းတို့ ပြက်လုံးလိုရင်၊ လူရွှင်တော်စကားပြောလိုရင်၊ မင်းသမီးမေသန်းနု စကားပြောဖို့ စာသားလိုရင်၊ လူပြက်က မင်းသမီးကို ခေါ်ဖို့ စကားလိုရင်... စသဖြင့် စသဖြင့်တွေ လိုရင် ရေးပေးဖို့ အဆင်သင့်စောင့်နေရတာပါ။ ကိုယ်မကရဘဲ သူများကတာကို ပံ့ပိုးဖို့တောင် အဝေးကနေ လှမ်းကူနေရတဲ့ အချိန်မှာ ဘယ်သူကမှ ကျွန်တော့်ကို မသနားပါဘူး။ ဇာဂနာနဲ့ သွားပတ်သက်ရင် ဒါမျိုးကြုံရမယ်၊ ဝေးဝေးနေ... ဆိုတဲ့ လူတွေချည်းပါပဲ။ အဲဒီတုန်းက ကိုကျော်ဆန်းတစ်ယောက် သူချက်တဲ့ ဟင်းချိုင့်လေးတွေ နေ့တိုင်း လာလာပို့ပေးခဲ့တာ ကျွန်တော်ဘယ်တော့မှ မမေ့နိုင်ပါဘူး။ ကျွန်တော်ဟာ လွယ်လွယ်နဲ့ စိတ်ဓာတ်မကျတတ်ပါဘူး။ ဒါပေမဲ့ အဲဒီအချိန်တုန်းက လူတွေကို တော်တော်စိတ်တုန့်ခန့်ပြီး အိမ်ထဲမှာ အောင်းနေတဲ့ ကာလပေါ့။ မနက် ၁၀ နာရီလောက်ဆို အိမ်တံခါးလာခေါက်ပြီး သုံးဆင့်ချိုင့်လေး ထိုးပေးလေ့ ရှိတဲ့ ကိုကျော်ဆန်းကို ကျွန်တော် ဘယ်လိုမေ့လို့ရမှာတဲ့လဲဗျာ။ အသားဟင်းလေးတစ်ချိုင့်၊ အရွက်ကြော်လေးတစ်ချိုင့်၊ ဟင်းရည်သောက်လေးတစ်ချိုင့်... စုစုပေါင်း သုံးဆင့်ချိုင့်။ ပြုံးပြုံးလေး 'အစ်ကိုစားဖို့' လို့ ပြောလေ့ ရှိတဲ့ မျက်နှာ၊ ကျေးဇူးတင်စကားတောင် နားမထောင်ဘဲ ခပ်သွက်သွက်ပြန်ထွက်သွားတဲ့ သူ့အမူအရာတွေ ကျွန်တော်ခုထိ မြင်ယောင်ဆဲပါ။

သူဟာ နိုင်ငံရေးကို စိုက်လိုက်မတ်တတ်လုပ်လာခဲ့သူပါ။ အာဂန္တုမဟုတ်ပါဘူး။ ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးထဲမှာ ထိပ်ဆုံးက ပါခဲ့သူပါ။ ကြည့်မြင်တိုင် ညဈေးရှေ့ကနေ သပိတ်တပ်ကြီးထွက်လာပြီဆိုတာနဲ့ ထိပ်ဆုံးကနေ အလံကိုင်လာတဲ့ ဖြူနွဲ့နွဲ့လူငယ်လေးဟာ ကိုကျော်ဆန်းပါပဲ။ ကြည့်မြင်တိုင်က ဟောပြောပွဲတွေမှာ ကြိုဆိုညှိခံနေရာချနေသူ ဖြူဖြူပိန်ပိန် လူငယ်လေးဟာ ကိုကျော်ဆန်းပါပဲ။



ဒီနောက်တော့ ကိုကျော်ဆန်း NLD ပါတီဝင် ဖြစ်သွားခဲ့ပါတယ်။ ပါတီဝင်ဖြစ်ပြီး တစ်လအကြာမှာပဲ သုံးရောင်ခြယ်အဖွဲ့ထဲကို ရောက်ခဲ့ပြန်ပါတယ်။ သုံးရောင်ခြယ်အဖွဲ့ဆိုတာက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနီးကပ်ကိုယ်ရံတော်တပ်ဖွဲ့ပေါ့။ မှတ်မှတ်ရရ ဒေါ်ခင်ကြည်ရဲ့ ဈာပနမှာ ချက်ရေးပြုတ်ရေး တာဝန်ခံကတော့ ကိုကျော်ဆန်းပါပဲ။

၁၉၈၉ မတ်လ ၁၃ ရက်နေ့ မောင်ဖုန်းမော်နှစ်ပတ်လည်ပွဲမှာလည်း သူပဲ အိုးသူကြီး။ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ရောဝတီတိုင်း စည်းရုံးရေးခရီးစဉ်တောက်လျှောက် သူပဲ စားဖိုမှူး။ သူပဲ လုံခြုံရေးပေါ့။ အန်တီကို နေအိမ်အကျယ်ချုပ်ချလိုက်တော့ သူ ဘယ်သွားရတော့မယ်မှန်း မသိတော့ဘူး။

သူ့မှာ ဆွေမျိုးတွေကလည်း မရှိတော့။ အားလုံးက နယ်ကို ပြန်တက်ကြပြီ၊ ရန်ကုန်မှာ နေရတာ မလုံခြုံလို့...တဲ့၊ သူ့အမျိုးအားလုံးက သူ့ကို ခေါ်ပေမယ့် သူက နိုင်ငံရေးဆက်လုပ်ချင်သေးတော့ ရန်ကုန်မှာပဲ နေခဲ့ချင်တာပေါ့။ ဒါနဲ့ သူငယ်ချင်းတွေအိမ်လှည့်နေပြီး လမ်းပေါ်နိုင်ငံရေးပဲ ဆက်လုပ်ခဲ့ပါတယ်။ တကယ့် 'လမ်းပေါ်နိုင်ငံရေး' စစ်စစ်ပါ။ စာပေး စာယူကို လမ်းပေါ်မှာ လုပ်ရပါတယ်။ လက်ကိုင်ဖုန်းတွေလည်း မပေါ်သေးတော့ တစ်နေရာကို ချိန်း။ ဆိုပါတော့... လမ်း ၃၀ ထိပ်ဆိုရင် လမ်း ၃၀ ကို ရောက်အောင် သွား၊ မယောင်မလည်လုပ်၊ အချိန်းအချက်လုပ်ထားတဲ့ ခေါက်ထီးအနီနဲ့ လူက အနားရောက်လာ၊ မမကြီး နေကောင်းလားလို့ မေးရင် ကောင်းတယ်၊ ခင်ဗျားကို စာတောင် ပေးလိုက်သေးတယ်ဆိုပြီး လက်ထဲက စာထိုးပေးလိုက်ရတော့တာပါပဲ။ ကိုကျော်ဆန်းက ယူရမယ့်အလှည့်ဆိုလည်း ဒီလိုပါပဲ။ ဗိုလ်ချုပ်ဈေးကို ချိန်း၊ အရှေ့ဘက်တန်းက ပန်းချီပြခန်းမှာ ပန်းချီကားချပ်တွေ လိုက်ကြည့်၊ အနားကို အမျိုးသမီးတစ်ယောက်ရောက်လာပြီး 'အယ်... ကိုသန်းဦးကြီး၊ ကြုံတုန်း ဖိတ်စာယူသွားဦး' ဆိုပြီး လက်ထဲက စာအုပ်ထုတ်ပေးတော့ ယူလာရတာပေါ့။ အဲဒီအချိန်တွေတုန်းက ဒီလိုစာပေးရတယ်ဆိုတာ ပုံပြင်မဟုတ်ပါဘူး။ နိုင်ငံရေးနဲ့ ပတ်သက်ရင် လူမှန်သမျှ သေဖို့သာ ပြင်ထားဆိုတဲ့ ကာလပါ။ ဘယ်သူ့ကိုမှ ချမ်းသာခွင့်ဘူး အားနာလို့ လွှတ်ပေးထားတယ်ဆိုတာ မရှိပါဘူး။

နိုင်ငံရေးအကျဉ်းသားတွေ အိမ်၊ တောခိုကျောင်းသားတွေရဲ့ အိမ်၊ NLD ပါတီဝင်တွေရဲ့ အိမ်မှန်သမျှ ထောက်လှမ်းရေးက စောင့်ကြည့်နေတာပဲ။ ဘယ်သူဝင်တယ် ဘယ်သူထွက်တယ်ဆိုတာကို တစ်ချိန်လုံး သတင်းပို့

www.burmeseclassic.com



နေတာပေါ့။ ကိုယ့်မိတ်ဆွေဆိုပြီး ငါးပိကြော် ငါးခြောက်ကြော်လေး သွားမပေးလိုက်လေနဲ့၊ ခေါ်မေးခံရပြီသာ မှတ်ပေတော့။

အဲဒီလိုအချိန်မျိုးမှာ ထောင်ထဲက ထုတ်ပေးလိုက်တဲ့ စာမိလိုက်လို့ကတော့ မီးနိုးကြွက်လျှောက်ပဲ။ တောထဲက ပေးလိုက်တဲ့ စာ လက်ခံထားတာ မိလို့ကတော့ တစ်ဆွေတစ်မျိုးလုံး ကုန်ပြီသာ မှတ်ပေတော့ပဲ။ ကိုကျော်ဆန်းက တော်တော်ပိပိရိရိ စာပေးစာယူလုပ်နိုင်ခဲ့ပါတယ်။ သူ့ကြောင့်လည်း ကျွန်တော်တို့တွေ သတင်းအဆက်မပြတ်ခဲ့ရတာပေါ့။

၁၉၉၅ မှာ ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်လာတော့ ကိုကျော်ဆန်း ခြံထဲ ပြန်ရောက်ခဲ့ပြန်ပါရော။ သူတို့ သုံးရောင်ခြယ်သူငယ်ချင်းတွေ ပြန်စုမိကြတာပေါ့။ ခြံဝမှာ အန်တီ ဟောပြောပွဲတွေ လုပ်တော့ ကိုကျော်ဆန်းက အနီးကပ်ကိုယ်ရံတော်ပေါ့။ ဟောပြောပွဲတွေ ပိတ်လိုက်လို့ အန်တီက တခြားမြို့နယ်တွေမှာ လှည့်ဟောပြောတော့လည်း ကိုကျော်ဆန်းပါတာပါပဲ။ အစိုးရ ခါးပိုက်ဆောင် မဟာသတ္တိရှင်တွေက အန်တီတို့ကားကို ဝိုင်းတိုက်ခိုက်ပြန်တော့ ကိုကျော်ဆန်းတို့ ကာရကွယ်ရ လုပ်ခဲ့ရပါတယ်။ တက္ကသိုလ်ရိပ်သာလမ်းမှာ ဝိုင်းရိုက်တော့လည်း ကိုကျော်ဆန်းတို့ အန်တီ့ကို အကာအကွယ်ပေးခဲ့ရပြန်ပါတယ်။ ဒါပေမဲ့ ကံက ကောင်းချင်တော့ ညတွင်းချင်းပဲ အဖမ်းခံရရှာပြန်ပါရော။ ဒါကြောင့်လည်း ရေကြည်အိုင်၊ အောင်သပြေနဲ့ ၂၆ ထောက်လှမ်းရေးတပ်တွေမှာ တစ်နေရာ တစ်ပတ်စီ လှည့်လည်စံမြန်းပြီး သကာလ ပြန်လွတ်လာခဲ့ပါတယ်။

ထုံးစံအတိုင်း အပြင်ပြန်ရောက်တော့လည်း အန်တီ့ခြံထဲ ပြန်ရောက်ရတာပါပဲ၊ ရန်ကုန်ဘူတာကြီးပြဿနာဖြစ်ပြီးပြန်တော့ အဖမ်းခံရပြန်ပါရော။ ရဲမှန်တပ်စခန်းမှာ လေးလကျော်ကြာအောင် အဖမ်းခံရပါတယ်။ သူနဲ့အတူ အဖမ်းခံရသူအားလုံး သူ့ရဲ့ လက်စွမ်းကြောင့် အချုပ်က လွတ်လာတော့ ဝလို့ စိုလို့ပြည်လို့။ ကြည့်ဦးလေ၊ တပ်က တာဝန်ကျ ဗိုလ်ကြီးကို သူက သွားညှိတယ်။ အဖမ်းခံထားရတာက ၃၂ ယောက်။ ဒီ ၃၂ ယောက်စာ ကျွေးမယ့် ဆန်၊ ပဲ၊ ဆီ၊ ငရုတ်၊ ကြက်သွန် စတာတွေအပြင် အသား၊ ငါး (ပုံစံ) တွေကိုပါ သူ့ကို ပေးဖို့ ကိုကျော်ဆန်းက သွားတောင်းတာ။ ရာရှင်ပေါ့လေ။ ရလည်း ရရော နွေညှ သူတစ်ယောက်တည်းချက်တော့တာပါပဲ၊ တပ်က တချို့ရဲဘော်တွေတောင် သူ့လက်ရာ လာတောင်းစားရတဲ့အထိ လက်စောင်းထက်ခဲ့သူပါ။

အဲဒီကနေ ပြန်လွတ်လာတော့ သူဘယ်သွားရမယ်မှန်း မသိတော့





ဘူး။ မိသားစုတွေကလည်း ရန်ကုန်မြေကို ခွာသွားပြီ။ သူကလည်း ရန်ကုန်မှာပဲ နေချင်တာ။ ဒီတော့ ကြည့်မြင်တိုင်က သူငယ်ချင်းတွေအိမ်မှာ တစ်လှည့်၊ ရွှေဘုံသာလမ်းမှာ တစ်လှည့်၊ ၃၁ လမ်းမှာ တစ်လှည့်နဲ့ သူ့ဘဝကို ဖြတ်သန်းခဲ့ပါတယ်။ သူများအိမ်တွေမှာ အလကားလိုက်နေတာ မဟုတ်ပါဘူး။ ထမင်းဟင်းချက်တာဝန်ကို ယူတဲ့အပြင် ရုံးသမားတွေ ချိုင့်ဆွဲစားနိုင်ဖို့ သက်သက်သာသာဈေးနဲ့ ဟင်းချက်ရောင်းပါတယ်။ ပိုက်ဆံတွေအများကြီး မမြတ်ပေမဲ့ စေတနာတွေ အများကြီးမြတ်လို့ ကိုကျော်ဆန်း လက်မလည်ပါဘူး။

၂၀၀၄ ခုနှစ်နောက်ပိုင်း ထောက်လှမ်းရေးက ဖမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးလိုက်တဲ့အခါ မင်းကိုနိုင်တို့ ရှစ်ပူးတွေဆီ ရောက်ခဲ့ပြန်ပါတယ်။ မူလရာထူးကတော့ 'မယွင်းမပျက် ထမင်းချက်' ပါပဲ။ ဘယ်ဘုန်းကြီးကျောင်းမှာပဲ အလှူလုပ်လုပ် ကိုကျော်ဆန်းကတော့ ယောက်မခါးထိုး အိုးသူကြီးပါပဲ။

၂၀၀၇ မာတ်ဆီဈေးတက်လို့ လမ်းလျှောက်ဆန္ဒပြကြပြန်တော့ ကိုကျော်ဆန်းလည်း ဘယ်နေပါ့မလဲ။ ပါတာပေါ့။ ဒီတော့လည်း ဘာရမလဲ။ အဖမ်းခံရတာပေါ့။ ဒီတစ်ခါတော့ အင်းစိန်ထောင် တန်းပို့တော့တာပါပဲ။ အတုသိုလ်က ဝင်ချင်တော့ အင်းစိန်ထောင်ရောက်မှ ကိုကျော်ဆန်းခမျာ ရောဂါစုံ ရလာပါတော့တယ်။ ဒီတုန်းက NLD က ကိုမျိုးခင်၊ ချစ်ကိုလင်း၊ ငွေကြာယံဘုန်းဘုန်း ဦးဇင်းကျောင်းကျောင်းတို့နဲ့အတူ အင်းစိန်သီးသန့်ထောင်မှာပေါ့။ စစ်ကြောရေးကို ဆယ်ရက်လုံးလုံး မနားမနေ စစ်လိုက်တာ ရေမချိုးရလို့ ထင်ပါရဲ့၊ အနာတွေ ပေါက်ပါလေရော။ ပိုဆိုးတာက အနာတွေက သွေးစိမ်းတွေ ထွက်ပြီး အနံ့တွေပါ ဆိုးဆိုးရွားရွား ထွက်လာတာ။ သူနား ဘယ်သူမှ မကပ်ချင်ကြဘူး။ ထောင်ကလည်း ဘာဆေးမှမပေးပါဘူး။ သူနားနေကျင်က လူတွေလည်း ထောင်ဝင်စာမရှိတော့ သူ့ကို မကယ်နိုင်ဘူးပေါ့။ ကိုကျော်ဆန်းခမျာ အကျဉ်းခန်းထဲမှာပဲ ခွေခွေလေး လှဲနေရတော့တယ်။ သူတကာကို ဟင်းချက်ကျွေးခဲ့သူက ခုချိန်မှာ အင်းလျားလိတ်တာ ထမင်း ထမင်း လာကျွေးတောင် လှည့်ကြည့်နိုင်တော့မှာ မဟုတ်ပါဘူး။

တော်တော်ကြီး အခြေအနေဆိုးတော့မှ ထောင်ဆေးရုံကို ရွှေ့ခဲ့ရတော့တယ်။ အဲဒီမှာ သူ့အရင်ကြိုရောက်နေတာက ရွှေသံချိုင့်ကိုဝင်းဇော် (တစ်နေကုန် နှာခေါင်းသွေးယိုနေလို့ ဆေးရုံရောက်လာတာ) [illegible] ပိုင်းထုခံရလို့ ခေါင်းမှာ အာလူးဘူးသီးတွေ ထွက်နေတဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဖက်ကွယ်မလိုဖြစ်နေတဲ့ ကိုလှမျိုးနောင် (၈၈) တို့ ပေါ့။ နည်းနည်း သက်သာလာတော့ ကိုကျော်ဆန်းကို တိုက်ဝန်းကြီးထဲ ရွှေ့ပေးလိုက်ပါရော။ အဲဒီမှာ အကုသိုလ်အကြီးအကျယ်ဝင်တော့တာပေါ့။ နာဂစ်မုန်တိုင်း တိုက်နေတဲ့ အချိန် (တစ်)အဆောင်ကနေ ရှို့လိုက်တဲ့ မီးခိုးငွေ့တွေဟာ ကိုကျော်ဆန်း နေတဲ့ သုံးတိုက် အခန်း ၁၂ ထဲ အလုံးအရင်းနဲ့ တားမရဆီးမရ ဝင်လာခဲ့ပါတော့တယ်။

အမှန်ကတော့ အကျဉ်းသားတွေက မုန်တိုင်းတိုက်ချိန်မှာ ထောင်ဆူအောင် အဆောင်ကို မီးရှို့တာပါ။ သူတို့စိတ်ထဲ ဒါမျိုးလုပ်ရင် ထောင်ပေါက်ပြီး ထွက်ပြေးလို့ရမယ် ထင်တာပေါ့။ ဘာရမလဲ၊ အကုန်သိမ်းကျုံးပြီး ဝင်အရိုက်ခံရတာပဲ အဖတ်တင်ပါတယ်။ ခေါင်းဆောင်မီးရှို့သူတွေရော၊ နောက်လိုက်တွေရော ထောင်ဆယ်နှစ် ထောင်ငါးနှစ် စသဖြင့် ကျကုန်ကြတာပါ။

တကာယခံရတာက ကိုကျော်ဆန်းတို့ပါ။ တိုက်ခန်းထဲမှာ ဘယ်မှထွက်မရတဲ့အထဲ မီးခိုးမွန်လို့ အသက်ပါမရှူနိုင်ဖြစ်ပြီး သတိလစ်သွားလိုက်တာ။ ဆေးရုံရောက်မှပဲ သတိပြန်လည်လာပါတော့တယ်။

ဒီလိုနဲ့ စမ်းချောင်းတရားရုံးကနေ ကိုကျော်ဆန်းကို ထောင်ဒဏ်လေးနှစ်ချပြီး ကျိုင်းတုံထောင်ကို ပြောင်းပစ်ခဲ့ပါတယ်။ သူ့အဖို့ကတော့ ဘယ်ပြောင်းပြောင်း ဘယ်ရောက်ရောက် ဘာထူးမှာလဲ။ နောက်ကနေလိုက်တွေ့မယ့်သူမှ မရှိတာ။ ဒါပေမဲ့ ကျိုင်းတုံကနေ မိုင်းဆတ်ထောင်ကို ထပ်ပို့ပြန်ပါလေရော။ ဝေးသထက် ဝေး အေးသထက် အေးတဲ့ နေရာတွေရောက်အောင်ကို ပို့ပစ်တာပါ။ 'လုပ်ချင်ဦးဟ နိုင်ငံရေး' ပေါ့။ မိုင်းဆတ်ထောင်ဆိုတာက သေးသေးလေးရယ်။ တိုက်ခန်းထောင် လေးခန်းတွဲတိုက်တစ်လုံးပဲ ရှိတာ။ အဲဒီမှာ ၈၈ က ကိုကိုကြီးရယ်၊ ကိုကျော်ဆန်းရယ်၊ ကိုသိန်းဝင်းရယ် အတူနေရတယ်။ သုံးယောက်လုံးကလည်း နောက်က လိုက်လာစရာ မိသားစုမရှိတော့ စားဖို့ သောက်ဖို့ ကိုယ့်ဘာသာကြံစည်ရတာပေါ့။ စိုက်ခင်းလေးလုပ်ပြီး ခရမ်းသီး၊ ခရမ်းချဉ်၊ ကန်စွန်း၊ ချဉ်ပေါင် စတာတွေ စိုက်ပြီး သုပ် အိုးသုကြီးလုပ်ခဲ့တာပေါ့။

ကံက ကောင်းချင်တော့ ၂၀၁၁ ခုနှစ် မေလ ၁၇ ရက်နေ့မှာ လွှတ်ရက်ချပြီး ကိုကျော်ဆန်း လွတ်လာခဲ့ပါတယ်။ ရန်ကုန်ပြန်ရောက်တော့ သူမှာ သွားစရာ နေစရာ ဘာအိမ်မှ ရှိတာမှ မဟုတ်တာ။ သူငယ်ချင်းအိမ်ပဲ ရောက်ချပြန်တာပေါ့။ ပြီးတော့မှ အန်တီ့ခြံထဲ ရောက်ပြီး ထုံးစံအတိုင်း အန်တီ့



ကျွေးပေါ့။ အန်တီဘယ်သွားသွား အနားမှာ အသားဖြူဖြူ ပြုံးပြုံးလေးနဲ့ ရပ်နေလေ့ရှိတာ ကိုကျော်ဆန်းပါ။ တစ်ခြံလုံးကို ထမင်းဟင်းချက်ကျွေးသူကလည်း သူပါပဲ။ ကိုကျော်ဆန်းလက်ရာ ဒီကနေ့တော့ ခရမ်းသီးနုပ်နဲ့ ငါးဟင်းဆိုတာမျိုး အန်တီ့ခြံထဲ ရောက်တိုင်း ဘလက်ဘုတ်မှာ ရေးထားတာ တွေ့ရတတ်ပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်ကာလမှာရော အောင်နိုင်ပြီးကာလတွေမှာပါ ကိုကျော်ဆန်းကို ပြုံးပြုံးပြုံးပြုံးနဲ့ တွေ့ရလေ့ ရှိပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် ငွေအလှူခံတော့လည်း ရှေ့ဆုံးက သူပါပဲ။ ဆရာတွေ ငွေလှူတော့လည်း သူပဲ ကမကထ လုပ်ပေးခဲ့ပါတယ်။ နိုင်ငံခြားပြန်လူငယ်လေးတွေက သူတို့လုပ်အားခနဲ့ အန်တီ့ကို ငွေလှူချင်တယ်ဆိုတော့လည်း ကိုကျော်ဆန်း ထိပ်ဆုံးက ပါတာပေါ့။ ဟီလာရီကလင်တန်တို့၊ အိုဘားမားတို့နဲ့ လက်ဆွဲနှုတ်ဆက်ရလို့ ထမင်းမချက်တော့ဘူးလို့ ပြုံးကြီးပြောနေတတ်တဲ့ ကိုကျော်ဆန်း...။ "ကျွန်တော့်ဘဝက အိမ် ခြေ ရာခြေရှိတာ မဟုတ်ပါဘူး။ ဘယ်သူ့ဘယ်ဝါအစွဲအလမ်းလည်း မရှိပါ ဘူး။ တိုင်းပြည်အတွက် ဘယ်နေရာက လုပ်ရ လုပ်ရ၊ လုပ်နေရရင် ပြီးတာပါဗျာ" လို့ အမြဲတမ်းပြောလေ့ ရှိတဲ့ ကိုကျော်ဆန်းတစ်ယောက်... ခုတော့ အန်တီ့ခြံထဲကနေ အပြင်ကို ရောက်လာခဲ့ပါပြီ။ ခြံထဲမှာ ၁၉၈၈ ကတည်းက နှစ်ရှည်လုပ်လာခဲ့တဲ့ ကိုကျော်ဆန်းတစ်ယောက်ကတော့ သူသံယောဇဉ်ကြီးခဲ့တဲ့ အင်းလျားကန်စပ်က ခြံကြီးကို ကျောခိုင်းခဲ့ရပါပြီ။

ဒါပေမဲ့ သူရပ်တန့်မသွားပါဘူး။ သူ တိမ်ကောမသွားပါဘူး။ ရန်ကုန်မှာ၊ ရခိုင်ပြည်နယ်မှာ၊ မိတ္ထီလာမှာ၊ မြစ်ကြီးနားမှာ... သူ့ကို တွေ့နေရဆဲပါ။ ချစ်လေးလုံး ၂၅ နှစ်ပြည့် အခမ်းအနားကြီးမှာလည်း သူ့ကို တွေ့ရတာပါပဲ။ တွေ့တိုင်းလည်း မီးဖိုဘေးမှာပါပဲ။ တစ်ခုမဟုတ်တစ်ခုတော့ချက်နေတာပါ။ သေချာတာတစ်ခုကတော့ သူချက်တဲ့ ဟင်းထဲမှာ အရိုးမပါပါဘူး။

• • •

www.burmeseclassic.com

www.burmeseclassic.com





# အဘကျွန် (ခေါ်) ကိုမိန့်လှိုင် (ခေါ်) အဟမ်း

၂၀၀၉ ခုနှစ် ဆောင်းတွင်းကတော့ တော်တော်အေးတဲ့ အမျိုးအစားထဲ ပါပါတယ်။ မနက် ၆ နာရီ ထောင်ခန်းတံခါးဖွင့်ပေးမယ့် ဘယ်သူမှ အပြင်မထွက်ရဲ၊ မျက်နှာသစ်ဖို့ ရေကန်နား ဘယ်သူမှ မကပ်ရဲ။ ထောင်ထဲမှာ မိုလည်း ဖိုလို့ မရ။ ညကင်းစောင့်တဲ့ ဝန်ထမ်းတွေကတော့ စပ်ပီ (ကချင်ချက်အရက်ကို ပြောတာပါ) နဲ့ အကာအကွယ်လုပ်ပြီး အေးခဲတဲ့ ညတွေကို ဖြတ်သန်းရရှာတယ်၊ ဒါတောင် ဝန်ထမ်းတစ်ယောက်က လေဖြတ်ပြီး နောက်တစ်ယောက်ကတော့ လေဖြန်းသွားလို့ ဝန်ထမ်းတွေ လုံလုံခြုံခြုံအိပ်ကြဖို့ နွေးနွေးထွေးထွေးအိပ်ကြဖို့ ထောင်က ညွှန်ကြားနေချိန်ပေါ့။ ကျွန်တော်ကတော့ တော်တော်ရယ်ချင်တယ်။ ဝန်ထမ်းတွေအတွက် အိပ်စရာ အဆောင်လည်း မရှိ၊ ကင်းတဲထဲမှာလည်း အိပ်မရ၊ အနွေးထည်တို့ စောင်တို့လည်း ပေလာ ဝေး။ ဒါကို ဝန်ထမ်းတွေ နွေးနွေးလေးအိပ်ဖို့ ညွှန်ကြားသတဲ့။ ကိုယ့်ဝန်ထမ်းတွေအပေါ်တောင် စာနာစိတ်နည်းသူတွေဟာ ကျွန်တော်တို့ကိုလည်း စာနာစိတ်နည်းမှာ သက်သေပဲပေါ့။

ကိုယ့်ပြဿနာ ကိုယ်ရှင်းဆိုတဲ့ ထောင်စကားအတိုင်းပဲ ကျွန်တော်တို့လည်း ကိုယ့်ဘာသာကိုယ် နွေးအောင် လုပ်ကြရပါတယ်။ ပရိုမီးယားထဲမှာ ဘောသမားတွေ ဝတ်တဲ့ အသားကပ်အောက်ခံအင်္ကျီနဲ့ ဘောင်းဘီကို အပြင်ကနေ မှာရပါတယ်။ ပြီးမှ တရုတ်ကလာတဲ့ အနွေးဆွယ်တာနဲ့ အနွေးဘောင်းဘီဝတ်၊ အပေါ်ကမှ ထောင်ပုံစံ အင်္ကျီအပြာနဲ့ ပုံစံပုဆိုးဝတ်ရပါတယ်။ ပြီးတော့မှ ခေါင်းစွပ်အနွေးထည်ထပ်ဝတ်ရတာပေါ့။ ဒါတောင် တချို့က ဆောင်

www.burmeseclassic.com



ထပ်ခြုံရသေးသဗျ။

အဲသလို ချမ်းချမ်းစီးစီးထဲမှာ လူသစ်တစ်ယောက် ရောက်မယ်ဆိုပြီး ထောင်က လာအကြောင်းကြားတော့ ကျွန်တော်တို့ ခေါင်းချင်းဆိုင်ကုန်ရတယ်။ အခန်းနဲ့ လူက ကွက်တိ။ ကျွန်တော့်အခန်းထဲမှာ ကျွန်တော်နဲ့ မုန်းခက်၊ ကိုမြတ်စံနဲ့ ကိုလှမျိုးနောင်က တစ်ခန်း။ ညောင်ဦးက မျိုးမင်းသန်းနဲ့ တောင်သာက ကြည်စိုးက တစ်ခန်း၊ သီဟသက်ဖင်နဲ့ ဦးဖင်းစန္ဒိမာက တစ်ခန်း။ သေဒဏ်သုံးယောက်က တစ်ခန်း။ ကျွန်တော်တို့တိုက်မှာ ရှိတဲ့ အခန်းက ငါးခန်း။ အကျဉ်းသားက ဆယ့်တစ်ယောက်၊ အခန်းအကျယ်က ရှစ်ပေပတ်လည်။ စဉ်းစားကြည့်ပါဗျာ။ ဘယ်လိုလုပ်အိပ်ရပုံ။ ဒီကြားထဲ အခန်းထဲ အိမ်သာတက်ရင် ပိုဆိုးသေး။ မျက်နှာလွှဲပြီး အခန်းဝမှာ သွားထိုင်နေရတယ်။ ကြည့်လို့ မကောင်းတာရော၊ အနံ့မကောင်းတာရောကြောင့်ပေါ့။ ခုတော့ လူထပ်တိုးမယ်ဆိုရင် ဘယ်လိုနေကြရမလဲ၊ စဉ်းစားသာ ကြည့်ပါတော့။

ဒီတော့ ဘယ်လိုလူသစ်ကိုမှ လက်မခံနိုင်ဘူးဆိုပြီး ကျွန်တော်တို့က အကြောင်းပြန်ရပါလေရော။ ဟိုဘက်မှာက တိုက်နှစ်တိုက် အခန်းနှစ်ဆယ် တောင် ရှိတဲ့တာ။ သူတို့ဘက်သွားထားပေါ့ဗျာ။ တိုတိုပြောရင် ထောင်အာဏာပိုင်တွေလည်း ခေါင်းကိုက်ကုန်ကြရော။ ကျွန်တော်တို့အကြောင်းပြချက်ကလည်း ခိုင်နေတာကိုး။ ဟိုဘက် တိုက်နှစ်တိုက်မှာ အခန်း ၂၀၊ လူ ၂၀ အတိုက်။ အခု လူတစ်ယောက်တိုးလာတော့ ဘာဖြစ်လဲ။ ဒီမှာက ကျပ်ညပ်နေပြီလေ။ နောက်ဆုံး ညှိရင်း နှိုင်းရင်း သေဒဏ်သုံးယောက်ကို ဟိုဘက်ရွှေ့ပြီး လူသစ်ကို ဒီဘက်ရွှေ့လို့ သဘောတူလိုက်ပါလေရော။ လားလား ဒီတော့မှ တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်နေတဲ့ (ဆံပင်လည်း ဖွေး၊ မျက်ခုံးမွေးလည်းဖွေး နှာခေါင်းထဲကအမွေးလည်းဖွေး နားရွက်ထဲကအမွေးလည်းဖွေး) သုံးရောင်ခြယ် ကိုစိန်လှိုင်ကြီး ကျွန်တော်တို့တိုက်ဝန်းထဲ ကြွချီလာပါတော့တယ်။

* * *

NLD ပါတီ စပွဲကတည်းက ကိုစိန်လှိုင် တက်တက်ကြွကြွ ပါခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် အောက်တိုဘာလဆန်းပေါ့။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနီးကပ်လုံခြုံရေးအတွက် သုံးရောင်ခြယ်အဖွဲ့ဖွဲ့တော့ သူပါသွားခဲ့ပါရော။ အခုပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေ လုပ်နေတဲ့ ကိုမြတ်စံ (ဆိုဗီ





ပြန် ဒေါ်ဝင်းဝင်းဝါရဲ့ သား)၊ အခု အန်တီ့နားမှာ လုံခြုံရေးဆက်လုပ်နေတဲ့ ကျော်သူရတို့၊ ကိုဘောကြီးတို့နဲ့ အတူတူပေါ့။ သူတို့ကို ကျွန်တော်တို့က 'အန်တီ့ခြံထွက်သီးနှံကလေးတွေ' လို့ ခေါ်လေ့ ရှိပါတယ်။

တကယ်တော့ ကိုစိန်လှိုင်က ကျွန်တော်တို့ထက် အသက်ကြီးတယ်။ ဒါပေမဲ့ အလုပ်ပိုလုပ်တယ်။ အသံမထွက်ဘူး။ လူမသိဘူး။ အနေအေးတယ်။ လျှစ်လျှစ်တယ်။ မသိရင် ဘုန်းကြီးလူထွက်လို့ ထင်မယ်။ ဆေးလိပ်မသောက်၊ အရက်မသောက်၊ ရည်းစားမရှိတဲ့ ရေမရော လူပျိုကြီးစစ်စစ်ပါ။ အန်တီ့ကို အကျယ်ချုပ်ချတော့ သူတို့ ခြံပြင်ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့ သူ့နိုင်ငံရေးအရှိန်ကတော့ မြင့်ဆဲပါ။ စာဖတ်ဝါသနာပါသူပီပီ ဘယ်အခါကြည့်ကြည့် စာအုပ်တစ်အုပ်နဲ့ ထိုင်နေတာပါပဲ။ ဒါကြောင့်လည်း စာရေးဆရာ မင်းလူရယ်၊ အယ်ဒီတာ ကိုမျိုးမြင့်ငြိမ်းတို့ရယ်နဲ့ သူ့အပေါင်းအသင်းဖြစ်ခဲ့တာပေါ့။ အမှန်ကတော့ လူပေါင်းမှားသွားရှာတာပါ။ သူတို့သုံးယောက်ပေါင်းပြီး 'ဘာတွေ ဖြစ်ကုန်ကြပြီလဲ' ဆိုတဲ့ ကဗျာစာအုပ်ထုတ်ဖြစ်ခဲ့ပါတယ်။

*"ကလေးတွေ အော်နေတာ ကြားဖူးတယ်*
*ကလေးလည်း မနေနိုင်*
*နှ-ဝ-တ တဲ့... ဝါးဟားဟားဟား"*

အဲဒီကဗျာ ခေတ်စားသွားလိုက်တာ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်လို့။ သူတို့သုံးယောက်လည်း သတင်းစာထဲ ဓာတ်ပုံတွေ တန်းစီဖော်ပြခံရပြီး အင်းစိန်ထောင်ထဲ ရောက်လာခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ စေတနာကတော့ တစ်ယောက် ၇ နှစ်စီ အချခံလိုက်ရတာပေါ့။ မှတ်မှတ်ရရ ၁၉၉၀ ခုနှစ် တော်တင်ဘာလ ၂၆ ရက်နေ့ပေါ့။ ဒီတုန်းက ကျွန်တော်နဲ့ အရိုင်း ထောင်ထဲ ရောက်နေပြီ။ ကျွန်တော်တို့အခန်းဘေးက စစ်ကြောရေးရုံးမှာ သူတို့ကို ညလုံးပေါက် စစ်တာ အသံတွေ အတိုင်းသားကြားနေရပါတယ်။

ကိုစိန်လှိုင် ပြောပြလို့ ရယ်စရာတစ်ခု ရှိပါသေးတယ်။ ကိုမင်းလူရဲ့ ကဗျာမှာ "ရွှေတိဂုံဘုရားကြီးတောင် ခံဝန်ချုပ်နဲ့ စံမြန်းနေရရှာတာ" လို့ ပါပါတယ်။ ဒါကို ထောက်လှမ်းရေးတပ်ကြပ်က ရွှေတိဂုံဘုရားကို ဘယ်တုန်းက ဘယ်သူက ခံဝန်လက်မှတ်ထိုးခိုင်းသလဲ ပြော... ဆိုပြီး နားရင်းအုပ်ပေးတာ။ ဩော်... သင်းတို့ခမျာ ကဗျာဆရာရဲ့ ကဗျာလိုင်စင်အကြောင်းလေးတောင် နားမလည်ပါကလားလို့ နှလုံးမူပြီး... ကဗျာမှာ အလင်္ကာဆိုတာ ရှိတယ်။ ဂုဏ်ဆိုတာ ရှိတယ်။ အတိသယဝုတ္တိဆိုတာ အဖွဲ့အနက်ရှိ



www.burmeseclassic.com

ဆိုတာ။ ရသကိုးပါး တစ်ပါးအပါအဝင်ဖြစ်တဲ့ ဟာသရသဆိုတာ ဒါမျိုးပေါ့။ အဲသလိုတွေ ရှင်းလိုက်တာ နောက်ဆုံး ကိုစိန်လှိုင်က (ဆရာဦးသိန်းနိုင်လို) မြန်မာစာဆရာဖြစ်ပြီး စစ်ကြောရေးလုပ်တဲ့ တပ်ကြပ်က တပည့် ဖြစ်သွားပါလေရော။ ကိုစိန်လှိုင်လည်း သင်ကောင်းကောင်းနဲ့ သင်နေလိုက်တာ တစ်နာရီနီးနီး ကြာသွားတော့ ဗိုလ်ကြီးတစ်ယောက်ရောက်လာပြီး တပ်ကြပ်ကို နားရင်းအုပ်သွားပါတော့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ၇ နှစ်တော့ ကျပြီပေါ့။ ကျွန်တော်လွတ်လာတော့ သူတို့ ထောင်ထဲမှာ ကျန်နေခဲ့ပါသေးတယ်။ ၁၉၉၆ ခုနှစ်မှာတော့ မထင်မှတ်တဲ့ အဖြစ်တစ်ခုက ဆောင့်တက်လာပါရော။ အကျဉ်းထောင်လက်စွဲဥပဒေအရ အကျဉ်းသားတိုင်း ပြစ်ဒဏ်ရဲ့ သုံးပုံ တစ်ပုံ လျှော့ရက်ရပါတယ်။ ဆိုပါတော့... ပြစ်ဒဏ်က သုံးနှစ်ဆိုရင် လျှော့ရက်က တစ်နှစ်။ ဒီတော့ အကျဉ်းသားဟာ ထောင်ထဲမှာ ၂ နှစ်နေပြီးရင် လွတ်တော့တာပါပဲ။ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားတွေကိုတော့ ဘာလျှော့ရက်မှ မပေးပါဘူး။ ၇ နှစ်ဆိုရင် ၇ နှစ် အပြည့်နေရုံပါပဲ။ အခု ကိုစိန်လှိုင်တို့ ထောင်ထဲရောက်ပြီး ၆ နှစ်အကြာ (လွတ်ဖို့ ၁ နှစ်အလို) မှာ ဒီပြဿနာက တက်လာတော့တာပေါ့။ အကျဉ်းသားတွေ စုပြီး ထောင်ပုံစံပုဆိုးပေါ် လက်မှတ်ဝိုင်းထိုးကြ၊ လူ့အခွင့်အရေး ချိုးဖောက်ခံနေရမှုတွေကို ရင်ဖွင့်လို့ ကုလသမဂ္ဂဆီကို ပို့လိုက်တာပါ။ မြန်မာ့ထောက်လှမ်းရေးကလည်း သူများတကာကို ဒုက္ခပေးဖို့အတွက် ဘာအဆက်ဆက် သစ္စာဆိုထားကြပုံရပါတယ်။ ဆိုင်ဆိုင် မဆိုင်ဆိုင် ဘေးနားထိုင်သူတွေကိုရော၊ နားထောင်သူတွေကိုရော အကုန်ဆွဲဖမ်းတော့တာပါပဲ။ အဲဒီထဲမှာ ကိုစိန်လှိုင်လည်း ပါသွားပါတော့တယ်။

ဒါပေမဲ့ ထောက်လှမ်းရေးရဲ့ လုပ်ပုံကတော့ ကမ်းကုန်လှပါတယ်များ။ ဖမ်းချင်လည်း ဖမ်း။ ထောင်ချချင်လည်း ချပေါ့။ သူတို့လက်ခုပ်ထဲက အိအိုးပဲဟာ။ ရှုချင် ရှု စားချင် စားပေါ့။ ခုတော့ တော်တော်လူမဆန်တဲ့ အလုပ်ကို လုပ်ပါတယ်။ အကျဉ်းသား အယောက် ၂၀ လောက်ကို ရေ့နောက် တန်းစီရပ်ခိုင်းပြီး သံကြိုးရှည်နဲ့ တွဲချည်လို့ တရားရုံးအရောက်လမ်းလျှောက်ခိုင်းတော့တာပါပဲ။

လူကို လူလို သဘောမထားဘဲ လူ့သိက္ခာကို အနိမ့်ဆုံးချပစ်တဲ့လုပ်ရပ်တွေကို အမျိုးမျိုးရှာကြံလုပ်တတ်တဲ့ သူတို့ဦးနှောက်တွေကို အော်ဂလီဆန်လို့ မဆုံးပါဘူး။ အင်းစိန်တရားရုံးကို ကျွန်တော်ရောက်အောင် သွားခဲ့ပေမယ့်



ကိုစိန်လှိုင်တို့နဲ့ တွေ့ခွင့်မရခဲ့ပါဘူး။ ခပ်လှမ်းလှမ်းကနေပဲ နှုတ်ဆက်ခဲ့ရပါတယ်။ ကိုစိန်လှိုင်တို့ဟာ နိုင်ငံရေးကြောင့် အဖမ်းခံခဲ့ရသူတွေပါ။ လူသတ်သမား မုဒိန်းသမားတွေ မဟုတ်ကြပါဘူး။ ရာဇဝတ်သားတွေကိုတောင် လုပ်တဲ့ ယုတ်မာရိုင်းစိုင်းမှုတွေကို နိုင်ငံရေးအကျဉ်းသားတွေကိုမှ ရွေးလုပ်တာဟာ 'လုပ်ချင်ဦးဟဲ့ နိုင်ငံရေး' ဆိုပြီး တမင်သက်သက် သင်ခန်းစာပေးနေတာပါ။ အဲဒီလို အလုပ်ခံပြီးမှ နိုင်ငံရေးကို မမိုတ်မသုန်လုပ်ခဲ့တဲ့သူတွေကို ကျွန်တော်လေးစားပြီး ရောက်တဲ့ နေရာကနေ အလေးပြုနေဆဲပါ။

ဒီလိုနဲ့ ကိုစိန်လှိုင်ဟာ ထောင်ထဲကနေ ဘယ်မှမသွားရဘဲ ပြစ်ဒဏ်နောက်ထပ် ၇ နှစ် ထပ်ရသွားပြန်ပါတယ်။ စုစုပေါင်း ၁၄ နှစ်ပေါ့။ ဒါတင်ပဲလားဆိုတော့ ကျန်ပါသေးရဲ့။ ထောင်ထပ်ချပြီးလည်း ပြီးရော ကိုစိန်လှိုင့်ကို သာယာဝတီထောင် ထပ်ပြောင်းလိုက်ပါတယ်။ ကောင်းရောပေါ့။ သူဟာ လူပျိုကြီးပါ။ မိသားစုမရှိပါဘူး။ သူ့အစ်မတွေက ထောင်ဝင်စာလိုက်ပို့ပေးနေရတာပါ။ န-အ-ဖ ရဲ့ မူကတော့ နိုင်ငံရေးအကျဉ်းသားကိုရော သူ့မိသားစုကိုပါ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာပါပဲ။ အနည်းနဲ့ အများ ဒုက္ခတွေ့အောင် လုပ်တာပါပဲ။

န-ဝ-တ အစိုးရနဲ့ န-အ-ဖ အစိုးရလက်ထက်မှာ နိုင်ငံရေးလုပ်တဲ့သူတိုင်းဟာ သူရော၊ သူ့မိသားစုရော၊ သူ့အသိုင်းအဝိုင်းရော အကုန်ရန်ရှာခံရပါတယ်။ ကိုစိန်လှိုင်ရဲ့ အစ်မကြီးတွေက စမ်းချောင်းထဲနေတာပါ။ ထောင်ဝင်စာသွားခါနီး တစ်ခါ ပြန်လာတော့ တစ်ခါဆိုသလို ထောက်လှမ်းရေးက ခေါ်ခေါ်မေးပါတယ်။ ရ-ဝ-တ ရုံးကလည်း ခေါ်ခေါ်မေးပါတယ်။ ဒီတော့ အိမ်နီးချင်းတွေက သူတို့ဆက်ဆံရမှာ ကြောက်ရောပေါ့။ ဒါလောက်နဲ့ ရပ်နေကြရင် တော်သေးတာပေါ့။ တချို့ဆို ထောင်ဝင်စာတွေ့ပြီး ပြန်လာတာ ဘူတာရုံလည်း ရောက်ရော မေးစရာရှိလို့ဆိုပြီး ထောက်လှမ်းရေးတပ်ထဲ ခေါ်သွားပါလေရော။ ပြီးတော့ ဘာမှ မမေးဘဲ တစ်နေ့ တစ်ည အခန်းထဲထည့်ထားလိုက်တော့ ကြောက်ပြီပေါ့။ ပြီးတော့ ပြန်လို့ ရပါပြီဆိုပြီး ပြန်ခိုင်းလိုက်ပေမယ့် ခမျာများ နောက်တစ်ခါ ဘယ်လာရဲပါတော့မလဲ။

မြစ်ကြီးနားထောင်မှာ အကျဉ်းကျနေတဲ့ ဒေါက်တာခင်ဇော်ဝင်းတို့ သူ့အမျိုးသမီးက ထောင်ဝင်စာသွားတွေ့သတဲ့။ ထောင်ဝင်စာတွေ့ပြီး တည်းခိုခန်းလည်း ပြန်လာရော ထောက်လှမ်းရေးက လာခေါ်သွားတာ သုံးရက်တောင်ကြာတယ်တဲ့။ သူ့ခမျာ တော်တော်ကြောက်သွားရှာတာပေါ့။ ထောက်လှမ်းရေး

www.burmeseclassic.com



သူ့ယောက်ျားကို လာမတွေ့ရဲတော့ဘဲ ရထားနဲ့ပဲ ပါဆယ်ထုပ်ပို့ပေးရှာတော့တယ်။ ကဲ စဉ်းစားကြည့်ကြပါဗျာ။ လူတစ်ယောက်လုံး ထောင်ထဲထည့်ပြီးတာတောင် အားမရ၊ အိမ်က လူတွေကိုပါ နည်းအမျိုးမျိုးနဲ့ နှိပ်စက်ကြပုံများ။

ဒီလိုဒုက္ခတွေအမျိုးမျိုးနဲ့ ရင်ဆိုင်ပြီးလို့ ၁၂ နှစ်ကြာတော့မှ ကိုစိန်လှိုင် ထောင်က လွတ်လာပါတော့တယ်။ 'ထောက်လှမ်းရေးရဲ့ မလျော်မကန် လုပ်ရပ်များကြောင့် ဖမ်းဆီးခံရသူတွေကို ပြန်လွှတ်ပေးတာ' တဲ့ဗျာ။ လွယ်လိုက်တာ၊ လွယ်လိုက်ကြတာ။ 'မလျော်မကန်' ဆိုတဲ့ စကားလေးတစ်လုံးအတွက် လူတစ်ယောက် ထောင်ထဲ ၁၂ နှစ်နေလိုက်ရတာ မြန်မာပြည်ပဲ။

ကိုစိန်လှိုင် ထောင်က လွတ်လာတော့ ကြောက်ပြီး ငြိမ်သွားမလားမှတ်တယ်။ ပိုပြီးတောင် ရဲလာသေး။ ရွှေဂုံတိုင် NLD ရုံးချုပ်ရှေ့မှာ နေ့တိုင်းတွေ့နေရတာတဲ့ပါတယ်။ ထောင်ထဲမှာ ကျန်ခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ထောင်ဝင်စာပို့ပေးဖို့ရယ်၊ နိုင်ငံရေးအကျဉ်းသားမိသားစုတွေထဲက အတန်းကျောင်းနေဆဲ ကလေးတွေကို ထောက်ပံ့ဖို့ရယ်၊ အတန်းကျောင်းပြီးလို့ တက္ကသိုလ်တက်ဖို့ ခက်ခဲနေသူတွေကို ကူညီဖို့ရယ် အမြဲလုံးပန်းနေတာတွေ့နေရပါတယ်။

ကျွန်တော့်ကိုလည်း အနုပညာအလုပ်မှန်သမျှ လုပ်ကိုင်ခွင့်ပိတ်ပင်ထားချိန်ဆိုတော့ ကျွန်တော်က သိမ်ကြီးဈေး E ရုံက Visual Impact ကားဆက်ခန်းမှာ အမြဲရှိနေတတ်ပါတယ်။ ကြော်ငြာသီချင်းတွေ ရေးလိုက်၊ ကြော်ငြာဇာတ်ညွှန်းတွေ ရေးလိုက်၊ ကြော်ငြာတွေ တည်းဖြတ်လိုက်နဲ့ပေါ့။ အဲဒီမှာ ကိုစိန်လှိုင်နဲ့ နေ့တိုင်းနီးပါး တွေ့ဖြစ်နေတော့တာပါပဲ။ သူက သိမ်ကြီးဈေးမှာ ပလတ်စတစ်အိတ် အရွယ်စုံ လာဝယ်လေ့ရှိတယ်။ ငါးပိ ငါးခြောက်၊ သရက်သီးသနပ် အဲဒါတွေထည့်ဖို့ပါ။ နောက်ပြီး ကြက်သွန်ချဉ်တို့ ဆီတို့ဖူးတို့ လက်ဖက်တို့ကို တစ်ခါဝယ် လူတစ်ရာစာလောက် ဝယ်ရလေ့ရှိပါတယ်။ ကျွန်တော့်မှာ ရှိတဲ့ ပိုက်ဆံလေးလည်း သူဝယ်တဲ့ခြမ်းတဲ့အထဲ ကုသိုလ်ပါဝင်ခဲ့ရပါတယ်။

တကယ်တော့ အဲဒီအချိန်တုန်းက နိုင်ငံရေးအကျဉ်းသားတွေအတွက် ထောင်ဝင်စာပေးဖို့ဆိုတာ အလွန်မှ လူကြောက်တဲ့ကိစ္စပါ။ ဘယ်သူ့ဆီကမှ အကူအညီမရတဲ့ ကာလပေါ့။ လူနာမည်ထုတ်မပြောချင်ပေမဲ့ အဖြစ်အပျက်တစ်ခုလောက်တော့ ထည့်ပြောချင်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတစ်ယောက် အိမ်ကို သတင်းမေးရင်း ထောင်ဝင်စာပစ္စည်းတွေ ပေးဖို့ ကျွန်တော်နဲ့ ကိုစိန်လှိုင် ရောက်ခဲ့ပါတယ်။ လမ်းထိပ်မှာ နိုင်ငံရေးအမှုနဲ့ ထောင်ကျဖူးတဲ့ အကျဉ်းသားဟောင်းတစ်ယောက်နဲ့ တွေ့ပါလေရော။ သူက ဒီလမ်းထဲနေတာတဲ့။ ဒါနဲ့ ကျွန်တော်တို့သွားချင်တဲ့ အိမ်ကို ပြောတော့ သူသိတယ်။ လမ်းပဲ ညွှန်ပါရစေတဲ့။ အဲဒီအိမ်ကိုတော့ မလိုက်ရဲလို့ပါတဲ့ဆိုပြီး ကျန်ရစ်ခဲ့လေတယ်။ ခုတော့ အဲဒီလူက နိုင်ငံရေးအကျဉ်းသားများ ဘာအဖွဲ့မှာ ဘာရာထူးနဲ့ဆိုလားပဲ။ ဒါမျိုးတွေ ပြောရင် မကုန်ပါဘူး။ တကယ် မိုးထဲ ရေထဲမှာ ရုန်းခဲ့ကြတုန်းက ဒီမျက်နှာတွေချည်းပါပဲ။ ခုတော့မှ ရွှေကြာ ငွေကြာတွေ ပေါက်လာလိုက်တာ တိုင်းပြည်လည်း ကြာပဒေသာဖြစ်နေပါပြီလေ။

၂၀၀၇ ခုနှစ် သံဃာတော်များ မေတ္တာသုတ်မရွတ်ခင် ဓာတ်ဆီဈေးတွေ တက်လို့ လမ်းထွက်လျှောက်ကြတော့ ကိုစိန်လှိုင်က ရှစ်ပွဲတွေနဲ့ အတူတူပေါ့။ အဲဒီနေ့ညပဲ သူ့အိမ်မှာ သူ့ကို လာဖမ်းတော့တာပါပဲ။ ဖြစ်ချင်တော့ သူ အိမ်မှာ မရှိဘူး။ ဒီလိုနဲ့ တရားခံပြေးဆိုပြီး ကြေညာခံရပါလေရော။ ထထမတော့ ကိုစိန်လှိုင်လည်း ဟိုအိမ် အိပ် ဒီအိမ် အိပ်ပေါ့။ နောက်တော့ မထူးပါဘူးလေဆိုပြီး ရဲစခန်းမှာ သွားအဖမ်းခံလိုက်ပါတယ်။ ဒီတစ်ခါတော့ သူ့ကို ထောင်မပို့ဘဲ ပြည်ထဲရေးရုံးမှာတင် စစ်ကြောရေးလုပ်ခဲ့ပါတယ်။ ကံဘာရှိ လာတော့ သူ့ကို ပြန်လွှတ်လိုက်ပါရော။

လွတ်လွတ်ချင်းဆိုသလိုပဲ ထောင်ဝင်စာပို့တဲ့ ကိစ္စ သူပြန်လုပ်တာပါပဲ။ အဲဒီတုန်းက ကျွန်တော်ကလည်း NLD က မဥမ္မာ၊ ကိုအောင်ထွန်း (ခုကွယ်လွန်သွားပြီဖြစ်တဲ့) ကိုသန်းထိုက်အောင် (ခေါ်) ကြက်ဖကြီးတို့နဲ့ အတူ ထောင်ဝင်စာတွေ ပို့နေချိန်ဆိုတော့ ကိုစိန်လှိုင်နဲ့ တွဲဖြစ်တော့တာပါပဲ။

သူ့ဆီမှာက စာရင်းအတိအကျရှိတယ်။ ဒါကလည်း အရေးကြီးပါတယ်။ အင်းစိန်ထောင်လို့ လွယ်လွယ်ပြောလို့ မရပါဘူး။ ထောင်ဆောင်နဲ့ သီးသန့်ခွဲပြောရပါမယ်၊ တစ်ခါ အဆောင်နဲ့ တိုက် ခွဲပြောရပါမယ်။ တိုက်ချင်းတူတာတောင် တိုက်အမှတ်(၁)နဲ့ တိုက်အမှတ်(၂) ကူးလူးဆက်ဆံလို့ မရပါဘူး။ ဒီတော့ ကျွန်တော်တို့က တိုက်အမှတ်(၁)မှာ ရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတစ်ယောက်ယောက်ရဲ့ အိမ်နဲ့ အဆက်အသွယ်ရအောင် အရင်လုပ်ရပါတယ်။ ပြီးတော့မှ သူ့ထောင်ဝင်စာကနေတစ်ဆင့် တိုက်အမှတ်(၁)မှာ ရှိနေတဲ့ ကျန်အကျဉ်းသားတွေအတွက် ပစ္စည်းထည့်ပေးရတာပါ။ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းဆီမှာ ပစ္စည်းတွေ များနေပြန်ရင်လည်း ထောင်က သိမ်းဦးမှာမို့ တိုက်တစ်တိုက်မှာ လူခ်သုံးယောက် လောက်နဲ့ ဆက်သွယ်ရပါတယ်။ ဒါကြောင့် ထောင်ဝင်စာပို့ပေးတယ်ဆိုတာ လွယ်လွယ်ပေါ့ပေါ့ကိစ္စ မဟုတ်ပါဘူး။ တရားဝင်လည်း ပို့လို့ မရပြန်တော့ အထဲက လူလည်း မထိခိုက်အောင် ပိပိရိရိလုပ်ရပါတယ်။ ဒါကို တချို့က နားမလည်ဘဲ လာလာပြီး နားရှက်တံတွေးဆွတ်ကြလို့ တကယ်လုပ်နေရတဲ့ ကိုစိန်လှိုင်တို့လို လူတွေဟာ ရင်နာနာနဲ့ ခေါင်းငုံ့ခံပြီး လုပ်နေရရှာတာပါ။ ကိုယ်မှ မလုပ်ရင် ထောင်ထဲက လူတွေ ဘာနဲ့ သွားစားကြမှာလဲ။

ဒီလိုနဲ့ ၂၀၀၈ ခုနှစ် မေလ၊ ဖွန်လမှာ ကျွန်တော်လည်း ထောင်ထဲရောက်သွားခဲ့ပါရော။ ကိုစိန်လှိုင်ကတော့ ဝတ္တရားမပျက်ရှာပါဘူး။ ကုလားပဲ သုတ်လေး၊ ဗယာကြော်လေးတွေ တရားရုံးကိုရောက်အောင် ပို့ပေးရှာပါတယ်။ ကျွန်တော် မြစ်ကြီးနားထောင်ရောက်တော့မှ သူအဖမ်းခံရကြောင်း သတင်းကြားရတော့တယ်။ မတရားအသင်းနဲ့ ဆက်သွယ်လို့တဲ့။

ခုတော့ ကိုစိန်လှိုင်ကြီး ကျွန်တော်တို့တိုက်ဝန်းထဲ ရောက်လာပါပြီ။ ရောက်ရောက်ချင်းပဲ သတင်းတွေ ပိုင်းမေးကြရတာပေါ့။ ဒါထုံးစံပဲ။ သူက လူသစ်တာကိုး။ ကျွန်တော်တို့ကို ဖမ်းလိုက်တော့ ထောင်ဝင်စာပို့ရေးကိစ္စမှာ သူ တော်တော်ထိသွားတယ်။ ပိုက်ဆံလည်းရှုံးရတာ တော်တော်ကျပ်သွားတယ်။ ခု အန်တီနားရောက်နေတဲ့ ကျော်သူရတို့၊ ခင်ခင်ဦးတို့လင်မယားက ပံ့ပိုးလို့သာ သူဆက်လုပ်နိုင်တာပါ။ အဲဒီမှာ AAPP က ကိုတိတ်နိုင်တို့၊ ကိုဘိုကြည်တို့ကလည်း ငွေကြေးအကူအညီပေးကြတော့ ကိုစိန်လှိုင်တို့ မချိတို့က ဝမ်းသာအားရယူပြီး ထောင်ထဲကလူတွေအတွက် လုံလုံလောက်လောက် မိုးစဉ်ပေးနိုင်တာပေါ့။ တချို့ဆို အားမနာလျှာမကျိုး body lotion တောင် မှာသတဲ့။ ဒါကလည်း သူက ရအောင် ပို့ပေးတာပါပဲ။ သူ့ရဲ့ ကြီးလှစွာသော အမှားကတော့ ထောင်ထဲက ဘုန်းဘုန်းတွေဆီ ထောင်ဝင်စာပစ္စည်းပို့တာ အထုပ်မှားပြီး အီဗာ (အမျိုးသမီးသုံးပစ္စည်း) တွေ ပါသွားတာ တစ်ခုပဲ ရှိပါတယ်တဲ့။ လွဲရမယ်လေ၊ ဒါမှ ကိုစိန်လှိုင် အစစ်ဖြစ်မှာပေါ့။

ကျွန်တော်တို့ စကားပြောကောင်းနေတုန်း တာဝန်ကျဝန်ထမ်း မိုးအောင် ရောက်လာတယ်။ မိုးအောင်က လူကောင်သေးသေးရယ်။ ဇေလုဝလောက် ရှိတာ။ အရက်ကတော့ တစ်နေကုန်မူးနေတာပဲ။ စကားပြောရင်တော့ ပုံတိုပတ်စနဲ့ ပြောတတ်သလို ပုံနိုင်းနှိုင်းတာလည်း တော်



တယ်။ ကိုစိန်လှိုင့်ကိုလည်း တွေ့ရော စေ့စေ့ကြည့်ပြီး "အဘ... အဘက ကျွန်ကျောင်းလားဟင်" တဲ့။

ကိုစိန်လှိုင့်ခမျာ ဘာပြန်ဖြေရမှန်း မသိ၊ ကြောင်လို့ရယ်။ ကျွန်တော်တို့ ကိုမြတ်စံတို့ကတော့ အူတွေကို တက်လို့။ ဟုတ်သားပေါ့။ ရောက်ရောက်ချင်းတော့ တစ်ယောက်က ဦးထုပ်ဆောင်းပေးလိုက်၊ နောက်တစ်ယောက်က အနွေးထည်ခြုံပေးလိုက်၊ နောက်တစ်ယောက်က စောင်ခြုံပေးလိုက်နဲ့လေ။ ပေါင်ချိန်ဓာတ်လမ်းတွဲထဲက ကျွန်ကျောင်းနဲ့ တူသွားတာပေါ့။ အဲဒီနေ့က စပြီး ကိုစိန်လှိုင်လည်း 'အဘကျွန်' လို့ နာမည်တွင်သွားတော့တာပါပဲ။

ကိုစိန်လှိုင်ဟာ ထောင်ထဲမှာ အနေကြာတော့ အဆုတ်က သိပ်ကောင်းချင်ဘူး။ စကားပြောရင် လည်ချောင်းရှင်းရှင်းနေရတယ်။ စကားသုံးလုံးလောက် ပြောပြီးရင် တစ်ခါ အဟမ်းလုပ်ရရှာတယ်။ ဆိုပါတော့။

"ကိုသူရ Geopolitic အဟမ်း ပထဝီနိုင်ငံရေးအရတော့ အဟမ်း ကျွန်တော်တို့မြန်မာနိုင်ငံဟာ အဟမ်း အရမ်းအရေးပါတာကို အဟမ်း သတိမူဖို့ လိုတယ် အဟမ်း"

ကျွန်တော်တို့လည်း သူနဲ့ စကားပြောနေရင်း လည်ပင်းတယားယားဖြစ်နေတော့တာ။ ချောင်းဆိုးချင်စိတ်ကို တော်တော်ထိန်းထားရတယ်။ သူ့ကို နောက်သလိုလည်း ဖြစ်မှာ စိုးသကိုး။ ကိုစိန်လှိုင်ကတော့ မသိရှာပါဘူး။ ဒါပေမဲ့ သူ့ဒဏ်ကို ခံလိုက်ရတာက ထောင်မှူးကျော်စိုးပါ။ ဒီထောင်မှူးကလည်း စကားကြီးစကားကျယ် တော်တော်ပြောသာ။ အမှန်ကတော့ ဟန်လုပ်တာ။ နိုင်ငံရေးသမားတွေ ရှေ့ဆိုတော့ သူလည်း ဒီလောက်တော့ သိပါတယ်ပေါ့လေဆိုတဲ့ အထာနဲ့ ဝင်ဝင်ကြိတ်တာပါ။ သူဖတ်ထားတဲ့ စာအုပ်တွေအကြောင်းလည်း ပြောလိုက်ရတာအမော။ အားလုံးက တလွဲ ကြည့်လေ။

"မြသန်းတင့်စာတွေ ကျွန်တော်သိပ်ကြိုက်တာ။ စားတော် မီးဝင်လယ်ဆို သုံးခါရှိပြီ ဖတ်တာ"

ဒီအထိ သည်းညည်းခံလို့ ရပါသေးတယ်။ ဟော လာပါပြီများ။

"နောက်ပိုင်း သူရေးတဲ့ ပါဝီမကျတော့ သိပ်မကိုက်တော့ဘူး ခုတော့ သူ ဘာသာရေးဘက် လိုင်းပြောင်းသွားပြန်ပြီ"

ကိုင်း... မခက်ဘူးလား။ ဆက်ပဲ နားထောင်ရမှာလား။ ပြင်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရမှာလား။ သူ့ရှက်မှာ စိုးတာနဲ့ ကျွန်တော်လည်း အသာငြိမ်နေလိုက်တယ်။ အဲဒီမှာ တွေ့တော့တာပါပဲ။ ကိုစိန်လှိုင်နဲ့လေ။

"ကျွန်တော်ကြိုက်တဲ့ နောက်တစ်ယောက်က အဟမ်း ဟို… ဟိုသိန်းဖေမြင့်ဗျ အဟမ်း အဲ… အဲ… သူ့ရဲ့ တစ်ခုသော သကြန်ခါလေ အဟမ်း အဲလေ… ဟုတ်ပါဘူး… ဘာ… ငွေရတုသဘင်လား၊ ရွှေရတုသဘင်လား၊ အဟမ်း ဟုတ်တယ်ထင်တယ် ကောင်းတယ်နော် အဟမ်း"

ထောင်မှူး တော်တော်မျက်နှာပျက်နေပြီ။ ကိုစိန်လှိုင်ကလည်း သူ့အခန်းထဲမှာ ဟင်းချက်ဖို့ စီစဉ်နေတုန်း၊ သူ့ထုံးစံအတိုင်း တဟမ်းဟမ်းလုပ်နေတာ။ ထောင်မှူးကတော့ ပြေးတော့တာပါပဲ။ ကျွန်တော်တို့က "ကိုစိန်လှိုင်ရာ… သူ့ခမျာ သိသလောက်လေး လာပြောရှာတာ။ ဒီလိုနောက်လိုက်တာတော့ ဘယ်ကောင်းပါ့မလဲ" ဆိုတော့ "ဟာ… ကတ်သီးကတ်သတ် သူ့ဘာပြောနေမှန်းကို မသိပါဘူး" တဲ့။ တစ်ခု ကောင်းသွားတာက အဲဒီထောင်မှူး ကျွန်တော်တို့ဆီ လာကို မလာတော့တာပါပဲ။

သူ့ထံပေးတဲ့ လျှော်ရက်တွေရပေမယ့် သူတို့ကို အမှုစစ်ဆေးနေခဲ့တာလေတော့ ချုပ်ရက် ၆ လကို ထောက်လှမ်းရေးက စာရင်းဖျောက်ပစ်လို့ ကိုစိန်လှိုင် ထောင်ထဲမှာ ၆ လ ပိုနေလိုက်ရပါတယ်။ ကျွန်တော်မလွတ်ခင် တစ်နှစ်လောက် စောပြီး သူလွတ်သွားတာပေါ့။ လွတ်တာနဲ့ ကျွန်တော်တို့ဆီ စားရာတွေ၊ တအုပ်တွေ လာပို့တော့တာပဲ။ အခု လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေတဲ့ ဦးအုန်းကြိုင်တို့၊ ဖြိုးဖြိုးသင်းတို့နဲ့အတူ မြစ်ကြီးနားထောင်မှာ ပိုက်ဆံတွေ၊ ကော်ဖီထုပ်တွေ လာပို့ပေးရှာတယ်။ နိုင်ငံရေးအကျဉ်းသားတွေအတွက် ဘယ်အခါကမှ တာဝန်မလစ်ဟင်းခဲ့သူပါ။ ဒါပေမဲ့ နိုင်ငံခြားက ပေးဝေနေတဲ့ ဘာဆုကိုမှတော့ သူ မရရှာပါဘူး။ ဆုလိုချင်လို့ သူလုပ်နေတာမှ မဟုတ်တာ။

ကျွန်တော် ထောင်က လွတ်လာတော့ သူ့အကူအညီနဲ့ပဲ တစ်နိုင်ငံလုံးက ထောင်တွေဆီ ပစ္စည်းပို့ခဲ့ရတာပါ။ ထောင်ထဲကို ဘောလုံးတောင် ရောက်အောင် ပို့တဲ့သူ၊ ထောင်ထဲက လူတွေ ဘာလိုချင်ချင် ဖြစ်အောင် ပို့ပေးရှာတဲ့သူပါ။ ကျွန်တော်မှတ်မိနေပါသေးတယ်။ နာမည်တော့ မပြောတော့ပါဘူး။ ဘားအံထောင်က လူတွေက စာရေးပြီး မှာတယ်။ ရှားစောင်းလက်ပတ်ပါတဲ့ ဆပ်ပြာတဲ့။ ကိုင်း… ထောင်ထဲ ဆပ်ပြာတိုက်ရ တော်လှရောပေါ့။ ဒါပေမဲ့ ကိုစိန်လှိုင် ရအောင် ပို့ပေးရှာပါတယ်။ တစ်ခါ… တောင်ကြီးထောင်က မှာတယ်။ မန်ယူဘောလုံးအသင်းရဲ့ အင်္ကျီတဲ့၊ သူရောက်အောင်ပို့ပေးရှာပါတယ်။ စစ်တွေထောင်က လာပြန်ရော။ သူတို့လက်နဲ့ ရက်လုပ်ပေးတဲ့ ပုဝါကို ဒေါ်အောင်ဆန်းစုကြည်ဆီ ရောက်အောင်ပို့ပေးပြီး အန်တီကိုယ်တိုင် ပုဝါခြုံလို့ ဓာတ်ပုံရိုက်၊ ထောင်ထဲ ပြန်ပို့ပေးဆိုတာလည်း သူရအောင်လုပ်ပေးရှာပါတယ်။ သူမှုကတော့ ထောင်ထဲက လူတွေ စိတ်ချမ်းသာရေးပါပဲ ရှင်းတယ်။ ဘယ်သူ့ကျေးဇူးတင်တာကိုမှ ခံချင်လို့ လုပ်နေတာမဟုတ်သလို လွတ်လာတဲ့သူတွေကလည်း 'ဦးစိန်လှိုင် ကျေးဇူးပါပဲဗျာ' လို့ မပြောကြပါဘူး။

ထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေ လွတ်လာတော့ သူဟာ အမေ့အိမ်စာသင်ကျောင်းတွေ ထူထောင်တဲ့ဆီ ရောက်သွားပါတယ်။ သာကေတ အမေ့အိမ်ဆိုရင် သူ့အစွမ်းအစကြောင့် မိတ္တူကူးစက်၊ ကွန်ပြူတာတွေနဲ့ ဝေဆာနေပါရော။

NLD ကြားဖြတ်ရွေးကောက်ပွဲဝင်တော့ သူ့မိတ်ဆွေ မချိုအတွက် ဒါးသယ်မ မဲဆန္ဒနယ်မြေမှာ သူလှုပ်ရှားပေးခဲ့ပါတယ်။ ခု မချိုလည်း လွှတ်တော်ကိုယ်စားလှယ်ဖြစ်၊ သူလည်း မချိုရဲ့ ရုံးအဖွဲ့မှူးဖြစ်ပေါ့။ တလောက သူ ဒါးလို့ ဒါးသယ်မမှာ စာပေဟောပြောပွဲ ကျွန်တော်ရောက်ရပါသေးတယ်။ အဲဒါကျန်တော့ သူ့ထုံးစံအတိုင်း အခုလိုမိတ်ဆက်စကားပြောခဲ့ပါတယ်။

"ကျွန်တော်တို့တွေဟာ အဟမ်း ဒီမိုကရေစီခရီးကြမ်းကြီး အတော်များ တူတူလက်တွဲ အဟမ်းခဲ့တဲ့ ရဲဘော်ရဲဘက်အဟမ်းတွေပါ။ ခု နည်းနည်း အဟမ်း ပွင့်လင်းစမှာ ကျွန်တော်တို့ အဟမ်းပိုလုပ်ရမယ့် အဟမ်းကာလပါ။ ဒါကြောင့် ကိုဇာအဟမ်းဂနာကို ဖိတ်ကြားပြီး ဟောပြော အဟမ်းပွဲလုပ်ရတာပါ အဟမ်း အဟမ်း"…။

• • •

www.burmeseclassic.com





# ကိုအောင်ထွန်း (ဒါမှမဟုတ်) အပွားလေး (ခေါ်) ကိုချိတ်ကြီး

ဘာဖြစ်ချင်လဲ၊ အကုန်ဖြစ်တယ်။ ဘာလုပ်ချင်လဲ၊ အကုန်ဖြစ်တယ်။ ဘယ်သွားချင်လဲ၊ ဖြစ်တာပဲ။ ပြီးတော့မှ တလွဲလုပ်တာ ကိုအောင်ထွန်း။ ရှားရှားပါးပါး NLD ထဲမှာ စိတ်အချရဆုံး အစွလာမ်ဘာသာဝင် တက်ကြွသူ၊ NLD သယ်န်းကျွန်းမြို့နယ်ကနေ စတင်ဝင်လာပြီး ဗဟိုမှာရော တိုင်းမှာရော 'ကုလားလေး အောင်ထွန်း' လို့ နာမည်သတင်းမွှေးလေသူ။ ကွယ်လွန်သွားပြီ ဖြစ်တဲ့ ကျိုက်မရောဦးမြင့်သိန်းက စိတ်ချလက်ချ ကျွန်တော့်လက်ထဲအပ် ပေးခဲ့တဲ့ သစ္စာရှိ နှုတ်လုံသူ၊ မေ့လျော့ခံနိုင်ငံရေးတက်ကြွသူ ကိုအောင်ထွန်း (ဒါမှမဟုတ်) အပွားလေး (ခေါ်) ကိုချိတ်ကြီး။

သူက မွတ်စလင်ဆိုလို့ တချို့က ကုလားလေးလို့ ခေါ်တယ်ထင်ရဲ့။ အမှန်က 'အပွားလေး'။ သူ့လက်မှာ လက်ပွားပါလို့ အပွားလေးလို့ခေါ်တာ။ လက်ပွားပါတဲ့လူများ လက်သွက်ခြေသွက်ရှိတယ်လို့ ပြောတတ်ကြပါတယ်။ နိပ်ရင်လည်း လက်ပေါက်တယ်လို့ ဆိုကြပြန်ပါတယ်။ ကျွန်တော့်အမြင်အရ တော့ နှစ်ခုလုံးမှန်ပါတယ်။ တစ်ခုပဲပိုတာပါ။ 'လွဲတာ'တစ်ခုပါပဲ။ အင်းစိန် ထောင်ထဲမှာ 'ထောင်ဝင်ဒါမီယာ' လို့ ခေါ်တဲ့ ငါးဆောင်တိုက်ဆိုတာရှိပါ တယ်။ သံဃာတော်များရဲ့ အရေးတော်ပုံကာလ ၂၀၀၇ ခုနှစ် စက်တင်ဘာ လကုန်မှာ ကျွန်တော်ထောင်ထဲရောက်သွားချိန်မှာပေါ့။ သူက ငါးဆောင် တိုက်မှာ ရောက်နှင့်နေပါပြီ။

အဲဒီမှာ အများစုက NLD တွေပါပဲ။ ရှားရှားပါးပါး လေးနှဆည်အယတ်

www.burmeseclassic.com



ဦးကျော်ဆန်းနဲ့လည်း ဆုံရပါတယ်။ သူက ဗိုလ်မှူးကြီးဟောင်း။ လူဖြောင့် စိတ်တို။ ထောင်အာဏာပိုင်မှန်သမျှ တစ်ယောက်ကိုမှ သူကြည့်မရ။ ထောင်မှာ ထောင်စကားနဲ့ 'တလာစီ'တယ်ဆိုတာ ရှိပါတယ်။ အခန်းထဲ ဝင်ပြီး ရှာဖွေရေးလုပ်တာပါ။ ထောင်ဥပဒေနဲ့ မလွတ်ကင်းတဲ့ ပစ္စည်း ရှိမရှိ ဝင်ရှာတာပေါ့။ ဦးကျော်ဆန်းအခန်းလည်းရောက်ရော ဘာမပြော ညာမပြော ဘိုးတော်ကြီးက ပုဆိုးကွင်းလုံးပုံ ချွတ်ချလိုက်ပြီး "ကိုင်း . . . ကြိုက်သလို ရှာကြစမ်း။ ဟော့ဒီ ဖင်ကြားမှာပါ လာရှာကြ" ဆိုပြီး သူတင်ပါးပုတ်ပြလိုက်ပါသေးရဲ့။ ဒါကြောင့်လည်း ထောင်ဝန်ထမ်းတွေအားလုံး ဦးကျော်ဆန်းဆိုလန့်ကြပါတယ်။ ကိုအောင်ထွန်းကတော့ သိပ်သဘောကျတာ။ 'အဘအဘ' နဲ့ အနားက မခွာဘူး။ ဦးကျော်ဆန်း ဘာပဲ လုပ်ချင်လုပ်ချင်အနားမှာ ကိုအောင်ထွန်း အဆင်သင့်ရှိနေပါတယ်။ ပြီးတော့ သူက ပြောသေးရဲ့။ "ဒီလိုကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်အတွက် အလုပ်လုပ်ပေးနေတဲ့ အဘတို့ကို ကျွန်တော်တို့က နိုင်သလောက် ပံ့ပိုးရမယ်"တဲ့။ ဒါကြောင့် ထင်ပါရဲ့၊ ကိုအောင်ထွန်းဟာ မနက်မျက်နှာသစ်ပြီးတာနဲ့ ဦးကျော်ဆန်း အခန်းရှေ့ရောက်နေတာပါပဲ။ အဘဦးကျော်ဆန်းကလည်း နေ့လယ် ၁ နာရီလောက်မှ အိပ်ရာထလေ့ ရှိတာပါ။ သူက အဘကို ခြေဆုပ်လက်နယ်ပြုပေးဖို့ အခွင့်စောင့်နေတာ။ တစ်ရက် . . . အဘဦးကျော်ဆန်းက ဇက်ကြောတက်နေတယ်ပြောတာနဲ့ ကိုအောင်ထွန်းက ဘာမပြောညာမဆို ဦးကျော်ဆန်းကို ခွဲပြီး နှိပ်တော့တာ။ အဘခမျာ လည်ပင်းကြီးစောင်းသွားရှာပါတော့တယ်။ အဲဒီကစလို့ ဦးကျော်ဆန်းက 'အောင်ထွန်းမလာရ' လို့ အမိန့်ထုတ်ခဲ့တာပါပဲ။ ကံအားလျော်စွာ ကိုအောင်ထွန်းကလည်း လွတ်သွားတော့ သူတို့ပြန်ဆုံခဲ့ကြတော့ပါဘူး။ အခု အဘ ဦးကျော်ဆန်းလည်း ဆုံးပါးခဲ့လေပြီ။

၁၉၉၀ မှာ ကိုအောင်ထွန်း NLD ပါတီထဲ ဝင်ခဲ့ပါတယ်။ ဒီတုန်းက သူ့အသက် ၁၈ နှစ်တောင် မပြည့်သေးပါဘူး။ ရွေးကောက်ပွဲကလည်း လုပ်ခါနီး။ NLD မှာ တက်ကြွတဲ့ လူငယ်တွေ စုဆောင်းနိုင်ဖို့ဆိုတော့ အောင်ထွန်းတစ်ယောက် ခုန်ပေါက်လို့ ဝင်ရောက်သွားတဲ့အခါ သူ့အဖေက အကြီးအကျယ်တားခဲ့ပါသေးတယ်။ သူ့အဖေက ရိုးရိုးအေးအေး။ ပြီးတော့ သိပ်ကြောက်တတ်တာ။ နိုင်ငံရေးဆိုတော့ ပိုဆိုးတာပေါ့။ အထူးသဖြင့်



မြန်မာပြည်မှာ အဖေတို့ အစ္စလာမ်ဘာသာဝင်တွေဟာ လူအမြင်ကတ်အောင် လတ်လျားလတ်လျား လုပ်မနေသင့်ဘူးလို့ ကိုအောင်ထွန်းကို သူ့အဖေက မကြာ မကြာ ဆုံးမလေ့ ရှိပါတယ်။ ကိုအောင်ထွန်းကတော့ နားမရခဲ့ပါဘူး။ ဖင်ပေါ့တဲ့အတွက်လည်း လူကြီးတွေက ကြိုက်တယ်။ ခိုင်းလို့ လူငယ်တွေက ကြိုက်တယ်။ သူ့ရဲ့ အရေးကြီးဆုံး လက္ခဏာတစ်ခုကတော့ နေရာမရွေးတာပါပဲ။ ဘယ်နေရာမှာ ထား ထား နေတယ်။ ရှေ့ထွက်ရလည်း ဖြစ်တယ်။ ထိုင်ခုံတစ်လုံးကို သူယုံကြည်မှုနဲ့ ဘယ်တော့မှ အလဲအထပ်မလုပ်တဲ့ လူပါ။

NLD မှန်သမျှ ထောင်ထဲ အပို့ခံနေရချိန်မှာ ရွှေဂုံတိုင်ရုံးဟာ ခြောက်ကပ်လို့ပေါ့။ ဘယ်သူမှ အဝင်အထွက်မလုပ်ရဲကြဘူး။ ထောက်လှမ်းရေးတွေကလည်း မျက်ခြည်မပြတ် စောင့်ကြည့်လို့ရယ်။ ဒါပေမဲ့ ပါတီတစ်ခုဟာ ပါတီအလုပ်ကိုတော့ စဉ်ဆက်မပြတ် လုပ်နေရမှာပါပဲလေ။ ဒီတော့ NLD ပြန်ကြားရေးက သတင်းတွေ၊ ညွှန်ကြားချက်တွေကို စက်နဲ့ လှည့်ထုတ်နေရတာပေါ့။ ပုံနှိပ်ဖို့က မဖြစ်ဘူးလေ။ ဘယ်ပုံနှိပ်စက်ကမှလည်း ရိုက်မပေးပါဘူး။

ကိုအောင်ထွန်းက ရန်ကုန်မြို့ ၃၂ လမ်းမှာ စက္ကူအရောင်းအဝယ်လုပ်ဖူးတယ်။ စာကူးစက်လည်း လှည့်ဖူးတယ်ဆိုတော့ ဦးထွန်းမြင့်က သူ့ကိုခေါ်ပြီး NLD ပြန်ကြားရေးမှာ လုပ်ခိုင်းခဲ့ပါတယ်။ ဒီနေရာမှာ တစ်ခုလောက်ဖြတ်ပြီး ပြောချင်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ အဲဒီအချိန်တွေတုန်းကလက်ကမ်းစာစောင်တစ်ရွက်နဲ့ ထောင် ၇ နှစ် ချနေချိန်ပေါ့။ ပုံနှိပ်ဥပဒေဆိုတာ လိုသလို သုံးနေချိန်ပေါ့။ NLD ရုံးက ထွက်လာတာနဲ့ ကိုအောင်ထွန်းကို ထောက်လှမ်းရေးက ဖမ်းစစ်တော့တာပါပဲ။ စစ်တိုင်းလည်း ဘာစာရွက်မှ သူ့ကိုယ်ပေါ်မှာ မပါပါဘူး။ ကြာတော့ ထောက်လှမ်းရေးတောင် စိတ်ညစ်လာတယ်။ "မင်း အဲဒီရုံးမှာ ဘာသွားသွားလုပ်နေတာလဲ" လို့ မေးရတဲ့အထိပါပဲ။ သူကလည်း "လူကြီးတွေ ပျင်းမှာ စိုးလို့ စကားသွားပြောရင်း ထမင်းချက်ကျွေးတာပါ" လို့ ဖြေခဲ့တာချည်းပါပဲ။

တကယ်တော့ လူကြီးတွေပြောသမျှ နိုင်းသမျှ အလွတ်ကျက်ပြီး အိမ်ကိုပြန်၊ သယံန်းကျွန်းက သူလူတွေကို ပြန်ပြောပြီး ညမှရေးချင်းစာစီကြတာပါ။ အဲဒီတုန်းက ကွန်ပြူတာစာစီတာလည်း မရှိသေးတော့

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းစက္ကူပေါ် လက်ရေးနဲ့ရေးပြီး စာကူးစက်နဲ့ လှည့်ရတာပေါ့။ တစ်ခါ တလေ လက်နှိပ်စက်နဲ့ ရိုက်ပြီး ထုတ်ရတာလည်း ရှိခဲ့ပါတယ်။ နယ်ကိုပို့တော့ လည်း တော်တော်စွန့်စားရတာပါ။ ရန်ကုန်ကနေ လှိုင်ကော်ကိုသွားတဲ့ ခရီးသည်တင်ကားပေါ်မှာ NLD က စာတွေ အထုပ်လိုက် အဖမ်းခံထိပြီးသွား တော့ ဘယ်သူမှ လိုင်းကားပေါ်အတင်မခံတော့ပါဘူး။ ဒီတော့ ကိုအောင် ထွန်းတို့တတွေ အကြံအဖန်လုပ်ရတာပေါ့။

ကုန်ကားတွေနဲ့ ပို့ရသလို အထည်ထုပ်တွေ၊ ပိတ်စတွေထဲ လိပ်ပို့ရ တတ်ပါတယ်။ တဖြည်းဖြည်းနဲ့ ကိုအောင်ထွန်းရဲ့ကွန်ရက်က ကျယ်လာတယ်။ ယုဇနပလာဇာ၊ မင်္ဂလာဈေးတို့ထိ သူ့နံ့စပ်သွားတယ်။ ကားဂိတ်၊ လှည်းဆိပ်၊ လှေဆိပ်တွေလည်း သူမရောက်မှုတော မရှိသလောက်ပါပဲ။ ပိုပြီးကောင်းသွား တာက သူ့ရဲ့ ဗန်းပြအလုပ်ပါပဲ။ နယ်မြို့တွေကို စာရွက်တွေ၊ ကတ်ပြားတွေ ပို့တဲ့အလုပ်ပါပဲ။ တစ်ဖက်တစ်လမ်းကလည်း မိသားစုဝင်ငွေရ ပါတီရဲ့တာဝန် လည်း ထမ်းဆောင်ပြီးသားဖြစ်ဆိုတော့ နှစ်ဦးနှစ်ဖက် အကျိုးရှိတာပေါ့လေ။ ကြာလာတော့ သူ့အဖေက မဖြစ်ချေတော့ဘူး။ ငါ့သားခြေငြိမ်အောင် လုပ်မှ ဆိုပြီး အိမ်ထောင်ချပေးလိုက်ပါရော။ ကိုအောင်ထွန်းတို့ကတော့ ပိုပြီးတောင် ခြေရှုပ်လာသေး။ သူ့မိန်းမကိုပါ နိုင်ငံရေးနယ်ထဲ ဆွဲထည့်သွားပါရော။ သူ့ မိန်းမခမျာ ဆာရီတဖားဖားနဲ့ စာပို့သမားလုပ်ခဲ့ရပါတယ်။

ကွယ်လွန်သွားပြီဖြစ်တဲ့ ကျိုက်မရောက လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းဆိုရင် ကိုအောင်ထွန်းကို အသည်းစွဲပေါ့။ ပါတီရဲ့ အရေးကြီး လျှို့ဝှက်စာဆိုလို့ကတော့ ကိုအောင်ထွန်းလက်ထဲသာ ထည့်ပေးလိုက်။ လို တဲ့ နေရာရောက်ကို ရောက်စေရမယ်လို့ အပွားလေးဘက်ကနေ အမြဲအာမခံ သူပါ။ ခုတော့လည်း NLD ပြန်ကြားရေးမှာ ကိုအောင်ထွန်းဟာ သူ့လက် သူ့ခြေ ဖြစ်လာတော့တာပေါ့။ ထောက်လှမ်းရေးကလည်း သူ့ကို မျက်ခြည် တစ်ခါမှ အပြတ်မခံပါဘူး။ လစ်ရင် လစ်သလို ခဏ ခဏဝင်ဆွဲပြီး စစ်တာ ပါပဲ။ တစ်ခါမှတော့ လက်ပူးလက်ကြပ်မမိပါဘူး။ ဒါပေမဲ့ 'ယုန်ထောင်မမိ ကြောင်မိ' ပေါ့လေ။ NLD လွှတ်တော်ခေါ်ယူရေးကိစ္စမှာ တန်းမိတော့တာ ပါပဲ။

၁၉၉၈ ခုနှစ်မှာ NLD က တစ်နိုင်ငံလုံး လွှတ်တော်ခေါ်ဖို့ ကိစ္စ ကြေညာလိုက်ပါတယ်။ အစိုးရက အငိုက်မိသွားတာပေါ့။ ဒီတော့လည်း စစ်အစိုးရရဲ့ အကျင့်အတိုင်း ရှက်ရမ်းရမ်းပြီး အကုန်ဖမ်းတော့တာပါပဲလေ။ NLD ဆို တစ်ယောက်မှ မကျန်စေနဲ့ဆိုတော့လည်း ကိုအောင်ထွန်း ပါသွား ရှာပါတော့တယ်။ ရဲ့မှုန်မှာ ထားပြီး ထုလိုက်ထောင်းလိုက် မေးလိုက်စစ်လိုက်နဲ့ လေးလကျော်ကြာသွားတော့မှ ပြန်လွှတ်ပေးခဲ့ပါတော့တယ်။

အပြင်ပြန်ရောက်လာတော့လည်း NLD ရုံးကိုပဲ ကိုအောင်ထွန်းပြန် သွားခဲ့ပါတယ်။ ထုံးစံအတိုင်း ပြန်ကြားရေးပဲပေါ့။ တစ်ခုထူးတာလေးရှိပါ တယ်။ စစ်အစိုးရဟာ လူတော်တော်များများကို အကြောင်းမဲ့ စည်းလွတ်ခါး လွှတ်ဖမ်းပြီး ကောင်းကောင်းဖြင်းလေ့ ရှိပါတယ်။ သူတို့သဘောကတော့ ကြောက်သွားအောင် လုပ်တာပါ။ ကျွန်တော်တွေ့ရသလောက်က လွှတ်လာ ရင် ပိုပိုမာလာကြတယ်။ ငါးဖယ်တွေပေါ့လေ။



အပွားလေးလည်း ပိုမာလာတယ်။ ခြေပိုသွက်လာတယ်။ သူ့ကိုဖမ်း ဖို့ တော်တော်ရှာရတယ်။ လှစ်ခနဲ လှစ်ခနဲပဲ။ ကျွန်တော်တို့က စာပေးချင်လို့ ခေါ်လိုက်တယ်ဆိုရင် ဖြတ်ခနဲပေါ်လာ လှစ်ခနဲပျောက်ပဲ။ ဒေါ်အောင်ဆန်း စုကြည် အကျယ်ချုပ်က ပြန်လွတ်လာပြီး နယ်ခရီးစဉ်ထွက်မယ်ဆိုတော့ သူဟာ ရှေ့ပြေးပဲ။ အန်တီသွားမယ့် လမ်းကြောင်းတစ်လျှောက် သူ့ခြေရာ တွေချည်းပဲ။

ဒါကြောင့်လည်း ဘူတာကြီးအရေးအခင်းမှာ အဖမ်းခံရတာပေါ့။ အန်တီက အထက်မြန်မာပြည်ခရီးစဉ်ထွက်ဖို့ ရထားလက်မှတ်ဝယ်ပြီး ရန်ကုန် ဘူတာကြီးဆင်းတယ်။ အန်တီစီးရမယ့် ရထားစကြိုက ပလက်ဖောင်းနံပါတ်(၁) ပါပေမဲ့ အဲဒီနေ့က စကြို(၂)၊ (၃)၊ (၄)၊ (၅) တွေကပဲ ရထားထွက်တယ်။ ပလက်ဖောင်းနံပါတ်(၁)ကို ပိတ်ပစ်တယ်။ ရထားလက်မှတ်ရောင်းတုန်းက ရောင်းပြီး အခုရထားဘာကြောင့်မထွက်တာလဲဆိုတော့ ဖြေမယ့်သူမရှိပါ ဘူး။ အန်တီကလည်း ရထားမထွက်မချင်းစောင့်မယ်ဆိုပြီး ဘူတာထဲ က မထွက်ဘူး။ အခြေအနေတွေက တင်းမာကုန်တယ်။ တပ်ကလည်း နေရာယူတယ်။ NLD ကလည်း အန်တီ့လုံခြုံရေးမို့လို့ ကာတယ်။ ဒီနေရာ မှာ NLD က အတွင်းစည်း၊ အပြင်စည်းဆိုပြီး နှစ်ထပ်ကာတယ်။ အတွင်း စည်းက အန်တီ့ကို ဝန်းရံထားတာ။ အပြင်စည်းကတော့ ကင်းထုတ်ပြီး ဘူ တာရှေ့ရပ်ထားတဲ့ အန်တီတို့ကားသုံးစီးကို ကရိန်းနဲ့ မပြီး သယ်သွားမှာ နေတာကို။

www.burmeseclassic.com



တကယ့်တကယ် ထိပ်တိုက်ခေါ်ကြတော့လည်း လက်နက်ရှိတဲ့လူကပဲ သာသွားတာပေါ့လေ။ ကိုအောင်ထွန်းတို့အားလုံး အဖမ်းခံရတော့တာပါပဲ။ သေနတ်ကိုင်ပြီး သတ္တိရှိသူတွေက ခဲတံချွန်စက်တောင်မပါတဲ့ ပြည်သူတွေကို ဆောင့်ကန်ထိုးကြိတ်ပြီး ကားတွေပေါ် ပစ်တင်ဖမ်းသွားတာကို ရန်ကုန်လူထုကတော့ ကြည့်လို့ ကောင်းနေကြလေရဲ့။

ဒီလိုနဲ့ အင်းစိန်ထောင်ရောက်သွားခဲ့ကြပြန်ပေါ့။ တစ်ပတ်တိတိ တိုက်ပိတ်၊ ထမင်းမကျွေးဘဲ ဒီအတိုင်းပစ်ထားခဲ့တာပါ။ တစ်ခါ တိုက်ခန်းထဲကနေ အပြင်ထုတ်ပြီး စစ်ကြောတဲ့အခါမှာလည်း တစ်နေကုန် မထိုင်ရပါဘူး။ အဖြေကို မကြိုက်ရင် ဆောင့်ကန်ခံရပါသေးတယ်။ ခုထက်ထိ ကိုအောင်ထွန်းရဲ့ ဘယ်ဘက်နံပါးမှာ အမာရွတ်ရှိနေပါသေးတယ်။ ထောက်လှမ်းရေးကဗိုက်ကို ဆောင့်ကန်လိုက်လို့ စားပွဲစောင်းနဲ့ တိုက်မိပြီး စုတ်ပြဲသွားခဲ့တာပါ။ ဘာဆေးမှလည်း မပေးပါဘူး။ ဖြစ်ချင်တော့ ကိုအောင်ထွန်းကို အဲသလိုကန်ခဲ့တဲ့ ထောက်လှမ်းရေးဗိုလ်ကြီးနဲ့ ပုသိမ်ထောင်မှာ ဆုံခဲ့ကြပါသေးရော။ သူလည်း အကျဉ်းသား၊ ကိုယ်လည်း အကျဉ်းသား။ ကိုအောင်ထွန်းက တရားတွေ ဘာတွေ ကျတာ မကျတာ မသိပါဘူး။ ဒါပေမဲ့ အဲဒီလူ ထမင်းပန်းကန်ကြီးကိုင်ပြီး ထိုင်ငိုနေတဲ့မြင်ကွင်းကိုတော့ မမေ့နိုင်ခဲ့တာ အမှန်ပါ။ ဘာလို့ငိုနေတာလဲသွားမေးတော့ မစားနိုင်လို့၊ ဒီလိုဘဝမျိုးရောက်တာ ခံစားရခက်လွန်းလို့တဲ့။ ကိုအောင်ထွန်းရင်ထဲမှာတော့ ပြောမိလိုက်ရဲ့။ ခင်ဗျားတို့တုန်းက ဒီလိုထမင်းတောင် ကျွန်တော့်ကို မကျွေးဘဲ တစ်ပတ်တိတိ ပစ်ထားခဲ့တာလေ... လို့။ ဒါပေမဲ့ ပြောမထွက်ခဲ့ပါဘူး။ ကိုအောင်ထွန်းဆီမှာ ရှိနေတဲ့ ငါးခြောက်ကလေးနဲ့ ဆေးဘဲဥလေးတောင် သွားပေးခဲ့ပါသေးရဲ့။

* * *

ဒုတိယအကြိမ် ထောင်ကလွတ်တော့လည်း ကိုအောင်ထွန်း NLD ပြန်သွားတာပါပဲ။ အိမ်ထောင်ကျထားပြီး သားတစ်ယောက် သမီးတစ်ယောက်ဆိုတော့ စားဝတ်နေရေးကလည်း လိုလာတာပေါ့။ ဒီတော့ ကျပန်းအလုပ်ကလေးတွေလုပ်ရင်း NLD ပြန်ကြားရေးမှာပဲ ဆက်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ဘဝရဲ့ အမှတ်တရဒဏ်ရာတွေက များလိုက်တာ။ စက္ကူဆိုင်မှာဝင်လုပ်ရင်း တစ်လလောက်ကြာတော့ သူ့ကို NLD ကမှန်း သိသွားလို့ အလုပ်ကထုတ်ပစ်လိုက်ပါရော။ ဟော အဲဒီလူကြီးနဲ့ NLD ပညာရေးကွန်ရက်ပွဲမှာတွေ့တော့ သူ့ကို မမှတ်မိရှာပါဘူး။ ဒါပေမဲ့ အဲဒီစက္ကူဆိုင်ပိုင်ရှင်က အလွန်ရှင်ကြီးလေ။ စားသောက်ဆိုင်မှာ ပန်းကန်ဆေး၊ စားပွဲထိုးလည်း လုပ်ခဲ့ရပါတယ်။ အဲဒီတုန်းကတော့ အလုပ်ထုတ်မခံခဲ့ရပါဘူး။ ဒါပေမဲ့ ဆိုင်ရှင်ကိုနစ်လုံးထိရောင်းမှုနဲ့ ရဲက ဖမ်းသွားတော့ အလုပ်ပြုတ်ခဲ့ရပြန်ပါရော။



ဒီလိုနဲ့ ကိုအောင်ထွန်းတစ်ယောက် ပန်းရံလုပ်ရင်း လက်သမားလုပ်ရင်း NLD ပြန်ကြားရေးအလုပ်ကိုပါ မပျက်ကွက်ခဲ့ရှာပါဘူး။ ဖြစ်ချင်တော့ ၂၀၀၇ ဓာတ်ဆီဈေးတက်တဲ့ ကိစ္စ၊ ပခုက္ကူက စတဲ့ သံဃာတော်အရေးအခင်းတို့ ဆက်တိုက်ဖြစ်ခဲ့ပါတယ်။ ကိုအောင်ထွန်းတစ်ယောက်မပါလိုက်ဘူးဆိုတာ ဘယ်ရှိပါ့မလဲ။ လမ်းလျှောက်ဆန္ဒပြတဲ့ အထဲမှာလည်း ပါလိုက်တာပဲ။ ဘုန်းကြီးဆွမ်းကပ်တော့လည်း ထိပ်ဆုံးက ပါတာပဲ။

ကျွန်တော့်မှာ ခြင်းတောင်းဖုန်းတစ်လုံး ရှိပါတယ်။ အဲဒီဖုန်းကို handset နဲ့ ပြောင်းချိတ်ပေးပြီး သူ့ကို ပေးကိုင်ထားလိုက်ပါတယ်။ မြင်းကို GSM တပ်ပေးလိုက်သလိုပေါ့ဗျာ။ တစ်မြို့လုံးနှံ့နေအောင် အပင်ပန်းခံနိုင်မှုကိုတော့ အံ့အားသင့်ပါတယ်။ သူ့အကူအညီကြောင့်လည်း ဆရာတော်တွေရဲ့ မေတ္တာပို့သုတောင်းပွဲဟာ အရှိန်ကောင်းခဲ့တာပါ။

မင်းကိုနိုင် ဖမ်းသွားပြီ။ ကိုထွန်းမြင့်အောင်တို့ ကိုစိုးထွန်းတို့လည်း ပုန်းနေပြီ။ နီလာသိန်း၊ ဖြူဖြူသင်း၊ နီမိုလှိုင်တို့လည်း ရှောင်နေကြတယ်။ ဒီအချိန်မှာ တစ်ဦးတည်းသော ဆက်သားဟာ ကိုအောင်ထွန်းပါပဲ၊ ဒီကစလို့ သူ့နာမည်လည်း 'ကိုချိတ်ကြီး' လို့ တွင်သွားတာပါ။

ကိုထွန်းမြင့်အောင်တို့က ဘယ်ဘုန်းကြီးနဲ့ ချိတ်ပေးပါဦးဆိုလည်း သူပြေးချိတ်တာပါပဲ၊ နီလာသိန်းက ဆက်သွယ်ရေးလမ်းကြောင်းကောင်းအောင် ဖုန်းတစ်လုံးရှာပေးပါဦးဆိုလည်း သူပဲ။ မဂ္ဂင်ဆရာတော် ဦးဇင်းပညာသားက တခြားဆရာတော်တွေဆီ ဆက်သွယ်နိုင်းတော့လည်း 'ချိတ်ကြီး'ပဲ လိုက်ချိတ်ရရှာတာပါ။ ကျွန်တော်တို့အချင်းချင်း နောက်ပြောင်ပြောနေကြတာရှိပါတယ်။ ဘုန်းဘုန်းတွေနဲ့ အဆင်အပြေဆုံး ကိုအောင်ထွန်းဟာ အစ္စလာမ်ဘာသာဝင်ဆိုတော့ ဗုဒ္ဓဘာသာနဲ့ အစ္စလာမ် ညွန့်ပေါင်းစည်းနေသလားရယ်ပေါ့။

ဆရာတော်တွေ မေတ္တာပို့ လမ်းလျှောက်တော့လည်း ရှေ့ကနေ

www.burmeseclassic.com



လမ်းကြောင်းရှာသူက ကိုအောင်ထွန်း။ ဘုန်းကြီးတစ်ကို ဒေါ်အောင်ဆန်းစုကြည်အိမ်ရှေ့ခေါ်သွားတာလည်း ကိုအောင်ထွန်းပါပဲ။ သူ့ကြောင့် ဘုန်းဘုန်းတွေ လမ်းပိုလျှောက်ရလို့ ဝိုင်းဆူတော့လည်း ရယ်ကျဲကျဲနဲ့ "ဖြစ်ပါတယ် အစ်ကိုရာ ဟဲဟဲ" နဲ့ ပြီးသွားခဲ့ပါရော။

ကြည့်လေ။ မူလလမ်းကြောင်းက ရွှေတိဂုံဘုရားပေါ်က ဆင်းပြီးရင် ကမ္ဘာအေးဘုရား။ ပြီးမှ ဆူးလေဘုရားမှာ မေတ္တာပို့ပြီး လူစုခွဲမယ်ပေါ့။ ဆရာသမားက ရှေ့ကနေ လမ်းကြောင်းပြပြီး ကြည့်မြင်တိုင်ကမ်းနားဘက်ခေါ်သွားပါလေရော။ အဲဒီအချိန်မှာ ကျွန်တော်နဲ့ ကိုကျော်သူက ဒါရိုက်တာ ကိုအောင်မင်းသိမ်း ဆေးရုံတက်နေလို့ မြောက်ဒဂုံက ပင်လုံဆေးရုံကိုရောက်နေတာပါ။

ကိုအောင်ဝေးနဲ့ ကိုမြင့်ထိန်က ဘုန်းကြီးတွေ လမ်းကြောင်းလွဲသွားပြီလို့ အကြောင်းကြားလာတော့မှ ကျွန်တော်တို့ မနေသာတော့ဘဲ မြောက်ဒဂုံကနေ ထွက်ခဲ့ရပါရော။ သူ့ဆီ ဖုန်းလှမ်းဆက်တော့ ဆရာသမားက... "တဲ ဟဲ ဖြစ်ပါတယ် အစ်ကိုရာ။ ခုလည်းတန်းကနေ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ဘွားတော်အိမ်ရှေ့မှာ မေတ္တာသွားပို့မလို့ပါ" တဲ့၊ သူကတော့ အေးအေးပဲ။

ကျွန်တော်က တော်တော်ပူသွားတယ်။ အမေရိကန်သံရုံးရှေ့မှာလည်း အစောင့်တွေ မနည်းမနော။ အန်တီ့အိမ်ရှေ့မှာလည်း တပ်တွေ ချထားတာ နည်းမှတ်လို့။ ကျိုင်ပူနိုင်တယ်ဆိုပြီး တက္ကသိုလ်ရိပ်သာလမ်းအရောက် အငှားကားနဲ့ ဒုန်းစိုင်းရပါတော့တယ်။ မိုးလေးကလည်း တဖွဲဖွဲနဲ့ဆိုတော့ ဘုန်းကြီးတွေအအေးမိတော့မှာပဲလို့ စိုးရိမ်ရ၊ ကမ္ဘာအေးဘုရားလမ်းတစ်လျှောက် အအေး၊ ဖျော်ရည်၊ ဆေး၊ ချောင်းဆိုးပျောက် ငုံဆေး (Vicks) ကပ်လှူဖို့ နေရာယူထားကြတဲ့ သူတွေကလည်း မနည်း။ အစီအစဉ်တွေတော့ လွဲကုန်ပါပြီဆိုပြီး ကျွန်တော်က ဖုန်းတွေ လိုက်ဆက်ရ။ စာရေးဆရာ ကိုတင်သစ်နဲ့ အဖွဲ့က နေရာချထားရေးတာဝန် ယူထားလေတော့ အလှူရှင်တွေကို လမ်းကြောင်းပြောင်းသွားလို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့ ရွှေ့ပေးပါလို့ အကြောင်းကြားရပြန်တာပေါ့။ ဆရာသမားချိတ်ကြီးကတော့ အန်တီ့အိမ်ရှေ့က အတားတွေအဆီးတွေကို ဖယ်ပြီး ဆရာတော် သံဃာတော်တွေကို အန်တီ့အိမ်ရှေ့ ရောက်အောင် ခေါ်သွားခဲ့ပါတော့



တယ်။ အန်တီကလည်း ခြံတံခါးဖွင့်ပြီး တံခါးအတွင်းဘက်ကနေ တရား[illegible] ထွက်နာလိုက်တော့ လူအုပ်ကြီး ငိုပွဲဆင်ပေါ့။ သမိုင်းဝင်ဓာတ်ပုံအဖြစ်[illegible] ချက်ချင်း online ပေါ် တက်လာတော့တာပါပဲ။ အေးအေးချမ်းချမ်းနဲ့ အန်တီ့အိမ်ရှေ့ကနေ ထွက်ခွာလာတော့မှပဲ ကျွန်တော် သက်ပြင်းချနိုင်ပါတော့တယ်။ ကိုချိတ်ကြီးကတော့ 'ဖြစ်ပါတယ် ဖြစ်ပါတယ်'နဲ့ ပျော်လို့ ပြုံးလို့။

တန်းစီပြီး အကုန်ဖမ်းတော့မှ သူ မပျော်နိုင်တော့ဘူး။ သူ့မိန်းမက နွေစေ့လစေ့နဲ့ကို။ ကလေးမွေးဖို့က နေ့လား ညလားပဲလေ။ သူ့မိန်းမကိုထားခဲ့ပြီး ထောင်ထဲ ရောက်လာတော့ သူ့မျက်နှာ မရွှင်လန်းရှာပါဘူး။ သူနဲ့အတူတူ NLD က မဉမ္မာ၊ ကိုသန်းထိုက်အောင်တို့ပါ ပါလာပါတယ်။ ထောင်ဘူး တံခါးဝကြီးမှာ ကျွန်တော်နဲ့ဆုံတော့ မျက်နှာလေး ပျက်တက်တက်နဲ့ 'ဆော်ပြီထင်တယ် အစ်ကိုရေ' တဲ့။

ဒါပေမဲ့ သူထင်သလို ဖြစ်မလာပါဘူး။ တစ်လခွဲလောက်အကြာမှာ ပြန်ထွက်လာပါတော့တယ်။ သူနဲ့ကျွန်တော် ရှေ့ဆင့်နောက်ဆင့်လွတ်လာကြလေတော့ တူရာတူရာစုတတ်ကြတဲ့ သဘာဝအတိုင်း ထောင်ဝင်စာပေးပို့ရေးအပိုင်းမှာ ပေါင်းမိကြတော့တယ်။ အဲဒီအချိန်မှာ ကျွန်တော်ကလည်း သီးလေး သီးအဖွဲ့ကို မျှော်စင်ကျွန်းမှာ ကပြဖို့ စီစဉ်နေချိန်ဆိုတော့ ကိုချိတ်ကြီး ရောက်လာတာဟာ တစ်အား,တိုးခဲ့ပါတယ်။ မျှော်စင်ကျွန်းအငြိမ့်ကို DVB ကနေ ပြဖို့ရော၊ ခိုးကူးတွေနဲ့ ပေါင်းပြီး အငြိမ့်ခွေဖြန့်ဖို့အတွက်ရော ကျွန်တော်တို့ အတူတူလုပ်ခဲ့ကြတာပေါ့။ ရန်ကင်းမှာ၊ တောင်ဥက္ကလာမှာ၊ သယ်န်းကျွန်းမှာ၊ သုဝဏ္ဏမှာ အခွေတွေ ဖြန့်ပြီး ကူး၊ ပြီးတော့ နယ်ပို့။ ရန်ကုန်မှာတော့ ယုဇနပလာဇာကို ပို့။ ဒီနည်းနဲ့ သီးလေးသီးကို တစ်နိုင်ငံလုံးမြင်အောင် ဖြန့်ခဲ့ကြတာပါ။

သီးလေးသီးတွေ စက်ာပူ၊ ထိုင်း၊ ကိုရီးယားရောက်တော့လည်း သူတို့အငြိမ့်တွေ ကျွန်တော့်ဆီ ပို့ပေးတာပါပဲ။ ဒီအခွေတွေကို ပြန်ပွား[illegible] ဖြန့်ဖို့ကတော့ ကိုချိတ်ကြီးတာဝန်ပေါ့။

ထောင်ထဲကို ထောင်ဝင်စာပို့ဖို့ကလည်း သူပဲ ဦးဆောင်ရတာ[illegible] က ဒိုင်ခံချက်၊ ကိုချိတ်ကြီးက ထောင်ကို စားစရာ ဝတ်စရာ [illegible] တစ်ပတ်မှာ လေးခေါက် ပို့ရပါတယ်။ ဒီကြားထဲ NLD က [illegible] တံဆိပ်ရိုက်ပါဆိုလည်း သူပဲ။ Vote NO ဆိုတဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်ပါဆိုလည်း သူပဲ။ ကိုအောင်ထွန်းတစ်ယောက်ရှိနေတာဟာ လူ ၁၀၀ စာ အလုပ်လုပ်တာနဲ့ ညီတယ်ဆိုရင် ပိုမယ်မထင်ပါဘူး။ ဒီကြားထဲ ခြေရာဖျောက် ပုန်းနေတဲ့ နီလာသိန်းတို့ နီမိုလှိုင်တို့တွေဆီကို စားစရာ ဝတ်စရာတွေ ပို့ပေးတာလည်း သူပါပဲ။

အကုသိုလ်က ဝင်ချင်တော့ သူတို့ NLD က ရဲဖော်ထိုက် ဆိုတဲ့ လူငယ်လေးက တောထဲကပြန်လာတယ်။ ရဲဖော်ထိုက်ဟာ မဲဆောက်မှာ သင်တန်းသွားတက်တာပါ။ သူပြန်လာတော့ ဖောက်ခွဲရေးကိရိယာတွေမှာ သုံးလေ့ ရှိတဲ့ ဒီတိုနေတာတစ်ခုပါလာတယ်။ ဘာရယ်မဟုတ်ဘူး၊ တစ်ယောက်နဲ့ တစ်ယောက်တွေ့ရင် 'ငါ ဗုံးနဲ့ ထုလိုက်ရမလား' လို့ နောက်နေကြတာ။ ထောင်စကားနဲ့ဆိုရင် 'ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး' ဆိုသလိုပါပဲ။ တစ်နေ့ ရဲဖော်ထိုက်ကို ရဲက ဖမ်းတဲ့အခါ သူ့လွယ်အိတ်ထဲမှာ ဒီတိုနေတာကို တန်းတွေ့တော့တာပါပဲ။

ဒီမှာတင် ရဲဖော်ထိုက်နဲ့ပတ်သက်တဲ့သူအားလုံး ဆွဲစေတော့တာပေါ့။ အဲဒီအထဲမှာ ကိုအောင်ထွန်းလည်း ပါသွားပါလေရော။ သူ့ကိုဖမ်းတဲ့အချိန်က ညဘက်ကြီး။ ကျွန်တော်ပေးထားတဲ့ လက်ကိုင်ဖုန်းလေးနဲ့ သူက ကျောက်ပန်းတောင်းကို လှမ်းချိတ်နေတုန်း မြန်းဆို သူ့အိမ်ရှေ့ ထောက်လှမ်းရေး ကားက ထိုးဆိုက်လာပါလေရော။ တစ်ခါတည်း လက်ကိုင်ဖုန်းကလေးကို ရေမြောင်းထဲ ပစ်ချလိုက်တာ၊ သွားရှာပြီပေါ့ 'ပလုံ'။

ရဲဖော်ထိုက်နဲ့ အမှုတွဲဆိုပြီး သူ့ကို သတင်းထိမ်ချန်မှုနဲ့ ထောင် ၅ နှစ် ချလိုက်ပါတယ်။ နာဂစ်ကိစ္စနဲ့ ကျွန်တော် ထောင်ထဲ ရောက်သွားချိန်မှာ သူက အိမ်ရှင်ဖြစ်နေပြီ။ ထောင်ထဲ ရောက်တာတောင် ဟိုအဆောင် ဒီအဆောင် ဟိုတိုက် ဒီတိုက် လှမ်းချိတ်နေသေးတယ်။ ရှားရှားပါးပါး ထောင်ထဲမှာ ပုစွန်တုပ်ဟင်း စားရတာ ကိုချိတ်ကြီး အချိတ်တော်လို့ပဲ။

ထောင်ဆေးရုံကို လှမ်းချိတ်ပြီး ဆေးရုံက ဈေးကားနဲ့ ပုစွန်တုပ်နှစ်ကောင် မှာလိုက်တယ်။ ပြီးတော့မှ သူ့အခန်းနံရံနားကပ်ပြီး ကော်ပန်းကန်ကို မီးစာလုပ်လို့ ဟင်းအိုးတည်ပါတော့တယ်။ ဘာပဲဖြစ်ဖြစ် သူရှိနေချိန်မှာ ဟင်းပူပူစားရတာ အမှန်ပါပဲ။

ဒီကနေ့မှ သူ့ကို ပုသိမ်ထောင်ရွှေ့၊ ကျွန်တော့်ကို မြစ်ကြီးနားထောင်ရွှေ့ဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် မတွေ့ကြတော့ပါဘူး။ ၂၀၁၂



ခုနှစ် လွတ်လပ်ရေးနေ့မှာ သူလွတ်လာတော့ ကျွန်တော်တို့ The Art of Freedom Film Festival ကျင်းပရာ တော်ဝင်စင်တာကို သူရောက်လာတယ်။ သူ့ထုံးစံအတိုင်း နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေနဲ့ လျှောက်ချိတ်နေတော့တာပါပဲ။

ပြီးတော့မှ ကျွန်တော်နဲ့အတူတူ ထောင်တွေကို ထောင်ဝင်စာလိုက်ပို့တဲ့အထဲ သူလည်း ပါဝင်ခဲ့ပါတယ်။ သူတစ်ယောက်တည်းနဲ့ ထောင်သုံးထောင်စာလောက်ကို တာဝန်ယူနိုင်သူပါ။ အပင်ပန်းလည်း ခံနိုင်ရှာပါတယ်။ ဒါပေမဲ့ အသက်အရွယ်ကလည်း ရလာ၊ ကလေး ၄ ယောက်အဖေလည်း ဖြစ်လာတော့ သူ့ဘဝရပ်တည်ရေးအတွက်ကလည်း ရှိနေသေးတာပေါ့။ NLD အပေါ်မှာတော့ သစ္စာကြီးဆဲပါပဲ။ ဒီလှိုင်းစာစောင်ဖြန့်တဲ့အထဲမှာလည်း သူ ဝင်ပါပါသေးတယ်။ NLD ကြားဖြတ်ရွေးကောက်ပွဲလုပ်တော့လည်း စွပ်ကျယ်တစ်ထည်တည်းနဲ့ ရန်ကုန်တစ်မြို့လုံး ပတ်နေတာပါ။ သူနေထိုင်ရာ သင်္ဃန်းကျွန်းမှာ NLD အဖွဲ့ဝင်တွေ အသစ်ရွေးကောက်တင်မြှောက်တဲ့အခါမှာတော့ သူ ပါမလာရှာတော့ပါဘူး။ သူ့ကိုယ်သူလည်း ပြောပါတယ်။ ပညာတတ်သူတွေအတွက် အချိန်အခါကောင်းပါတဲ့။ သူကတော့ ခုံထမ်းဆို ထမ်းပါ့မယ်။ မြောင်းပေါက်ဆို ပေါက်ပါ့မယ်တဲ့။

ဘာပဲဖြစ်ဖြစ် ရန်ကုန်မြို့ထဲ ဟိုနားဒီနားမှာ စက်ဘီးလေးနင်းပြီး သူ့ကို တွေ့နေရဆဲပါ။ သူ့သမီးလေး လက်က ဆွဲလို့ စာအုပ်ဆိုင်တွေ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် စာစောင်ရောင်းနေတာကိုလည်း တွေ့တွေ့နေရတတ်ပါတယ်။ သူ့ထုံးစံကိုတော့ မဖျက်ပါဘူး။ လက်ပွားမှာ ဖုန်းချိတ်ပြီး "ဟေး ကိုမျိုးကြီး။ ရွှေစင်စကြာနဲ့ စာစောင် ၃၀၀ ပို့လိုက်ပြီနော်။ မြင်းခြံက ကိုလတ်တို့ကိုလည်း လှမ်းချိတ်လိုက်ဦး။ ကျောက်ပန်းတောင်းတော့ ကျွန်တော်ချိတ်ပြီးပြီ။ မိတ္ထီလာကတော့ ချိတ်လို့မရသေးဘူး။ ညောင်ရွှေက ကိုအောင်စိုးဆီ လှမ်းချိတ်လိုက်ဦးမယ်" လို့ ချိတ်နေတုန်းပါပဲ။

• • •

www.burmeseclassic.com

www.burmeseclassic.com





# အပြုံးမပျက်တဲ့ မှန်းခက်

သူနဲ့ ကျွန်တော်က ရန်ကင်းသားတွေ။ သူမှာ ပိုက်ဆံမရှိ ပညာမရှိ။ ရိုးသားမှုနဲ့ သစ္စာရှိပါတယ်။ ရိုးလွန်းတော့'အ'၊ အ,လွန်းတော့ 'နုံ'။ တချို့ကဆို တော်တော်တောင် အထင်သေးကြရဲ့။ ဒီလိုကောင်ကို ရန်ကင်းမြို့နယ်ရဲ့ ဥက္ကဋ္ဌတင်ရလောက်အောင် ရန်ကင်းမှာ လူရှားသလား... တဲ့။ အကြောင်းသိတွေဆိုတော့ ဒီစကားကြားတိုင်း ကျွန်တော်အမြဲရယ်မိနေတာပါ။

၁၉၉၀ ရွေးကောက်ပွဲအပြီး အားလုံးသိမ်းကြုံးဖမ်းကြတော့ ရန်ကင်းဟာ NLD ကင်းစင်နယ်မြေလိုတောင် ဖြစ်သွားခဲ့ပါတယ်။ ရုံးခန်းတောင် ဘယ်ရောက်သွားမှန်းမသိတဲ့အချိန်မှာ မှန်းခက်က NLD ဆိုင်းဘုတ်ကို သူ့အိမ်ပေါ် ယူတင်သွားခဲ့သူ...။ ဘယ်တုန်းကမှ NLD ကို အထိနိုက်မခံ။ အန်တီ့ကို အထိမခံ။ သူကိုယ်တိုင်က သူပညာမတတ်ပါဘူးလို့ ခဏခဏဝန်ခံလေ့ရှိသလို ပညာတတ်သူတွေ လုပ်ကြပါဆိုပြီး ကျောခင်းပေးတတ်တဲ့ ရှားရှား လူတန်းစား...။ ချောတိုင်တက်တဲ့အခါ အောက်ခြေကနေ ပခုံးထမ်းတင်ပေးတတ်သူ။ သူတကာတက်နင်းတာကို ကြည်ကြည်ဖြူ[illegible] ခွင့်ပြု[illegible] ဘယ်သူပဲဖြစ်ဖြစ် သူ့ထက်သာရင် လမ်းဖယ်ပေးဖို့ ဝန်မလေးသူ။ [illegible] ဘူးလို့ ထင်ရင် လက်မနှေးဘဲ ချက်ချင်းတုံ့ပြန်တတ်သူ။ သူကား... [illegible] ခင် (ခေါ်) ကိုမှန်းခက်။

၁၉၉၄ ခုနှစ်၊ ကျွန်တော် ဒုတိယအကြိမ် ထောင်တ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ကျွန်တော် စတွေ့ခဲ့ပါတယ်။ ကျွန်တော့်မေမေက မိတ်ဆက်ပေးခဲ့တာပါ။ သူဟာ NLD က ဖြစ်ပြီးတော့ ၁၉၉၀ ရွေးကောက်ပွဲအောင်နိုင်ရေးကာလတုန်းက လေးလကျော်ကျော် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတဲ့သူပါ။

ခု... သူက သရုပ်ဆောင်လုပ်ချင်တယ်။ ဟာသသရုပ်ဆောင်။ အရုက်ကတော့ တစ်စက်မှမရှိ၊ ကဆို ချက်ချင်းထက၊ ငိုဆို ချက်ချင်းထငို။ ဒါနဲ့ပဲ ကျွန်တော် မေမြို့ (ပြင်ဦးလွင်) မှာ ရုပ်ရှင်ရိုက်တော့ သူ့ကိုခေါ်သွားခဲ့ပါရော။ ကျွန်တော်တို့တည်းတဲ့ ဘော်ဒါဆောင်ရှေ့မှာက လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိပါတယ်။ ရုပ်ရှင်ရိုက်ကွင်း မစသေးခင် အဖွဲ့သားတွေဟာ အဲဒီဆိုင်မှာ ထိုင်တတ်ကြတာကိုး။ ကျွန်တော့်မိတ်ဆွေ ဗိုလ်ကြီးဌေးဝင်း (အခု အဆိုတော် နေရဲမာန်) ကလည်း မနက် မနက်ဆို အာလူးဖုတ်ရင်း ဆိုင်လာထိုင်လေ့ ရှိတယ်။ သူလာရင် ဘယ်တော့မှ ယူနီဖောင်းဝတ်မလာဘူး။ အရပ်ဝတ်နဲ့ပဲ။

တစ်ရက်တော့ အရိုင်းက ဘာစိတ်ကူးပေါက်တယ် မသိ။ "ဟော့တောင် မျိုးခင်... မင်း နိုင်ငံရေးဝါသနာပါတယ်ဆိုရင် လက်ဖက်ရည်ဆိုင်စားပွဲပေါ်တက်ပြီး တရားဟောစမ်း" ဆိုတော့ ဖြုန်းဆို ခုံပေါ်တက်ရပ်ပြီး တရားဟောတော့တာပါပဲ။ အားလုံးလည်း ကြောင်ကြည့်လို့...။ မေမြို့ (ပြင်ဦးလွင်) ဆိုတာက စစ်တပ်မြို့။ သူက စစ်တပ်မကောင်းကြောင်းတွေချည်း ပြောနေတာ။ 'စစ်အစိုးရ အလိုမရှိ' တွေချည်း ထပ်လို့...။ သူလည်း ပြောပြီးရော ကိုဌေးဝင်းက "ကျွန်တော် တပ်က ဗိုလ်ကြီးပါ၊ ခဏ လိုက်ခဲ့" လို့လည်း ပြောလိုက်ရော ဝုန်းခနဲ မြေပေါ်ထိုင်ချပြီး "ကိုအရိုင်း ခိုင်းလို့လုပ်ရတာပါ၊ ကျွန်တော်မပြောချင်ပါဘူး" ဆိုပြီး ငိုမလို ရယ်မလိုတွေ ဖီးပုပ်ပါလေရော။ ကိုဌေးဝင်းလည်း အားနာလာတော့ 'နောက်တာပါဗျာ' လို့ လျှောလိုက်တယ်။ သူက "သိသားပဲ။ ကျွန်တော်ကလည်း အမှုအရာလုပ်ပြတာ"လို့ ဆင်ခြေလေးတောင် ပေးလိုက်သေးဗျား...။

တကယ် သူ့ကို ထောက်လှမ်းရေးက လာဖမ်းတော့ လက်သီးလက်မောင်းတန်းပြီး ရဲရဲတောက် လိုက်သွားပါရောလား။ သာယာဝတီထောင်မှာ ၁၉၉၆ ကနေ ၂၀၀၀ ပြည့်နှစ်အထိ လေးနှစ်တောင် ကြာခဲ့ပါတယ်။ ထောင်ကျပြီးတော့မှ ပိုပြီးမာလာတယ်ဆိုသလိုပါပဲ။ ထောင်က လွတ်လာတော့ ထီမထင်တဲ့ စတိုင်လ်နဲ့၊ ဘယ်သူ့ကိုမဆို ဆော်မယ် ချမယ်ဆိုတဲ့ ပုံနဲ့။



ဖြစ်ချင်တော့ ရန်ကင်းမှာ NLD အလံကို ကိုင်ရဲတဲ့သူ မရှိချိန်မှာ သူပြန်ရောက်လာတာဟာ ထမင်းဆာနေတုန်း စတုဒိသာနဲ့ တိုးသလို NLD ဆိုင်းဘုတ်ကို အိမ်ခေါင်မိုးပေါ် တက်ချိတ်တော့တာပါပဲ။ ထောက်လှမ်းရေးကလည်း အချိန်တော့ ဘာရမလဲ။ ဆွဲထည့်လိုက်ပြန်တာပေါ့။ ခြောက်လလောက်ကြာတော့ သူ့ကို ပြန်လွှတ်ပေးလိုက်ပါတယ်။ လွတ်တဲ့နေ့ပဲ ကျွန်တော့်ဆီရောက်လာပြီး "ဟဲဟဲ... အစ်ကိုရာ။ အပြုံးမပျက်တဲ့ မုန်းခက်ပါဗျ" လို့ က,များတောင် ကပြနေပါသေးရော။ အမှန်က သူဟာ ကျွန်တော့်ထက် သုံးနှစ်ကြီးပါတယ်။ ကျွန်တော့်အစ်ကိုအလတ်နဲ့မှ ရွယ်တူပါ။ ဒါပေမဲ့ နှုတ်ကျိုးပြီး ကျွန်တော့်ကို အစ်ကိုလို့ချည်း ခေါ်နေတော့တာပါပဲ။

ကျွန်တော်က သူ့ကို အသားလွှတ် အဖမ်းခံတမ်း ကစားနေတာ မကောင်းဘူး။ ထိထိရောက်ရောက် အလုပ်လုပ်စေချင်တယ်။ သူ့မှာ သမီးက လေးယောက်၊ သားက တစ်ယောက်။ ကလေးတွေကိုလည်း ငဲ့ဦး။ မင်းကို ဖမ်းလို့ အစိုးရက ဘာမှမဖြစ်ဘူး။ ဖြစ်မှာက မိသားစုလို့ဆိုတော့... ကျွန်တော့်မိန်းမ ထိန်းနိုင်ပါတယ်တဲ့။ ကျွန်တော်ကတော့ မတရားတာမှန်သမျှ ခံချသွားမှာပဲလို့ တပြုံးပြုံးနဲ့ မိန့်တော်မူပြီး တစ်ပတ်အကြာမှာပဲ အဖမ်းခံရပြန်ပါရော။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ မန္တလေးခရီးစဉ်အတွက် ဘူတာရုံလိုက်ပို့တုန်း ထောက်လှမ်းရေးနဲ့ ရှန်းရင်းဆန့်ခတ်ဖြစ်ရာကနေ အဖမ်းခံရတာပါ။ ဒီတစ်ခါတော့ သူ့ကို ထောင်ငါးနှစ် ချလိုက်ပါတယ်။ ဖြစ်တာက ထောက်လှမ်းရေးတွေကို မျက်နှာချင်းဆိုင် စိန်ခေါ်လို့။ တရားစွဲတော့ တောတွင်းနဲ့ ဆက်သွယ်မှု။ ဒါ 'မြန်မာပြည်ရဲ့ တရားစီရင်ရေး' ပဲ။ ABSDF က ထုတ်တဲ့ ကြေညာချက်ကို မုန်းခက်ရဲ့ လွယ်အိတ်ထဲမှာ တွေ့လို့တဲ့။ မတရားအသင်းနဲ့ ဆက်သွယ်မှုဆိုပြီး ထောင်ချလိုက်တာပါ။

ဒါနဲ့ပဲ အပြုံးမပျက်တဲ့ မုန်းခက်ဟာ ပြည်ထောင်ကို အပို့ခံလိုက်ရပါရော။ ကျွန်တော်ကတော့ သူ့ကို သွားတွေ့ရင်း "ပြည်ထောင်စုဆိုတာ ဒါပေါ့ကွာ။ ပြည်ထောင်မှာ စုကြတာပေါ့" လို့ နောက်တော့ တဟားဟားနဲ့ "ကောင်းလိုက်တဲ့ ပြက်လုံးဗျာ" တဲ့။ သူ့ကိုယ်သူ ... အပန်းလာဖြေနေတဲ့ ပုံနဲ့ မျက်ရည်များတောင် ထွက်အောင် ရယ်...

သူ့အမျိုးသမီးဟာ ကလေးငါးယောက်ကို ဘွဲ့ရအောင် ...



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ခဲ့တယ်။ ခင်ပွန်းသည်က ထောင်ထဲ ဝင်လိုက် ထွက်လိုက်လုပ်နေတာကို တစ်ချက်ကလေး မညည်းညူဘဲ စောင့်ထားခဲ့တဲ့ ဖွဲ့သတ္တိကိုတော့ အလေးပြုလိုက်ပါရဲ့။

မုန်းခက်ကတော့ ဘယ်အချိန်တွေ့တွေ့ ပျော်နေတာပဲ။ ထောက်လှမ်းရေးက လူတွေကတောင် သူ့ကို လက်ဖျားခါတယ်။ "ခင်ဗျား NLD ထဲ ဝင်တာ ထောင်ကျတာပဲ အဖတ်တင်တယ်။ ဘာအကျိုးမှဖြစ်မလာဘူး။ ထွက်လိုက်ပါတော့။ ခု NLD က ထွက်ရင် ထောင်ကလွှတ်ပေးမယ်" လို့ အကြိမ်ကြိမ်လာပြောတာကို တစ်စက်မှ လက်မခံဘဲ NLD အပေါ် သူ့ရဲ့ သစ္စာစောင့်သိမှုကို မှတ်ကျောက်တင်ခံခဲ့ပါတယ်။

ထောက်လှမ်းရေးတွေ တန်းစီအဖမ်းခံရလို့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးတဲ့အခါ သူ ထောင်က ပြန်လွှတ်လာပါရော။ အိမ်ပြန်ရောက်ရောက်ချင်း သူဘာလုပ်တယ်ထင်ပါသလဲ။ သူ့အိမ်မှာ NLD ရုံးဖွင့်တော့တာပါပဲ။ ကျွန်တော်နဲ့ အရိုင်းဆီကနေ စားပွဲ၊ ကုလားထိုင် အလှူခံပြီးတော့ ဆိုင်းဘုတ်တင်ပစ်လိုက်ပါရော။ အဖွဲ့ဝင်လူအင်အားကလည်း ဆယ်ဂဏန်းလောက် ရှိတာဆိုတော့ တော်တော်သတိထားနေရတဲ့ ကာလပေါ့။ မြန်မာလူမျိုးသတ္တိရှင်တွေကလည်း 'NLD ဆို မလာနဲ့' လုပ်နေကြချိန်ကိုး။ မုန်းခက်ခမျာ ရုန်းထွက်ဖို့ တော်တော်ကြိုးစားရရှာပါတယ်။ ကျွန်တော်ကတော့ သူ့ကို အားပေးပါတယ်။ တချို့ကတော့ သူ့ကို နှာခေါင်းရှုံ့ကြတယ်။ အော်ကျယ်အော်ကျယ်လုပ်လို့၊ ဟောင်ဖွာဟောင်ဖွာလုပ်လို့တဲ့။ အမှန်ကတော့ သူဟာ ဟန်မလုပ်တတ်တာပါ။ တတ်ယောင်ကားလည်း မလုပ်တတ်တော့ လူအမြင်ကတ်တာပေါ့။ တချို့ကတော့ လက်ဖက်ရည်ဆိုင်ထိုင်တာနဲ့ နစ်ကိုယ်ကြားပြောတတ်ကြတဲ့ ကာလကြီးပေကိုး။

ဒီလိုနဲ့ မြန်မာ့ပြက္ခဒိန်ရဲ့ အခါအရမ်းဆုံး ၂၀၀၇ ခုနှစ်ရောက်လာတဲ့အခါ သူဟာ အငြိမ်မနေနိုင်တော့ပါဘူး။ ပခုက္ကူကိစ္စပေါ်လာတော့ ပိုပြီး ရှုလာတော့တာပေါ့။ "အစ်ကို... ကျွန်တော် ပခုက္ကူသွားမယ်" ဆိုတာချည်း လာပြောနေတော့ "ဟေ့ကောင်... ငြိမ်ငြိမ်နေစမ်းပါကွာ" လို့ ငေါက်ပြီး ထိန်းထားရပါတယ်။ ဒါပေမဲ့ မရပါဘူး။ မင်းကိုနိုင်တို့တွေ လမ်းလျှောက်ပွဲ လုပ်ပြီးတဲ့အခါမှာတော့ သူတို့အုပ်စုက တာမွေဈေးကနေ ရွှေဂုံတိုင် NLD ရုံးချုပ်အထိ လမ်းလျှောက်ဆန္ဒပြကြတော့တာပါပဲ။ ဓာတ်ဆီဈေးတက်တာကို မခံမရပ်နိုင်လို့ လမ်းလျှောက်ပြီး ဆန္ဒပြကြတာပါ။ ဒါပေမဲ့ ရွှေဂုံတိုင်မီးပွိုင့်မှာ သူတို့တွေကို စွမ်းအားရှင်တွေက အတင်းထိုးကြိတ်ပြီး ဖမ်းပါလေရော။



အခု ဖေ့စ်ဘွတ်တွေ၊ အွန်လိုင်းတွေမှာ တထောင်းထောင်းထနေအောင် သတ္တိတွေပြနေတဲ့ မြန်မာတွေ အဲဒီတုန်းက ဘယ်ရောက်နေကြသလဲလို့ မေးရလောက်အောင်ပါပဲ။ လူတွေကို ကျွဲတွေ နွားတွေလို ကားပေါ်ပစ်တင်ကြ၊ အမျိုးသမီးတွေ အမျိုးသားတွေ ထမိကျွတ် ပုဆိုးလန်နေလည်း ကွဲချင်တဲ့ အရှက်ကွဲ.. နည်းနည်းမှ ဂရုမစိုက်၊ နေ့လယ်ခင်းနေရောင်အောက် လူစည်ကားရာအရပ်မှာ ထင်သလိုပြုကျင့်နေကြတာကို ဆပ်ကပ်ပွဲတယ်ထင်ပြီး ဝိုင်းအုံကြည့်နေကြသူတွေ ဒုနဲ့ဒေးပါ။ ဘယ်တစ်ယောက်ကမှ မတရားဘူးဟေ့... လို့ တစ်ခွန်း (တိုးတိုးလေးတောင်) မအော်ခဲ့ကြပါဘူး။

ဒီလိုနဲ့ မုန်းခက်တစ်ယောက် ပုဆိုးမပါဘဲ ဘောင်းဘီတိုနဲ့ ကျောက်တန်းက ရဲအချုပ်ခန်းကို ရောက်သွားခဲ့ပါတော့တယ်။ လူ ၂၀ ကျော်ကို အခန်းကျဉ်းလေးထဲ ပြွတ်သိပ်ထည့်ထားလေတော့ ထုံးစံအတိုင်း ကိုမုန်းခက်တို့ အော်ဟစ်ဆန္ဒပြတော့တာပါပဲ။ အမြတ်ကတော့ နည်းနည်းပါးပါး အရိုက်ခံရပြီးမှ နေရာကျယ်ကျယ်ရွှေ့ပေးခဲ့ပါတယ်။ အနာခံမှ အသာစံရပေသကိုး။

ရွှေဝါရောင်တော်လှန်ရေးအစမှာ ကျွန်တော် အင်းစိန်ထောင်ရောက်သွားတော့ သူနဲ့ တွေ့ရပြန်ပါတယ်။ သူက ဆေးရုံမှာ...။ နှလုံးဖောက်လို့ ရောက်သွားရှာတာပါ။ သူ့မှာ နှလုံးရောဂါအခံရှိတယ်။ ဆေးမှန်မှန်လည်း သောက်နိုင်ရှာပါဘူး။ အခုလည်း အကျဉ်းသားတစ်ယောက်ကို ဝန်ထမ်းက ထိုးနေတာ ကြည့်မနေရက်လို့ ဝန်ထမ်းကို ဝင်ထိုးရင်းက မူးလဲပြီး ဆေးရုံ ရောက်ခဲ့ရတာပါ။ ကျွန်တော်ကတော့ ကိုယ့်ကျန်းမာရေးကို ကိုယ်ကဂရုစိုက်ပြီး ဘယ်သူကမှ ဂရုမစိုက်တဲ့နေရာမှာ ထင်သလိုမနေဖို့ပဲ ပြောနိုင်ပါတယ်။ ကိုယ်တောင် ပုံမှန်သောက်တဲ့ ဆေးမှ မရတဲ့ဟာ။

ဒီလိုနဲ့ ကျွန်တော် ထောင်က ပြန်လွှတ်လာတဲ့အထိ သူ ထောင်ထဲ ကျန်ခဲ့ပါတယ်။ သူ့အမျိုးသမီးနဲ့ သူ့အတွက် ထောင်ဝင်စာထည့် နေတာကိုလည်း သူက ထောင်ထဲ ပျော်နေသေးတာ။ "... နောက်ကြီးက ငါ့ကို မမေ့ဘူး တွေ့လား.. စားစရာ ...

www.burmeseclassic.com

www.burmeseclassic.com



တယ်'' ဆိုပြီး ကျန်တဲ့ အကျဉ်းသားတွေကို ဝေပြီး ကျွေးပစ်လိုက်တာပါပဲ။ သူ့မှာ ဘာမှမရှိလည်း ဖြစ်သလိုနေနိုင်တဲ့သူပါ။

၂၀၀၈ နာဂစ်အပြီး ကျွန်တော် ထောင် ၅၉ နှစ် အချခံရချိန်မှာ သူကလည်း ထောင် ၄ နှစ် အချခံရပြီး ဗန်းမော်ထောင်ရွှေ့ခံရသလို၊ ကျွန်တော့်ကိုလည်း မြစ်ကြီးနားထောင် ရွှေ့ခဲ့ကြပါတယ်။ ဗန်းမော်မှာ သူဆေးရုံတက်ရတယ်ဆိုတဲ့ သတင်းကြားရတော့ တော်တော်စိုးရိမ်မိခဲ့ပါသေးတယ်။ ဖြစ်ချင်တော့ ဗန်းမော်ဆေးရုံကနေ မြစ်ကြီးနားဆေးရုံကို သူ့ကို လွှဲလိုက်ပါလေရော။ မြစ်ကြီးနားထောင်ထဲမှာကလည်း အခန်းလွတ်က မရှိ။ အဲဒီအချိန် ထောင်ရဲ့ မှုအရ တစ်ယောက်တစ်ခန်းပဲ နေရမှာဆိုတော့ ခွတွေကျလို့ပေါ့။ ကျွန်တော်က ဘယ်သူလဲလို့ မေးတဲ့အခါ မှန်းခက်လို့ သိလိုက်ရတော့ ကျွန်တော့်အခန်းထဲ ခေါ်ခဲ့ပါလို့ ထောင်အာဏာပိုင်တွေကို ပြောလိုက်ရပါတော့တယ်။ ဒီလိုနဲ့ သူ ကျွန်တော့်အခန်းထဲ ရောက်လာတော့တာပေါ့။ သူကတော့ ပျော်လို့...။ တဟီးဟီး တဟားဟားနဲ့လေ။

ကျွန်တော်က ညတိုင်း သွားတိုက်ပြီးမှ အိပ်တော့ သူကလည်း သွားလိုက်တိုက်တယ်။ ဒါပေမဲ့ မနက်အိပ်ရာထတဲ့အခါ ကျွန်တော်က Listrine အရည်ငုံထွေးပြီး ကော်ဖီဖျော်သောက်လေ့ရှိပါတယ်။ ဒါကိုသူက ဘာထင်သလဲ မသိပါ။ တစ်နေ့ ကျွန်တော့်အလစ်မှာ Listrine တွေသောက်ပါလေရော။ ပူပြီးတော့ ဘာအရသာမှမရှိတာကို ကျွန်တော်က အကောင်းအကန်းလုပ် သောက်နေပါတယ်ဆိုပြီး တခြားလူတွေကိုလည်း ပြောနေသေးတာ။ ကျွန်တော်က ဒါ ပလုတ်ကျင်းတဲ့ဟာလို့ဆိုမှ... သိမှ မသိဘဲနဲ့လို့ ရှက်ရယ်ရယ်သေးရဲ့။

ကျွန်တော်တို့ထောင်ဝန်းထဲမှာ မိုးရွာရင် မြေက ချောတယ်။ အိမ်သာသွားတက်ရင် တော်တော်သတိထားရပါတယ်။ တစ်နေ့ ကျွန်တော် အိမ်သာပေါ်က ဆင်းလာပြီး သတိနည်းနည်းလွတ်သွားတော့ လျှောခနဲ ခြေချော်သွားပါလေရော။ ဒါပေမဲ့ အချိန်မီ ထူမတ်နိုင်ခဲ့ပါတယ်။ နောက်တစ်ခါ ဒါပေမဲ့ ပါရစေဦး။ ဒီဒါပေမဲ့ကတော့ တော်တော်နာတဲ့ ဒါပေမဲ့ပါ။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ထိန်းပြီးချိန်မှာပဲ မှန်းခက်ဟာ ကျွန်တော့်ရှေ့တည့်တည့်ကို ခြေထောက်နှစ်ချောင်းထောင်၊ ဖင်တစ်ခုတ်တိုက်ပြီး ရောက်လာပါလေရော။ ဘောပွဲဆိုရင်တော့ ဒါဟာ အနီကတ် တန်းနေတာပေါ့ဗျာ။ သူ့ခြေထောက်နှစ်ချောင်းဟာ ကျွန်တော့်ပေါင်နှစ်ဘက်ကို စုံဆောင့်ကန်လိုက်တော့ ကျွန်တော်လည်း ခြေလွတ်လက်လွတ် ကားခနဲ မြေပေါ်ကျသွားပါလေရော။ နာလိုက်တာ... ဘာပြောကောင်းမလဲ။ သုံးရက်တိတိ လမ်းကောင်းကောင်း မလျှောက်နိုင်ခဲ့ပါဘူး။

အမှန်ကတော့ သူက ကူရှာတာပါ။ ကျွန်တော်လဲပြီထင်ပြီး ထူမလို့ ပြေးအလာမှာ သူခြေချော်ပြီး လျှောခနဲဖြစ်၊ ကျွန်တော့်ကို ဆောင့်ကန်လိုက်သလိုဖြစ်သွားတော့တာပါပဲ။ အဖြေကတော့ သူရော ကျွန်တော်ပါ ရှမ်းဆရာကြီး ဦးစိုင်းနဲ့ ညားသွားတော့တာပါပဲ။ ထောင်ပိုင်ကတော့ ခင်ဗျားတို့က မကြီးမငယ်နဲ့ တော်တော်ဆော့သကိုးလို့ ပြုံးခနဲ စကားဆိုသွားခဲ့ပါတယ်။

ထောင်က လွတ်တော့ သူက အရင်...။ ကျွန်တော့်ထက် တစ်နှစ်ကျော်ကျော်စောပြီး လွတ်သွားပါတယ်။ လွတ်လွတ်ချင်းပဲ ရန်ကင်း NLD ရုံးပြန်ထူထောင်ဖို့ သူလုံးပန်းပါတော့တယ်။ သူနဲ့ ကျွန်တော်အဆက်အသွယ်တလည်း မပြတ်ပါဘူး။ လိုအပ်တဲ့ ငွေကြေးကိုလည်း ကျွန်တော့်သူငယ်ချင်းတွေက မတည်ပေးလို့ သူ ရုံးခန်းလေး ဖွင့်နိုင်ခဲ့ပါတယ်။

အန်တီလွတ်လာတော့ အန်တီ့အိမ်ရှေ့မှာ ကွေးနေအောင်ကနေတဲ့ သူ့ပုံကို ထောင်ထဲမှာ ကျွန်တော်ကြည့်ခဲ့ရပါတယ်။ ကျွန်တော်ထောင်က လွတ်လာတော့ သူချက်ချင်းရောက်လာပါလေရော။ ကျန်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ထောက်ပံ့ဖို့ ကျွန်တော်နဲ့အတူတူ သူလာလုပ်ခဲ့ပါတယ်။ တစ်မြို့ဝင် တစ်မြို့ထွက် သူ လိုက်ခဲ့ပါရောလား။ သာယာဝတီမှာ၊ သာယာဝတီမှာ၊ ပြည်မှာ၊ တောင်ငူမှာ... ပြည်သူတွေ မကြောက်ကြဖို့ တရားများတောင် ဟောလို့...။

ကြားဖြတ်ရွေးကောက်ပွဲမှာ NLD အောင်နိုင်ရေးအတွက် ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ထဲ သူပါသွားတဲ့အခါ ကျွန်တော်တို့ပါ မနေရတော့ဘူး။ သီချင်းတွေ၊ သံချပ်တွေလည်း သူက ရေးရေးပြီး လာလာပြတော့ ပြင်ပေးရပါတယ်။ NLD နိုင်တော့ ရွှေဂုံတိုင်မှာ ကွေးနေအောင် တနေကုန် ကနေတာ သူပါပဲ။

မင်းကိုနိုင်ရယ်၊ ဆရာချစ်ဦးညိုရယ်၊ ကျွန်တော်ရယ် [illegible] ဟောပြောခဲ့ကြတော့ သူက သဘာပတိ။ ကိုဖင်ပိုင်းတို့ တီးမှုတ်တို့

www.burmeseclassic.com

www.burmeseclassic.com



ကိုဝေဠုကျော်တို့၊ ဒါရိုက်တာကြည်ဖြူသျှင်တို့ကလည်း သူ့ကို လာအားပေးကြပါတယ်။ မှတ်မှတ်ရရ စင်ပေါ်တက်ပြီး သဘာပတိစကား မြွက်ကြားတဲ့အခါ ''ဒီနေ့ဟာ ပြည်ထောင်စုနေ့ပါ။ ၁၉၄၇ ခုနှစ်တုန်းက ဗိုလ်ချုပ်တို့ပင်လုံမှာ လက်မှတ်ထိုးနေတုန်း လူမသမာတွေ သတ်တာ ခံခဲ့ရတာပေါ့'' တဲ့။ ပရိသတ်ကတော့ ဘာမှမသိရှာ။ ကလေးတွေဆို ကျွမ်းထိုးလို့ကောင်းနေတုန်း။ ကျွန်တော်နဲ့ မင်းကိုနိုင်မှာသာ တခွိခွိ...။ လုပ်လိုက်ဦးပေါ့ မှန်းခက်ရာ...။ ပြည်ထောင်စုနေ့နဲ့ အာဇာနည်နေ့ Remix ပေါ့...လို့။

ခုတော့ သူဟာ NLD ရဲ့ သာမန်အဖွဲ့ဝင်လေးတစ်ယောက်ပဲဖြစ်



သွားပါပြီ။ ဒါကိုလည်း သူ ကျေကျေနပ်နပ် ခံယူရှာပါတယ်။ ဥက္ကဋ္ဌမလုပ်ရလို့ ထိုင်ခုံပြန်သိမ်းမယ့်အထဲမှာ သူ မပါရှာပါဘူး။ ဘဝတစ်ခုလုံး ထိုးပေးပြီး ခံတပ်ကြီးကို ကာကွယ်ပေးခဲ့ပြီးပြီပဲ။ ဆေးသုတ်ကြမယ့်လူတွေလက်ထဲ သူ ရဲရဲအပ်နိုင်ခဲ့သပေါ့။

တစ်နေ့က သူနဲ့ တွေ့တော့ ၁၉၉၀ သကြြန်မှာ သူကိုယ်တိုင်ရေးခဲ့ဖူးတဲ့ သံချပ်ကလေးကို စာသားပြောင်းလို့ သူက ဆိုပြခဲ့ပါသေးတယ်။

''ငြိမ်းချမ်းရေးတံခါးတွေ ဖွင့်ထားတယ်
သူတို့ကြွေးကြော်တယ်
အန်တီစုရယ် ကြည့်လုပ်ပါဦး
ပေါ်တာတွေဆွဲနေတုန်း'' တဲ့။

ဖာတ်မင်းသား နန်းဝင်းရဲ့ စတိုင်လ် မှင်မောင်းနဲ့ကို ဆိုပြနေတာပါ။


ညော်... မှန်းခက်... မှန်းခက်...။ ဘယ်တော့မှ အပြုံးမပျက်ပါကလား။

• • •



www.burmeseclassic.com

www.burmeseclassic.com






# အန်ကယ်လပ်ကီး

အမှန်ကတော့ သေမှ မလွမ်းချင်။ ကျွန်တော်ထောင်ထဲ ရှိနေစဉ် ကျွန်တော့်အဖေရော အမေပါ ကွယ်လွန်သွားကြသည်။ အဖေ့ကို လွမ်းသော အမေ့ကို တမ်းတသော စာတွေ ကျွန်တော်မရေးဖြစ်ခဲ့။ ကျွန်တော့်မိတ်ဆွေ... သည့် သူတို့ဝန်တာ ကျေခဲ့ပြီ။ 'အန်ကယ်လပ်ကီး' ဟု ကျွန်တော်တို့က ချစ်စနိုးခေါ်သော ဦးဝင်းတင်သည် ကျွန်တော်တို့အားလုံးကို ထားခဲ့ပြီး ... ကတည်းက သေဖို့ ပါလာကြပြီး ဖြစ်သည်။ အန်ကယ်လပ်ကီးသည်လည်း သေရမည်။ ကျွန်တော်လည်း သေရဦးမည်။ သို့သော် အန်ကယ်လပ်ကီး ကား သူ့ဝန်တာ ကျေခဲ့ပြီ။

၁၉၈၈ ခုနှစ်၏ ဩဂုတ်လဆန်းမှာ ဘားလမ်းထဲက စပယ်ဦး ဦး တင်စိုးရုံးခန်းထဲ လူတွေ စုံကြသည်။ စာပေနှင့် အနုပညာရှင်များ ... လက်မှတ်ထိုးဖို့ ဆိုသည်။ ဦးဆောင်သူက ဦးဝင်းတင်။ ထိုစဉ်က ... ကျွန်တော် ငြင်းခုံရဖူးသည်။ ကျွန်တော်က 'အနုပညာရှင်များအစု' (... မဟုတ်) 'အနုပညာရှင်များသမဂ္ဂ' လို့ ကင်ပွန်းတပ်ချင်သည်။ အန်ကယ် လပ်ကီးက ပြုံးပြုံးလေးနှင့် ခေါင်းခါသည်။ 'စာပေ'က ရှေ့မှာ ... ဆိုသည်။ ဘကြီးအောင် (ဦးအောင်လွင်)၊ ဘကြီးမိုး (ဦးမိုးသူ) ... တို့က ခေါင်းတညိတ်ညိတ်။ သို့ဖြင့် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂... မှာ 'စာပေနှင့် အနုပညာရှင်များသမဂ္ဂ' သည် ... ယူခဲ့လေသည်။

www.burmeseclassic.com



စက်တင်ဘာမှာ စစ်တပ်က အာဏာသိမ်းပြီးလို့ ဘာလုပ်ရမှန်း ဘာကိုင်ရမှန်း မသိဖြစ်နေသော ကျွန်တော်တို့ကို ခွဲခေါ်လိုက်သူကလည်း အန်ကယ်လပ်ကီး...။ NLD ပါတီဖွဲ့တော့မှာမို့ အားလုံးကို ပါတီဝင်စေချင်ကြောင်း သူခေါ်ပြောသည်။ သူ့စကားက 'ဝင်ပါ'လို့ တိုက်တွန်းတာမဟုတ်။ 'ဝင်စေချင်တာ' လို့ ဆိုသည်။ ကျွန်တော်က ပါတီနိုင်ငံရေးမလုပ်ချင်ဘူးဟု ခါးခါးသီးသီးငြင်းသော်လည်း သူက အပြုံးမပျက်။ စဉ်းစားဖို့ကိုသာ ပြောသည်။ အန်ကယ်လပ်ကီးနှင့် ကျွန်တော့်မိဘနှစ်ပါးက မောင်ရင်းနှမတွေလို ခင်ကြသည်။ သူက ဖေဖေ့ကို ပြောလေ့ရှိ၏။ "ဒီကောင်က စာဖတ်တယ်။ အပြောကောင်းတယ်။ အသံလည်း ဩဇာရှိတယ်။ နိုင်ငံရေးလုပ်ရမယ်" တဲ့။ ဆရာနန်း (ကျွန်တော့်အဖေကို အန်ကယ်လပ်ကီးက ဆရာနန်းဟု ခေါ်လေ့ ရှိသည်)... ဆရာ့သားကို တိုက်တွန်းပျာ...တဲ့။ ဖေဖေက ကျွန်တော့်ကို ကြိမ်ဖန်များစွာ နားချသော်လည်း ကျွန်တော်နားမထောင်ခဲ့။ ခုထက်ထိလည်း နားမထောင်။

၁၉၈၉ မှာ ကျွန်တော် ပထမအကြိမ် ထောင်ထဲက လွတ်လာတော့ အန်ကယ်လပ်ကီးနှင့် တွေ့ရပြန်သည်။ NLD ပါတီဝင် လျှောက်လွှာလေးထိုးပေးပြီး တစ်ခါတည်း ပုံစံဖြည့်လိုက်ဟု ပြောလာသည်။ အနားမှာ ဦးတင်ဦးနှင့် ဦးဝင်းတိန် ရှိသည်။ ကျွန်တော် မဖြည့်ဖြစ်ခဲ့။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင် ကျွန်တော် ဒုတိယအကြိမ် ထောင်ထဲ ရောက်တော့ အန်ကယ်လပ်ကီးက ဆီးကြိုနေပြီ။ နာမည်ပြောင်ပေးရတာ ဝါသနာပါသော ကျွန်တော်က ဦးဝင်းတင်ကို 'အန်ကယ်လပ်ကီး' ဟု အမည်ပေးခဲ့သည်။ အမှန်ကတော့ သူ့အခန်းက နံပါတ် (၇)။ ဒီတော့ အင်္ဂလိပ်အယူအရ Seven သည် Lucky Number ။ ထို့ကြောင့် အန်ကယ်လပ်ကီးဟု ခေါ်ဆိုခြင်းဖြစ်သည်။ ပညတ်သွားရာ ဓာတ်သက်ပါလေသည်လား မသိ။ နာမည်မှည့်ပြီး မှားမကြာမီမှာပင် အန်ကယ်လပ်ကီး 'အူကျ' တော့၏။

ထောင်ထဲမှာ ညနေဘက်ဆိုလျှင် 'အိမ်သတိရ'ရောဂါ ထတတ်ကြသည်။ မင်းကိုနိုင်နှင့် ကျွန်တော်က အငယ်ဆုံးဆိုတော့ တစ်ယောက်တစ်လှည့် သီချင်းဆိုကြရ၏။ အန်ကယ်လပ်ကီး အမြဲတမ်းဆိုခိုင်းသည့် သီချင်းကား 'နွေနှောင်းဝသန်' ဖြစ်သည်။ ကျွန်တော်က "အန်ကယ်လပ်ကီးရာ





သက်လျှာခေတ့ရော ရှိလို့လား" ဆိုတော့ ရယ်သည်။ အန်ကယ်ကြီး ဦးတင်အောင်က 'အန်ကယ်လပ်ကီး နှင်နေပြီ' ဟု သတိပေးရသည်။ အန်ကယ်လပ်ကီးက လူပျိုကြီးမို့ အထင်မသေးပါနဲ့ဟု ပြန်နောက်သည်။ မည်သို့ပင်ဆိုစေ သူ့အသွေးအသားထဲမှာ သီချင်းတွေ ကဗျာတွေ စီးဆင်းနေသည်။ ဆရာဒဂုန်တာရာ၏ ကဗျာတွေကို သူရွတ်ပြ၏။

"မိုးကုပ်ကုပ်ဝယ်
အို ရုတ်တရက်၊ မျဉ်းဖြူစက်၍
ကွဲအက်ကြောင်းရာ၊ ဟဟ,လာပြီး
မိုးပြာကိုဖြတ်၊ ပတ္တမြားရည်
စီးလည်အဟုန်၊ နီမြန်းကုန်သည်
အရုဏ်ပေါ်စပိုးတဝါး"

ပိုးတဝါးနေ့ ပိုးတဝါးညတွေကို ကျော်ကာ ဖြတ်သန်းရင်း ၁၉၉၄ မှာ ကျွန်တော် ထောင်က လွတ်လာသည်။ အန်ကယ်လပ်ကီးကတော့ ကျန်ရစ်ခဲ့၏။ ကျွန်တော့်မေမေက အန်ကယ်လပ်ကီးကြိုက်တတ်တာလေးတွေ ချက်ချက်ပို့ပေးခဲ့သည်။ ထောင်ထဲမှာ ထောင်ပြန်ကျသော မြန်မာနိုင်ငံ၌ အန်ကယ်လပ်ကီး ထောင်သက်ရှည်ခဲ့လေသည်။

၂၀၀၇ ခုနှစ် သံဃာအရေးတော်ပုံဖြစ်တော့ ကျွန်တော် ထောင်ထဲ ရောက်ရပြန်သည်။ အန်ကယ်လပ်ကီးက အခုတော့ နံပါတ်(၁)အခန်းကို ရောက်နေပြီ။ စာတွေ ဖတ်နေပြီ။ ရေဒီယို (FM) နားထောင်နေပြီ။ တစ်ခေါင်းလုံးလည်း ဖွေးလို့...။ သွားတွေလည်း မကောင်းတော့။ ထောင်ကပေးသော အသားပုံစံကို သူ မစားနိုင်။ ဒါပေမဲ့ မပျက်မကွက် သူယူသည်။ သူ့အတွက် မဟုတ်။ သူမွေးထားသော ဖောက်ထိုးနဲ့ မိုးမျှော်အတွက် ဖြစ်သည်။ ဖောက်ထိုးနဲ့ မိုးမျှော်က ကြောင်ကလေးနှစ်ကောင်။ ထူးသည်က ကျီးကန်းတစ်ကောင်ပါ ရှိသည်။ အန်ကယ်လပ်ကီး လမ်းလျှောက်ထွက်လျှင် ကြောင်နှစ်ကောင်နှင့် ကျီးကန်းက နောက်က တကောက်ကောက်... ကြောင် ရန်မလုပ်ကြ။ ကျွန်တော်က "အန်ကယ်လပ်ကီးရာ... မတည့်တဲ့ ကျီးနဲ့ ကြောင်ကိုတောင် တည့်အောင် လုပ်နိုင်... NLD ဘာလို့မတည့်နိုင်ရတာလဲလို့ မေးတော့ ရယ်သည်။ "... ဆိုတော့ ကိုယ့်စကား နားထောင်တယ်ဟ" လို့ ပြော...



www.burmeseclassic.com

www.burmeseclassic.com



မနက်ဆိုလျှင် အန်ကယ်လင်းကီးက စောစောထ လမ်းလျှောက်သည်။ ဦးအေးဖော်ဝင်း၊ ကိုအေးနေဝင်းတို့နှင့် လမ်းလျှောက်ဖော်လျှောက်ဖက်။ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝင်းအောင်က ကော်ဖီ၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံသည်။ 'သတို့သားလောင်း' သီချင်းကို ဦးနေဝင်းက စာသားရေးပေးတာဟူသော ခေါင်းစဉ်နှင့် ဆွေးနွေးဖြစ်ကြတော့ လူကြီးတွေသီချင်းဆိုကြတော့သည်။ ကျွန်တော်က နိုင်ငံရေးသမားတွေ ဂီတဝါသနာပါတာကို ခေါင်းစဉ်တင်လိုက်တော့ နှစ်ယောက်လုံး သဘောတွေ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းရော သခင်စိုးပါ ဂီတဝါသနာပါပုံကို ပြောဖြစ်သည်။ သို့ဖြင့် မနက်စာထမင်းစားချိန်သာ ရောက်သွားသည်။ စကားဝိုင်းက အမျှင်မပြတ်။ အမှန်က အန်ကယ်လင်းကီးနှင့် အန်ကယ်ဦးဝင်းအောင်တို့ အရင်နေ့က စကားတစ်ခွန်း အဖုအထစ်ဖြစ်ခဲ့ဖူးသည်။ အန်ကယ်ဦးဝင်းအောင်က ဒေါ်အောင်ဆန်းစုကြည်သည် impulsive ဖြစ်သည်ဟု ဝေဖန်လိုက်ရာ အန်ကယ်လင်းကီးက ထိုစကားလုံးအပေါ် ပြန်လည်ချေပခဲ့၏။ သို့တစေ လူကြီးနှစ်ယောက်၏ စကားဝိုင်းက လှပလွန်းသည်။ 'မုန့်တိုင်းကြားမှာ ပွင့်သောပန်း' နှယ်...။ စကားလေးတစ်လုံးမှ အစပြုကာ နိုင်ငံရေးဆွေးနွေးပွဲဆီ ဦးတည်သွားတော့သည်။ သိသိသာသာ ဘက် နှစ်ဖက်ကွဲနေခဲ့သော လူကြီးနှစ်ယောက်၏ ဘုံသဘောထားတူညီမှုက တိုင်းပြည်ကို ချမ်းသာစေချင်ကြလေသည်။

ခုတော့ အန်ကယ်ဦးဝင်းအောင်လည်း အင်းစိန်ထောင်ထဲမှာပင် ဆုံးပါးခဲ့လေပြီ။ တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့သူတစ်ယောက်ရဲ့ ခရီးအဆုံးဟာ သည်လိုဖြစ်သင့်ပါရဲ့လားဟု ကျွန်တော် မကြာမကြာတွေးမိခဲ့သည်။

၂၀၀၈ ခုနှစ်အကုန်နားမှာ အန်ကယ်လင်းကီး လွတ်သွားသည်။ ကျွန်တော့်ဆီ စာအုပ်လေးတွေ ပို့ပေးသည်။ ကျွန်တော့်အဖေဆီ ကျွန်တော့်အမေဆီ သူရောက်အောင် သွားလို့ အားပေးစကားပြောသည်။ သူ့ကျန်းမာရေးကတော့ သိပ်မကောင်းတော့။ နှလုံး၊ အသည်း၊ ကျောက်ကပ် စုံပြီ။ ကျွန်တော်ထောင်က ထွက်လာခါမှ နိုင်ငံရေးကို ဦးစားပေးလုပ်မည်လို့ ပြောတော့ သူဝမ်းသာသည်။ စောစောကတည်းက လုပ်ရမှာဟု ပြော၏။ NLD နဲ့ပတ်သက်လို့ ကျွန်တော်ကဝေဖန်လျှင် အန်ကယ်လင်းကီးက "မဝေဖန်နဲ့။ လာခဲ့။ NLD ထဲ ကိုယ်တိုင်ဝင်လုပ်ပြီး ကိုယ်ဖြစ်ချင်တာတွေပြင်" လို့



ပြောလေ့ ရှိသည်။


အရင်က ဆရာ(လူထု)ဦးစိန်ဝင်းအိမ်မှာ စကားဝိုင်း စုပြီး ပြောလေ့ရှိသည်။ ဆရာဆုံးပါးသွားတော့ နေရာပျောက်သွားပြီ။ ကျောက်ကုန်းက အန်ကယ်လင်းကီးအခန်းလေးထဲမှာ တစ်ခါ တစ်ခါ သွားဆုံဖြစ်သည်။ ကျွန်တော်လုပ်သည့် ရုပ်ရှင်ပွဲတော်တို့၊ ဆရာကြီးဦးရာဇတ်ဂုဏ်ပြုပွဲတို့ကို လာတက်ပေးသည်။ မိန့်ခွန်းပြောပေးသည်။ တွေ့တိုင်း နိုင်ငံရေးလုပ်ဖို့ကိုပဲ တိုက်တွန်းသည်။ ကျွန်တော် နိုင်ငံရေးနယ်ထဲ တစ်ကိုယ်လုံးပုံမဝင်လာတာကို သူ မကျေနပ်။

ခုတော့... အန်ကယ်လင်းကီး ထွက်ခွာသွားခဲ့ပြီ။ သူပြောနေကျ "ဘယ်စစ်အာဏာရှင်ကမှ ငါတို့ကို မချေမှုန်းနိုင်ဘူး" ဟူသော စကားကို အမြဲကြားယောင်မိသည်။ တစ်ပွင့်ပြီးတစ်ပွင့်သာ ကြွေသွားလေပြီ။ သေနတ်ပြောင်းတို့က အရောင်လက်နေဆဲ...။

• • •

www.burmeseclassic.com

www.burmeseclassic.com





# မန်းချောင်းလရောင် ဟက်ချွန်းခဲ့တဲ့ မြလမ်းချမ်းသူ ကဗျာဆရာ နိုင်ငံရေးသမား

အညာသားလေးတစ်ယောက်ဟာ ကဗျာဆရာဖြစ်ဖို့ ရန်ကုန်မြေ ခြေချခဲ့တယ်။ မန်းချောင်းက လရောင်ဟာ တက္ကသိုလ်ထဲမှာ မသာနိုင်တော့ဘဲ အင်းစိန်ထောင်ထဲ သွားသာနေတာပေါ့။ လရောင်ပါပဲ။ မင်္ဂလာတောင်ညွန့်မှာ၊ ဗဟန်းမှာ၊ တာမွေမှာ၊ မြေနီကုန်းမှာ... ဆင့်လို့ ဆက်လို့ သာသွားတယ်။ နောက်တော့ ရုပ်ရှင်ပိတ်ကားပေါ်၊ ဗွီဒီယိုတိပ်သားပေါ် သည်လရောင်လေး ရောက်လာသေးသပေါ့။

လရောင်လေးပါ...။ တကယ် အေးအေးမြမြ လရောင်လေးပါ။ ဒါပေမဲ့ ကြမ်းကြမ်းရှရှဘဝတွေထဲကို ဦးစိုက်ထိုးနှစ်ပြီးမှ ထွန်းလင်းခဲ့ရတဲ့ မန်းချောင်းနံ့ဘေးက လရောင်လေး (သို့မဟုတ်) မင်းဘူးသား ဇော်သက်ထွေး...။

၁၉၈၈ ခုနှစ်၊ လှိုင်းလေကြမ်းနေတဲ့ ကာလတစ်ခုမှာ ကျွန်တော်နဲ့ သူနဲ့ ဆုံတွေ့ခဲ့ပါတယ်။ ဓာတုဗေဒကျောင်းသားတစ်ယောက်အနေနဲ့ တက္ကသိုလ်နိုင်ငံရေးလှုပ်ရှားမှုထဲ သူ ပါဝင်ခဲ့တာပေါ့။ နောက်တော့ ကျောင်းသားတွေ ထူထောင်ကြတဲ့ လူ့ဘောင်သစ်ပါတီထဲကို သူရောက်သွားခဲ့တယ်။

တစ်ရက်တော့ သူ ကျွန်တော့်အိမ်ကို ရောက်လာတယ်။ မင်းဘူးသားက မေမြို့ပန်းတွေ တပွေ့တပိုက်နဲ့ပေါ့။ ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ မိုးသီးဇွန်၊ မိုးဟိန်း၊ မင်းကိုနိုင်တို့ရဲ့ ဟောပြောပွဲအသံသွင်းရည် ရဲရဲတောက်သီချင်းတွေရယ်ကို သူ ယူလာခဲ့လေတယ်။

www.burmeseclassic.com



တစ်ညလုံး တစ်ချက်မှ မမှေးမိတ်ဘဲ သူနဲ့ ကျွန်တော် အဲဒီအခွေတွေကို တည်းဖြတ်ကြပါတယ်။ နောက်တစ်နေ့မနက်ကျရင် အနော်ရထာလမ်းမပေါ်က ချစ်စိန်ဒန်ပေါက် အပေါ်ထပ် လူဘောင်သစ်ရုံးခန်းမှာလုပ်မယ့် ဟောပြောပွဲမတိုင်ခင် ဖွင့်ဖို့... တဲ့။

သည်လိုနဲ့ ကဗျာဆရာဟာ ပါတီရဲ့ အတွင်းရေးမှူး ဖြစ်လာတော့တယ်။ နောက်တော့ 'မျိုးချစ်ဒီမိုကရက်တစ် လူငယ်တပ်ဦး' ဆိုပြီး သူဟာ ပါတီပြောင်းသွားပြန်တော့တယ်။ ကျွန်တော် ထောင်ထဲကနေ ပြန်ထွက်လာတဲ့အခါ 'ဗဟိန်းအောင်' လို့ ကိုယ့်ကိုယ်ကိုယ် နာမည်ပေးထားတဲ့ မောင်သက်ဇော်ဟာ ပြည်ခရိုင်နဲ့ မင်းဘူးဒေသတစ်ဝိုက်ကို အခြေပြုထားတဲ့ နိုင်ငံရေးသမား ဖြစ်နေပြန်ပါတယ်။

ကျွန်တော်ကတော့ ရုပ်ရှင်သမားပီပီ သူတို့မင်းဘူးဒေသဘက်ကို ဇာတ်ကားရိုက်ဖို့သွားတဲ့အခါမှာ သူ့အိမ်ကိုမှ ရွေးတည်းရတော့တယ်။ ညမထွက်ရ အမိန့်ထုတ်ထားတဲ့ ဒေသမှာ ပွဲကဖို့ ခက်လေတော့ မိုးဝင်းတို့မိုးဝင်းတို့ခမျာ နေ့လယ်ဘက်ကြီး ဇာတ်ကရပါတယ်။ ရွှေစက်တော်နားက ငဖဲဆိုတဲ့ဒေသမှာတော့ မိုးဝင်းတို့ဇာတ်အဖွဲ့ကို ပွဲမိန့်ပိတ်ခဲ့လိုက်ပြန်ပါတယ်။

ပါဝါပြလိုက်သူကတော့ မြို့နယ်ဥက္ကဋ္ဌပါပဲ။ သူ့ကို မြို့ပိုင်လို့တောင် ခေါ်သတဲ့။ သူ့ရောဂါက တော်တော်ကြီးပါတယ်။ အရက်သောက်တာတောင် စားပွဲပေါ် သေနတ်တင်ထားတယ်။ ကျွန်တော်က မိုးဝင်းအဖွဲ့ကို ကပြခွင့်ပေးဖို့ သွားပြောတော့ အဲသည်မြို့ပိုင်ဆိုတဲ့လူက ကျွန်တော့်ကိုမောင်းထုတ်တယ်။

မောင်သက်ဇော်တို့က ကျွန်တော့်ကို အဲသည်ဆိုင်ထဲက ထွက်ပြီး ပြန်စေချင်ကြတယ်။ ကျွန်တော်ကတော့ အဲသည်မြို့ပိုင်ကို ထပ်ဖျောင်းဖျတဲ့အခါမှာ သူက ကျွန်တော့်ကို သေနတ်နဲ့ ချိန်ပြီး ခြိမ်းခြောက်ပါတော့တယ်။ ကျွန်တော်က ဆိုင်ထဲမှာ မဆိုင်သူတွေ အနှောင့်အယှက်ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ခင်ဗျား ဆိုင်ပြင်ထွက်ခဲ့။ ကျွန်တော့်ကို ပစ်လို့ ရတယ်ဆိုပြီး စိန်ခေါ်လိုက်တယ်။ ကဗျာဆရာမောင်သက်ဇော်က နည်းအမျိုးမျိုးနဲ့ တားရှာတယ်။ ကျွန်တော်ကတော့ သေနတ်နဲ့ ပစ်တာ ခံဖို့ သေနတ်နဲ့ လူကို ဆိုင်ပြင်ကနေ ကျောခိုင်းထွက်ခွာခဲ့ပါတော့တယ်။

မောင်သက်ဇော်ကတော့ ပြောမဆုံးပါဘူး။ ကဗျာတစ်ပုဒ်တောင် ရေးထုတ်လိုက်ပါရဲ့။

"သေနတ်က ပါးစပ်ကို ကြောက်သတဲ့
ကိုယ်တွေ... ကိုယ်တွေ"

၁၉၉၀ ရွေးကောက်ပွဲမတိုင်ခင် ကျွန်တော် ထောင်ငါးနှစ် အချခံရပါတယ်။ မောင်သက်ဇော်လည်း မိရာ ရထားနဲ့ အမိလိုက်လာတယ်။ ထောင်ဒဏ် ၇ နှစ်... တဲ့။ သူနဲ့ ကျွန်တော် ထောင်ထဲမှာ မဆုံခဲ့ရပါဘူး။ ဘာလို့လဲဆိုတော့ သူ့ကို တောင်ငူထောင်ပို့လိုက်လို့ပါ။ ၁၉၉၆ ခုနှစ်မှာတော့ သူနဲ့ ကျွန်တော်ပြန်ဆုံခဲ့ရပါတယ်။ သူထောင်ထဲမှာ ရှိနေတုန်း သူ့အဖေဆုံးပါးခဲ့ရပေမယ့် သူသိခွင့်မရခဲ့ပါဘူး။ ဖြူးမြို့က မိတ်ဆွေများ စာပေဆုပေးတဲ့ နေ့မှာ သူထောင်က လွတ်ပြီး ကျွန်တော့်ဆီ ရောက်လာတယ်။ တစ်နေ့တည်းပါပဲ။ တာရာမင်းဝေရယ်၊ နီကိုရဲရယ်၊ မောင်သက်ဇော်ရယ်ဟာ စာပေဆုပေးပွဲကနေ ကျွန်တော့်ရုပ်ရှင်ရိုက်ကွင်းကို လိုက်လာခဲ့ကြတယ်။ အဲဒီနေ့မှာပဲ မောင်သက်ဇော်ဟာ ဇာတ်ညွှန်းစရေးပါတော့တယ်။ "ရုပ်ရှင်ဇာတ်ညွှန်းအကြောင်း ကျွန်တော်ဘာမှ မသိဘူး" လို့ သူပြောပေမယ့် ကျွန်တော်က သူ့ကို အတင်းရေးခိုင်းခဲ့ပါတယ်။ ဘာမှ မသိတာကိုက ဇာတ်ညွှန်းဖြစ်နေပြီလို့ ကျွန်တော် သူ့ကို ပြောခဲ့ပါတယ်။ အဲဒီနေ့က စလို့ ကဗျာဆရာ၊ နိုင်ငံရေးသမားဟာ 'ဇာတ်ညွှန်းရေးဆရာ ဇော်သက်ထွေး' ဖြစ်သွားပါတော့တယ်။

၂၀၀၀ ခုနှစ်တွေမှာတော့ သူဟာ သူ့ဘဝကို အားကစားအယ်ဒီတာအဖြစ် ထုဆစ်လိုက်ပြန်ပါတယ်။ ကျွန်တော်ရယ် သူရယ် ထိန်ထိန် (ပန်းချီ ထိန်လင်း) တို့ဟာ ညတိုင်းညတိုင်း အနုပညာအကြောင်း၊ ဂီတအကြောင်း၊ ရုပ်ရှင်အကြောင်းတွေ ဖလှယ်ကြ၊ ငြင်းခုံကြနဲ့ပေါ့။ ထိန်လင်း ထောင်ထဲရောက်သွားပြန်တော့ ဇော်သက်ထွေးနဲ့ ကျွန်တော်ဟာ အတွဲများခဲ့တယ်။ မြန်မာပြည်ရဲ့ နာမည်အကြီးဆုံး Eleven အားကစားဂျာနယ်ကြီးနဲ့ အတူ ဇော်သက်ထွေးလည်း နာမည်တွေ တရှိန်ရှိန်တက်လာပါတော့တယ်။

ဒါပေမဲ့ ထောက်လှမ်းရေးရဲ့ ညစ်ပတ်မလျော်ညီတဲ့ လုပ်ရပ်တစ်ခုက ဇော်သက်ထွေးကို ထောင်ထဲ ပို့လိုက်ပြန်ပါတယ်။ ဒီတစ်ခါထောင်ချလိုက်တဲ့ ပုဒ်မကတော့ နိုင်ငံတော်နဲ့ စစ်မက်ဖက်ပြိုင်လို့...တဲ့။ သေဒဏ်ပြစ်ဒဏ်ရသူတိုင်းကို တုန်လှုပ်စေခဲ့ပါတယ်။ အိမ်ထောင်ကျခါစ ကဗျာဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ အားကစားအယ်ဒီတာတစ်ယောက်ဟာ ဘာကြောင့်နှင့်များ






www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်ကို ပုန်ကန်မှာတဲ့လဲ။ သူထက် အသက် ဆယ်နှစ်ငယ်တဲ့ အိမ်သူသက်ထားခမျာ 'သေဒဏ်' ဆိုတဲ့ စီရင်ချက်ကို ရင်နဲ့ပွေ့ပြီး အိမ်ကို သတင်းမေးတောင်မလာတော့တဲ့ သူ့မိတ်ဆွေဆိုသူတွေကို မျှော်ရှာနေလေရဲ့။

န–အ–ဖ အစိုးရရဲ့ ထင်ရာလုပ်တတ်တဲ့ ဉာဉ်ဆိုးကို တုန်နေအောင် ကြောက်သူတွေကတော့ ဖော်သက်ထွေးဆိုတဲ့ နာမည်တောင် သူတို့အိမ်တွေမှာ မခေါ်စေခဲ့ပါဘူး။ အိမ်အောက် ရောက်တာတောင် အိမ်ပေါ် မော်မကြည့်တဲ့သူတွေကို သူ့ရဲ့ ကြင်စဦးဇနီးမယားကတော့ မိတ်ဆွေလို့ခေါ်ဖို့ ခက်တာတော့ ဘယ်ဆန်းပါ့မလဲ။

ကံဆိုတာ မမြင်ရဘူးဆိုသလိုပဲ။ တပ်မတော်ထောက်လှမ်းရေးတွေ ပြုတ်ကုန်တဲ့အခါမှာ 'မလျော်မကန်စီစဉ်ထားတဲ့ အမှု' ဆိုပြီး သူ့ကို ပြန်လွှတ်ပေးခဲ့ပါတယ်။ ဒါဟာ ပျော်ရွှင်စွာ ဖတ်သိမ်းကြရမှာပါ။ ဒါပေမဲ့ ဒီအတိုင်းဖြစ်မလာခဲ့ပါဘူး။ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးက သူ့ကိုခေါ်ယူခဲ့ပေမယ့် ကံကောင်းထောက်မစွာ ထောင်ထဲထိ ရောက်မသွားခဲ့ပါဘူး။ ဒါပေမဲ့ ၂၀၀၈ နာဂစ်မုန်တိုင်းဒဏ်သင့်သူတွေကို ကူညီတဲ့အခါမှာတော့ သူ အဖမ်းခံရပြီး ထောင်ဒဏ် ၁၉ နှစ် အချခံလိုက်ရပါတော့တယ်။

လူကို လူချင်း ကူညီတာ၊ ဒုက္ခရောက်နေသူတွေကို ကူညီတာ ထောင်ချတယ်ဆိုတဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့မြေပုံပေါ်မှာ တကယ်ရှိခဲ့ပါတယ်။ သူနဲ့ ကျွန်တော် အင်းစိန်ထောင်ထဲကို အတူရောက်သွားခဲ့ရပါတယ်။ ထောင်ဆိုတာကို အရေထူနေတဲ့ သူဟာ သည့်တစ်ခါမှာတော့ မျက်နှာလေးက ညှိုးလို့ရယ်။ ထောင်ရှေ့ ကုက္ကိုပင်ကြီးအောက်မှာ သူ့ကို မျှော်နေသူက ဇနီးသည်တစ်ယောက်တည်းမဟုတ်တော့ပါဘူး။ တီတီတာတာ ပြောတတ်နေတဲ့ သမီးလေး 'ဘုံဘုံ'ပါ ရှိနေပါပြီ။ သူ ထောင်ဘူးတံခါးဝထဲ ဝင်လိုက်ချိန်မှာ နောက်ပြန်တစ်ချက် လှည့်ကြည့်မိလိုက်တယ်။

"ဖေဖေ... တာ့တာ..." ဆိုတဲ့ သမီးလေး ဘုံဘုံရဲ့ အသံဟာ လေထုကို ခွင်းပြီး ကဗျာဆရာရဲ့ ရင်ထဲ တိုးဝင်သွားတော့တယ်။ "သမီးလေးရေ..." အစချီတဲ့ ကဗျာပေါင်းများစွာ သူမွေးဖွားခဲ့ပါတော့တယ်။

သူနဲ့ ကျွန်တော် အင်းစိန်ထောင်ကြီးရဲ့ ငါးဆောင်တိုက်ခန်းထဲမှာ အတူနေခဲ့ချိန်တွေမှာ သူပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိပါတယ်။ "ကျွန်တော် ဘယ်ပါတီမှ မဝင်ဘူး။ အမြေမထွက်တဲ့အလုပ်မှန်ရင် ဘာမှမလုပ်ချင်ဘူး"



တဲ့။ မှန်ပါတယ်။ ၂၀၀၉ ခုရဲ့ ဆောင်းညတွေမှာ သူနဲ့ ကျွန်တော်ခွဲခွာခဲ့ရတယ်။ သူက တောင်ကြီးထောင်၊ ကျွန်တော်က မြစ်ကြီးနားထောင်ဆီ အရွှေ့ခံခဲ့ရတာပေါ့။ လူချင်းမတွေ့ရပေမဲ့ စာချင်းတော့ အဆက်အသွယ်မပြတ်ခဲ့ပါဘူး။ သူ ထောင်ထဲမှာ ကဗျာတွေ၊ ဇာတ်ညွှန်းတွေ ရေးနေသတဲ့။ ၂၀၁၂ ခုနှစ်မှာ ထောင်က လွတ်လာတော့ လေယာဉ်ကွင်းမှာ ကျွန်တော် သူ့ကို သွားကြိုခဲ့ပါတယ်။ သူ့ရပ်တည်ချက်ပြောင်းလား မပြောင်းလား သိချင်လို့ မေးကြည့်တော့ "ကျွန်တော်အမြေမထွက်တဲ့ ဘယ်အလုပ်မှမလုပ်ချင်ပါဘူး" တဲ့ဗျာ။

ခုတော့ သူဟာ ဂျာနယ်နှစ်စောင်မှာ အယ်ဒီတာဖြစ်နေသလို MRTV-4 မှာလည်း သတင်းအယ်ဒီတာဖြစ်နေပါပြီ။ ရှစ်လေးလုံး ငွေရတုအကောင်အထည်ဖော်ရေးကော်မီတီမှာ တာဝန်ယူပြီး လုပ်နေသလို မိုလ်ချုပ်အောင်ဆန်းရုပ်ရှင်အဖွဲ့ရဲ့ ပြန်ကြားရေးတာဝန်ခံလည်း ဖြစ်နေပါတယ်။ တစ်နေ့က သမ္မတနဲ့ စာနယ်ဇင်းကောင်စီ တွေ့ကြတဲ့ ပွဲမှာ တိုက်ပုံအနက်ရောင်လေးနဲ့ သွားကြိုးဖြိုးနေတာ သူပါပဲ။ ဗဟိန်းအောင် (ခေါ်) မောင်သက်ဇော် (ခေါ်) ဖော်သက်ထွေး... သို့မဟုတ် မှန်းချောင်းလရောင်သောက်သုံးခဲ့တဲ့ ကဗျာဆရာဟာ အခုတော့ အယ်ဒီတာကြီးအဖြစ်နဲ့ တစ်ရက်မှာ ၁၈ နာရီ အလုပ်လုပ်နေပါပြီ။ သူ့ကို တွေ့လိုက်တိုင်း ဟောသည့်အသံတွေကို သာ အမြဲပဲ ကြားနေရပါတော့တယ်။


> "ဟေ့...ဒီမယ်... ဒီလောက်လေးလောက်တောင်မှ မသိ
> ဘဲ မင်း ဘာလို့ သတင်းထောက်လုပ်နေတာလဲဟင်။
> အောင်မာ... ဟိုက မင်းမေးတိုင်း ပြန်ဖြေမှာလားဟ။
> ဖြေချင်လာအောင် မေးပေါ့။ ဟေ့... သမ္မတက ဝို့
> ဘကြီးမှ မဟုတ်တာ။ ငါသွားမေးရင် ပါးရိုက်လွှတ်လိုက်
> မှာပေါ့"။

• • •

www.burmeseclassic.com

www.burmeseclassic.com






# အလွမ်းတစ်ဝက်နဲ့ လမ်းခုလတ်က ဆရာမောင်ဝံသ

ဆရာမောင်ဝံသနှင့် ကျွန်တော် တကယ်တမ်း စကားကောင်းကောင်း ပြောဖူးတာ ထောင်ထဲမှာ ဖြစ်၏။ ၁၉၉၀ ရွေးကောက်ပွဲကာလမှာ ဆရာတို့ NLD တွေ အကုန်နီးပါး ထောင်ထဲ ရောက်လာကြတာ ဖြစ်သည်။ ကျွန်တော်က အင်းစိန်ထောင်၏ အထူးဝင်းဆိုသော နာမည်သာထူးသည့် ထောင်ထဲက ထောင်သေးသေးလေးထဲ တစ်ကိုယ်တော် ကေစာကျင့်နေချိန် ဖြစ်သည်။ ဆရာဦးဝံသ၊ ဦးကိုယုနှင့် ဦးဝင်းတင်တို့ ရောက်လာကြလေသည်။

ညနေစာစားပြီးချိန်ဆိုလျှင် တစ်ထောင်လုံး ငြိမ်ကျသွားလေ့ရှိသည်။ နေအဝင်၊ အိပ်တန်းတက်၊ အိမ်ပြန်ခက်သူတို့အတွက် အိမ်လွမ်းချိန် ဆိုပါစို့။ သည်လိုအချိန်မျိုးမှာ ကျွန်တော်က ဖျော်ဖြေရေးတာဝန် ယူရ၏။ တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်း မတွေ့ရသော်လည်း အသံကြားနေရသဖြင့် ကျွန်တော်က တစ်ကိုယ်တော် တီးမှုတ်သီဆိုရလေသည်။ တီးစရာကတော့ ထမင်းစား ဒန်ပန်းကန်ပြားကို အဝတ်နှင့်အုပ်ကာ ဒရမ်လိုတီးရ၏။ မှုတ်စရာကတော့ ငါးခြောက်ထည့်သည့် ပလတ်စတစ်ဘူးကို အပေါက်ဖောက်မှုတ်ရတာ ဖြစ်လေသည်။

ဆရာက ကိုစောညိန်းသီချင်း ကြိုက်သည်။ ကျွန်တော်ကမကြိုက်။ သို့သော် သီချင်းအားလုံးနီးပါး အလွတ်ရသည်။ ထောင်ထဲမှာဆိုတော့ ကြိုက်တာမကြိုက်တာ အရေးမကြီးချေ။ အပျင်းပြေဖို့သာ အဓိကဖြစ်၏။ တစ်ခါတော့ ဆရာက ကျွန်တော့်ကို 'ဥဿာလှိုင်ထိပ်ထား' ဆိုခိုင်းသည်။ ကိုသန်းလှိုင်သီချင်းဖြစ်မှန်း သိသော်လည်း ကျွန်တော်အလွတ်မရ။ ဆရာက ဝေါဟာတိဖြစ်လို့ ပဲခူးမှာ ဇာတ်လမ်းဟောင်းတွေ ရှိနေသလားလို့ ကျွန်တော်က စသည်။ ဆရာကတော့ ပြုံးနေမည်ထင်သည်။ စိတ်မှန်းဖြင့်ပြောတာသာ ဖြစ်ပြီး ကျွန်တော် ဆရာ့မျက်နှာကို မမြင်ရ။

ကျွန်တော်တို့တိုက်တန်းလျားမှာ ကိုသန်းလှိုင်၏အစ်ကို အန် ပီကျူ ရှိနေသည်။ တကယ်တော့ အန်ကယ်ပီကျူ၏ နာမည်ရင်း မောင်မြင့် ဖြစ်သည်။ အာဂနိုင်ငံရေးသမား...။ သေတ် အာ ထာရှင်ကို အံတုခဲ့သူ။ ၁၉၉၀ ရွေးကောက်ပွဲကာလတုန်းက

www.burmeseclassic.com



က People's Power Party ။ 'ပီ' သုံးလုံး။ သည်တော့ 'ပီကျူ' ဟု ချစ်စနိုး ခေါ်ကြခြင်းဖြစ်သည်။ အန်ကယ်ပီကျူကလည်း သူ့ညီသီချင်း သူမရချေ။ (နောက်တော့ ဆရာဦးဝံသ၏ အာသီသ ပြည့်သွားခဲ့ပါသည်။ ကိုသန်းလှိုင် သီချင်းအကုန်ရသော အခိုင်းရောက်လာတော့မှ အဆင်ပြေသွားလေတော့၏။)

ဆရာက စကားပြောတာ နူးညံ့သည်။ အသံကလည်း ပျော့ပျောင်း၏။ ဆရာတို့ လွတ်သွားတော့ ကျွန်တော် အင်းစိန်ထောင်ထဲမှာ ကျန်ခဲ့သည်။ ကျွန်တော် ထောင်ထဲက ပြန်လွတ်လာတော့ ဆရာနှင့် ဟိုနားတွေ့၊ သည်နားတွေ့။ ယင်တစ်ပြေး ဖားတစ်ခုန် အတွေ့လောက်သာ။ ဆရာ့အလုပ်နှင့် ဆရာ ရှုပ်နေသလို ကျွန်တော်ကလည်း ချာလပတ်ရမ်းနေသည်။ တစ်ခါ တစ်ခါ ၃၃ လမ်းထဲက ဖြတ်မိသည့်အချိန် ဆရာ့ကို ဝင်နှုတ်ဆက်တာသာ ရှိ၏။ တွေ့တိုင်း ဆရာပြောနေကျစကားကတော့ "နိုင်ငံရေး ဝင်လုပ်စမ်းပါ" တဲ့. . .။

ကျွန်တော် ထောင်ထဲသို့ စတုတ္ထအကြိမ်မြောက် ရောက်နေချိန်မှာ ဆရာ့စာအုပ်တွေ ခဏခဏ ဖတ်ရသည်။ ဆရာက မပြတ်တမ်း ပို့ပေးသည်။ ကျွန်တော်က ဂိမ်းသီအိုရီ ဖတ်ချင်သည်ဆိုလျှင်လည်း ဆရာက မညည်းမညူ ရှာပြီး ပို့ပေးသည်။ ဆရာက ပြည်သူ့ခေတ်ဂျာနယ် ထုတ်တော့မည် ဆိုတော့ ကျွန်တော် ရောက်ဝါထဲ၌ နိုင်ငံရေးဆောင်းပါး ရေးချင်သည်။ ရေးတာမှ အပတ်စဉ်ရေးချင်တာ ဖြစ်သည်။ သို့နှင့် ထောင်ထဲကနေ ဆောင်းပါး ရေးပြီး ဆရာ့ဆီပို့တော့ ဆရာက သေသေချာချာ တည်းဖြတ်ပေးပြီး 'နိုင်ငံရေး ကကြီးခခွေး' ဟူသော အမည်ဖြင့် အခန်းဆက်ဆောင်းပါးထည့်ပေးသည်။ ဆရာ ဘယ်လောက်ထိ နှုတ်လုံသနည်းဆိုလျှင် ပြည်သူ့ခေတ်ဂျာနယ် အဖွဲ့သားများ တစ်ယောက်မှ မသိကြ။ သည်စာတွေကို ကျွန်တော်ထောင်ထဲက ရေးပို့နေမှန်း သိသူမရှိ။ ဆရာနှင့်ကျွန်တော်သာ သိသည်။ စာမူခတွေကို ဆရာက စုပေးထား၏။ ကျွန်တော်ထောင်က လွတ်လာလျှင် ကွယ်လွန်သွားသော မိဘနှစ်ပါးအတွက် အလှူလုပ်ပေးနိုင်ဖို့ဟု ဆိုသည်။ ဆရာ ပြောသည့်အတိုင်း ကျွန်တော်လုပ်နိုင်ခဲ့ပါသည်။

ကျွန်တော် ထောင်က လွတ်လွတ်ချင်း ဆရာက ပန်းဆိုးတန်း နန်းယုမှာ ဂုဏ်ပြုပြီး ညစာကျွေးချင်သည်ဟု ဆို၏။ သို့ဖြင့် ပြည်သူ့ခေတ်သို့ ရောက်ရလေသည်။ အမှတ်ရချင်စရာ တစ်ခုကတော့ ဆရာ့လက်ကို ကားတံခါးနှင့် ကျွန်တော် ညှပ်မိလိုက်ခြင်းပင်။ ဘယ်လိုကနေ ဘယ်လိုဖြစ်မှန်း မသိ။ စေတနာပိုပြီး ဆရာ ကားပေါ်တက်နေတုန်း ကျွန်တော် ကားတံခါး



ပိတ်လိုက်မိတာဖြစ်သည်။ ဆရာ တော်တော်နာသွားသော်လည်း ဟန်ဆောင်နေရှာ၏။ စားသောက်ဆိုင်ရောက်သည်အထိ လက်ကို တဆုပ်ဆုပ် တနယ်နယ်. . .။ အားနာလိုက်တာ. . .။

ဒီနောက်မှာတော့ ဆရာနှင့် ကျွန်တော် ခဏ ခဏတွေ့ကြဆုံကြရသည်။ ကျွန်တော်တို့ HOME မှာ ပွဲလုပ်တိုင်း ဆရာ လာအားပေး၏။ ကျွန်တော်တို့ရုံးအောက်ထပ်မှာ စာအုပ်မိတ်ဆက်ပွဲတွေ လုပ်လေ့ရှိသည်။ ဆရာ့ကို ဖိတ်လျှင် ဘယ်တော့မှမငြင်း။ အထူးသဖြင့် နေဘုန်းလတ်တို့လို လူငယ်တွေ၏ စာအုပ်တွေ ထုတ်လျှင် ဆရာ လာအားပေးလေ့ရှိသည်။


ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်လုပ်တော့ ဆရာနှင့် ကျွန်တော် တစ်ဖွဲ့တည်း။ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော စသည်မြို့တွေကို တစ်မြို့ဝင် တစ်မြို့ထွက် သွားတော့လည်း အတူတူ၊ အိပ်တော့လည်း အတူတူ။ သို့သော် ခရီးစဉ်နောက်ပိုင်းရက်များမှာ ဆရာ မလိုက်နိုင်တော့။ ကျန်းမာရေးချို့ယွင်းလာသည်။ သတင်းစာရှင်းလင်းပွဲလာတော့ ဆရာ ခပ်ယဲ့ယဲ့။ ကျွန်တော် ဆရာ့ကို အားမရ။

ဆရာ စင်္ကာပူကို ထွက်သွားပြီး ကင်ဆာရောဂါကုနေပြီဆိုတော့ ကျွန်တော် တော်တော်စိုးရိမ်သွား၏။ ကျွန်တော်နှင့် ထောင်ထဲတွင် အတူတူနေခဲ့ဖူးသော NLD မှ ဦးမြင့်သိန်းလည်း သည်လိုပဲ စင်္ကာပူမှာ သွားကုပြီး ဆုံးပါးသွားတာ ဖြစ်သည်။ ဆရာကတော့ ရန်ကုန်ကိုပြန်ရောက်လာသေး၏။ သို့သော် စကားပြောသံက သိပ်အားမရှိချင်တော့။

ဆရာကွယ်လွန်ပြီဟု ကြားချိန်မှာတော့ ကျွန်တော်နိုင်ငံရေးအကျဉ်းသားအစည်းအဝေးရောက်နေသည်။ သမ္မတရုံးဝန်ကြီးအဖွဲ့တွေက ဝမ်းနည်းကြောင်းသဝဏ်လွှာ ကျွန်တော်နှင့် ထည့်ပေးလိုက်ချင်သည်။ သိရသလောက် ဆရာ့မိသားစုဆီက သားတွေ သမီးတွေ ပြန်အလာစောင့်ချင်သည်ဟု ဆို၏။ ကျွန်တော် ဘားလမ်းတိုက်ခန်းပေါ်ရောက်တော့ ဘကြီးမိုး (ဦးမိုးသူ)၊ အန်တီမေနှင်း (ဒေါ်ရွှေကူမေနှင်း)တို့နှင့် တွေ့ရသည်။ ဘုန်းကြီးတွေပြန်မှ ကျွန်တော်တို့ ထိုင်ဖြစ်ကြသည်။ ကျွန်တော် ဘာပြောရမည်မှန်း မသိ။ လူ့ရေးညံ့တာဟု ဆိုလည်း ဆိုကြစေ။ ကျွန်တော်စကားတစ်ခွန်းမှ မပြောဘဲ ထိုင်နေမိသည်။ အမှန်ကတော့ ကျွန်တော့်ရင်ထဲမှာ ဝမ်းနည်းတာထက် ဒေါသတစ်ခု စွဲကပ်နေတာ ဖြစ်၏။ ဆုံးရှုံးမှုဆိုတာကို ကျွန်တော် မုန်းတီးလိုက်မိသည်။

• • •

www.burmeseclassic.com





# သုံးရောင်ခြယ် မြတ်စံ

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှာ ကျွန်တော် လူပြက်စလုပ်တော့ ဆိုဗီယက်ပြန် ဒေါ်ဝင်းဝင်းဝါက အကလာသင်ပါတယ်။ ဆရာမနဲ့အတူတူ သားတစ်ယောက်၊ သမီးတစ်ယောက် တစ်လှည့်စီ အဖော်ပြုလို့ လိုက်လာလေ့ရှိပါတယ်။ သမီး သုဇာကလည်း တစ်နေ့သောအခါ အနုပညာနယ်ထဲမှာပဲ ကျင်လည်ခဲ့သလို သား မြတ်စံကလည်း ဂီတသမားတစ်ယောက် ဖြစ်ခဲ့ပါတော့တယ်။

• • •

လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံဟာ ဂီတသမားမြတ်စံလောက်ထောင်ထဲမှာ ကြာကြာမနေခဲ့ဖူးပါဘူး။ ၁၉၈၈ ခုနှစ် အရေးတော်ပုံအပြီးမှာ မြတ်စံတို့ရဲ့ သုံးရောင်ခြယ်အဖွဲ့ဟာ ထင်ရှားလာခဲ့ပါတယ်။ တကယ်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနီးကပ်လုံခြုံရေးတပ်တော်သားတွေပေါ့။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့တိုက်အနောက်ဘက်မှ တရားဟောပွဲကနေ သူတို့စပြီး ပါခဲ့ကြတာပါ။ နောင်တော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံထဲမှာပဲ သူတို့ စခန်းချပါတော့တယ်။ မှတ်မိသလောက်ဆိုရင် ကိုစိန်လှိုင်၊ ခင်ခင်ဦး၊ ကျော်သူရကိုကို၊ ကျော်ဆန်း၊ ဘောကြီးတို့လည်း ပါတာပေါ့။ ဒေါ်အောင်ဆန်းစုကြည် ဘယ်သွားသွား သူတို့အမြဲတမ်း ပါပါတယ်။ တစ်ကမ္ဘာလုံး ဝက်ဝက်ကွဲအောင် ကျော်ကြားသွားတဲ့ "ဒေါ်အောင်ဆန်းစုကြည်တို့ ဓာတ်ပုံတွေ


www.burmeseclassic.com



သေနတ်နဲ့ ချိန်တယ်'' ဆိုတဲ့ ရောဝတီခရီးစဉ်အပြီးမှာတော့ သုံးရောင်ခြယ် တွေကို စစ်အစိုးရက တော်တော်မျက်မုန်းကျိုးသွားခဲ့ပါတယ်။

ဒီလိုနဲ့ ဘာအကြောင်းပြချက်မှမရှိဘဲ မြတ်စံ အဖမ်းခံရပါတော့ တယ်။ ပုဒ်မ ၁၀ (က) နဲ့ ဖမ်းတာ ဖြစ်ပေမယ့် ဥပဒေအရ ထောင်ထဲမှာ ခြောက်လနေပြီးရင် ပြန်လွှတ်ရပါတယ်။ မြတ်စံအလှည့်ကျတော့ တော်တော် ထူးဆန်းပါတယ်။ ခြောက်လပြည့်တာနဲ့ ပြန်လွှတ်၊ ပြီးတော့ ထောင်ပေါက်ဝ ကနေ နောက်တစ်ယောက်က ထပ်ဖမ်း။ ပုဒ်မ ၁၀ (က) နဲ့ပဲ မြတ်စံကို ထောင် ထဲ ပြန်ထည့်ပါတော့တယ်။ အဲသလို ထုတ်လိုက် သွင်းလိုက် သုံးနှစ်လောက် လုပ်ပြီးမှ ထောင်(၁၀)နှစ်ချပြီး တောင်ငူထောင်ကို ရွှေ့လိုက်ပါတော့တယ်။

အသက် ၂၀ အရွယ် တက္ကသိုလ်ကျောင်းသားလေးတစ်ယောက်ဟာ စာသင်ခန်းတွေမှာ ပျော်မွေ့ရမယ့်အစား ထောင်ခန်းတွေမှာ တစ်ခန်းပြီး တစ်ခန်း





ကျင်လည်ရရှာပါတော့တယ်။ ဆေးပညာ နည်းနည်းတီးခေါက်မိတော့ထောင် ထဲမှာ သူဟာ ဆေးတပ်သားဖြစ်သွားတာပေါ့။ တောင်ငူ ထောင်ရဲ့ 'ဆေး ဆရာလေး မောင်မြတ်စံ' ဖြစ်ခဲ့ပါတော့တယ်။

ထောင်ထဲကနေ ပြန်ထွက်လာတဲ့အခါမှာ သူဟာ သူ့ဘဝကို ဘယ် လို ဆက်ရမယ်မှန်း မသိခဲ့ပါဘူး။ ဂီတကိုနားလည်တဲ့ အသံဖမ်းအင်ဂျင်နီယာ အလုပ်ကို တတ်ကျွမ်းတဲ့ မြတ်စံကို နိုင်ငံရေးနောက်ကြောင်းမကောင်းလို့ ဘယ် သူကမှ အလုပ်မပေးခဲ့ကြပါဘူး။ မြတ်စံကြောင့်ပဲ သူ့အမေ ဒေါ်ဝင်းဝင်းဝါကို နိုင်ငံတော်က ဆိုကရေးတီးပြိုင်ပွဲတွေမှာ ဖိတ်တောင် မဖိတ်ခဲ့ပါဘူး။ မြတ် စံညီမ သူဇာကိုလည်း အလုပ်ခွင်ဝင်ခွင့်ပိတ်ပင်ခဲ့ပါတယ်။ သူ့အဖေအထောက် တော် သတင်းစာဆရာဟောင်းကြီးကတော့ မောင်တော်လေးလမ်းထိပ်မှာ မနက် မနက်ဆို သတင်းစာတစ်စောင်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်ပြီး လောက ကြီးကို စိတ်ထဲမှာ ဆောင်းပါးတွေ ရေးနေရှာပါတယ်။ သူ့နာမည်ကို ဘယ် စာစောင်မှာမှ ဖော်ပြခွင့်မရခဲ့ပါဘူး။

ခုလို နိုင်ငံရေးကို ဘုရားပွဲလို လုပ်နေကြတာ မြင်ရရင်တော့ မြတ် စံ အဖေ ဦးမင်းနွယ်ဆွေတစ်ယောက် ဘာများ ရေးလေမလဲလို့ ကျွန်တော် တို့ ဖတ်ချင်လိုက်တာ။ မြတ်စံအဖေလို့ ဆိုလိုက်တာနဲ့တင် ဆေးရုံပေါ်က မြန်မြန်ပြန်ဆင်းခိုင်းတဲ့ ဆရာဝန်မကြီးရဲ့ မျက်နှာကိုလည်း ခုနေခါ မြင်ချင် လိုက်တာ။

နိုင်ငံရေးနဲ့ ဆက်နွယ်တဲ့သူမှန်သမျှ တစ်မျိုးလုံး တစ်ဆွေလုံး အဲဒီလို နှိပ်ကွပ်ခံခဲ့ရတာ စစ်အစိုးရလက်ထက် တစ်လျှောက်လုံးပါပဲ။ အဲ ဒီတုန်းက အားပေးစကားကို လေသံတိုးတိုးနဲ့တောင် မပြောဝံ့သူတွေက ခု မြတ်စံကို ဝေဖန်တာတွေ ကြားနေဖတ်နေရတော့ ကျွန်တော် တော်တော် သံဝေဂရခဲ့ပါတယ်။

မြတ်စံဟာ သူ့လူငယ်တစ်ဘဝလုံးကို နိုင်ငံအတွက် ပစ်ချပေးခဲ့သူ ပါ။ တိုင်းပြည်အရေးပေါ်လာတာနဲ့ လက်မနှေးဘဲ ပါခဲ့သူပါ။ ထောင်က ပြန် လွတ်လာလို့ ဘာမှ မကြာခင် ၂၀၀၇ သံဃာ့အရေးတော်ပုံ ပေါ်ပေါက်လာ တော့ မြတ်စံ ဝင်နွှဲလိုက်တာပါပဲ။ ဒီတော့လည်း အဖမ်းခံရ ထောင်ကျပြန် ပေါ့။ ဒီတစ်ခါတော့ သူ့အမေရော အဖေပါ သူ့ဆီ မလာနိုင်ပါဘူး။ သူ့အဖေ ဟာ ကင်ဆာရောဂါစွဲကပ်နေသလို သူ့အမေလည်း ကျန်းမာရေးမကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရှာပါဘူး။ ဒီကြားထဲ မြတ်စံကို မြစ်ကြီးနား ထောင် ပို့လိုက်လေတော့ သူနောက် ဘယ်သူကမှ လိုက်မကြည့်နိုင်တော့ပါဘူး။ ဖြစ်ချင်တော့ သူ့အမေ ခမျာ ခြေထောက်ကို ကားတက်ကြိတ်ခံရပြီး လမ်းကောင်းကောင်းမလျှောက်နိုင်၊ သူ့အဖေလည်း ကွယ်လွန်သွား... ဆိုတော့ မြတ်စံဟာ ထောင်ထဲမှာ တော်တော်တောင့်ခံရရှာပါတယ်။ ဒီလိုဝေဒနာတွေ တစ်ပွေ့တစ်ပိုက်နဲ့လူ၊ ဒီလိုဒဏ်ရာတွေ ထမ်းပိုးထားရတဲ့ လူကိုမှ ဘီယာသောက် ချိ(စ်)မျိုချပြီး အယားပြေ အင်တာနက်ပေါ် တက်တက်ဝေဖန်နေတဲ့သူတွေကို တွေ့လာရတဲ့အခါ မြန်မာပြည် အခုလိုဖြစ်နေတာ ဘာမှ မဆန်းဘူးလို့ပဲ ပြောချင်ပါတော့တယ်။

၂၀၁၀ မှာ မြတ်စံ ထောင်က ပြန်လွတ်လာခဲ့ပါတယ်။ အနှစ် ၂၀ လောက် ထောင်ထဲမှာ အချိန်တွေ ဖြုန်းခဲ့ရသူတစ်ယောက်အတွက် ကျောင်းပညာလည်း ရှေ့ဆက်ဖို့ခက်၊ အသက်မွေးပညာလည်း သင်ဖို့ ခက်။ ဒီကြားထဲ ခါးကြောညပ်တဲ့ ရောဂါက စွဲကပ်ပါလာပြန်တော့တယ်။

သုံးရောင်ခြယ်အဖွဲ့နဲ့ သူဟာ အဆက်အသွယ်မပြတ်ပေမဲ့ သူ ကြာကြာမရပ်နိုင်တော့ဘူး။ ထောင်က ပေးတဲ့ ဝေဒနာကြောင့် သူ ဆေးရုံပေါ် မကြာ မကြာ တက်ခဲ့ရတယ်။ Green Cross ဆေးခန်းဟာ သူ့အိမ်လို ဖြစ်ခဲ့ရပေါ့။

ဒါပေမဲ့ သူဟာ တိုင်းပြည်အတွက် လက်မနှေးပါဘူး။ 'မြစ်ဆုံအရေး' မှာလည်း ထိပ်ဆုံးက ပါခဲ့သူပါ။ 'ရောဝတီကို ကယ်တင်ကြ' ဆိုတာ သူတို့ရဲ့ လှုပ်ရှားမှုပေါ့။ 'ပန်းရဲ့လမ်း'မှာလည်း တစ်ခါ တစ်ခါ သူသီချင်းတွေ ဝင်ဆိုလို့ရယ်...။ သူတတ်နိုင်တဲ့နေရာကနေ သူဟာ တာဝန်ကျေဆဲပါ။

ကျွန်တော်ကတော့ အမှတ်ရနေပါသေးတယ်။ လသာတဲ့ ညဆိုရင် ထောင်သံတိုင်တွေကို ကိုင်ပြီး အဝေးက သူချစ်သူ 'ပန်းမမ'ကို တိုင်တည်လို့ သီချင်းလေးတွေ ဆိုတတ်ပါတယ်။ "နေရောင်အောက်က တို့ရဲ့ ဘဝမျိုးထဲ မလာချင်ပါနဲ့ကွယ်..."လို့ သူဟာ ညည်းညည်းညူညူ ဆိုတတ်သလို "ထမင်းရည်သောက်ပြီး ဘဝဖန်တီးဖို့ မပြောရက်ဘူး..." လို့လည်း သူ သီဆိုတတ်ပြန်လေတယ်။

သူ ထောင်က လွတ်လာတဲ့အခါ သူ့ရဲ့ 'ပန်းမမ'ဟာ အိမ်ထောင်ပြုသွားပါပြီ။ ဒီတော့လည်း မြတ်စံတစ်ယောက် "ပွင့်ဦးကြွေမှဖြင့်ကွယ် မပန်စေချင်ရက်တော့တယ်" လို့ ပြောင်းဆိုရတော့မှာပေါ့။ ဒါပေမဲ့ သူတကယ် ဆက်ဆိုနေတဲ့ သီချင်းတစ်ပုဒ် ရှိပါတယ်။ ရွှေသံစဉ် ကိုဝင်းမော်ရဲ့ လက်ရာ တေးတစ်ပုဒ်ပေါ့။ "We shall overcome" တဲ့။ ဟုတ်ပါတယ်။ မြတ်စံဟာ အားလုံးကို ကျော်လွှားနိုင်ပါတယ်။ အားလုံးကို ဖြတ်သန်းနိုင်ပါတယ်။ ဘယ်သူ့ကိုမှ ဘာပြဿနာမှ မရှာဘဲ၊ ဘာဒုက္ခမှမပေးဘဲ သူဟာ ယုံကြည်ရာလမ်းဆီ ကျော်နင်းဖြတ်သန်းဆဲပါ။

သုံးရောင်ခြယ်အဖွဲ့ကို စတင်ခဲ့တဲ့ သူ့ဘဝဟာလည်း သုံးရောင်ခြယ်ထားတာပါပဲ။ သူ့... ဦးတည်ရာ လမ်းကလည်း သုံးရောင်ခြယ်တဲ့ လမ်းပါ။ 'ငြိမ်းချမ်းခြင်း'၊ 'ညီညွတ်ခြင်း'၊ 'တရားမျှတခြင်း'... တဲ့။

• • •



www.burmeseclassic.com

www.burmeseclassic.com





# ERO
# (သို့မဟုတ်)
# အခြေတွေသွားသော ကျောင်းဆရာ

နှစ်ထောင့်ငါးခု၊ နှစ်ထောင့်ခြောက်ခုတစ်ဝိုက်မှာ မြန်မာပြည်ထဲ ခေတ်စားသွားတာ တစ်ခုရှိသည်။ 'ဘလော့ဂ်တွင် စာရေးခြင်း' ဖြစ်၏။ အမှန်ကတော့ 'ဝက်ဘ်ဘလော့ဂ်' ဖြစ်သည်။ ထိုဝက်ဘ်ဘလော့ဂ်ပေါ်တွင် မြန်မာလို စာရေးသားနိုင်ကြသဖြင့် မြန်မာစာရေးဆရာတော်တော်များများ က သဘောကျကြသည်။ သို့သော် အင်တာနက်နှင့် မရင်းနှီးကြ။ သည်တော့ လူငယ်စာရေးဆရာများသာ နေရာယူကြတော့၏။ ထိုလူငယ်စာရေးဆရာ များထဲတွင် နေဘုန်းလတ်၊ ညီလင်းဆက်၊ စိုးဖေယျာထွန်း၊ ဖော်ဖော်မျိုးလွင် တို့ကား နာမည်ကျော်များပင် ဖြစ်ကြသည်။ သူတို့ကို 'ဘလော်ဂါများ' ဟု ခေါ်ကြ၏။ MBA ခေါ် 'မြန်မာဘလော်ဂါအဖွဲ့အစည်း' ပင် ပေါ်ပေါက်ခဲ့ရ သည်။

ကျွန်တော်ပင်လျှင် 'ဇာဂနာဘလော့ဂ်' ဟု ရေးသားခဲ့ရသည်။ ထိုသို့ရေးသားခဲ့ခြင်းကြောင့်ပင် အင်တာနက်ဆက်သွယ်ရေးအက်ဥပဒေနှင့် တရားစွဲခံရကာ ထောင်ကျခဲ့ရခြင်းဖြစ်သည်။ ဒါတွေအားလုံး၏ အစီအစဉ် သည်တရားခံမှာ နေဘုန်းလတ်ပင် ဖြစ်သည်။ သူသင်ပေးလို့ ကျွန်တော် ရေးတတ်သွားတာလည်း ဖြစ်သည်။ တကယ်တမ်း 'သူ့ဘက်ကလည်း ပြော စရာ ရှိ၏။ သူအဖမ်းခံသွားရတာ ကျွန်တော့်စနက်မကင်းဘူး ထင်သောက် တစ်လုည့်ဟု ဆိုပါတော့။

www.burmeseclassic.com



၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးစတော့ ဘလော့ဂ်ပေါ်မှာ သတင်းတွေ တင်ကြသည်။ သံဃာတော်များ ချီတက်လာသည့် ဓာတ်ပုံတွေကို အလုအယက် ရိုက်၊ အလျှင်အမြန်တင်ကြသည့်အထဲ သူလည်း ပါလေသည်။ ကျွန်တော် အဖမ်းခံသွားရတော့ သူနှင့် ကျွန်တော် အဆက်ပြတ်သွားသည်။ ၂၀၀၇ ခုနှစ်၏ ဆောင်းရက်တွေထဲမှာ ကျွန်တော်ပြန်လွတ်လာတော့ သီးလေးသီးအဖွဲ့ကို မျှော်စင်ကျွန်းမှာ ပွဲကဖို့ စီစဉ်လိုက်၏။ ဖြစ်ချင်တော့ ထိုအငြိမ့်ပွဲက တော်တော်အောင်မြင်သည်။ ကုလသမဂ္ဂကိုယ်စားလှယ် 'ဂမ်ဘာရီ' ကို သရော်သည့် ပြက်လုံးက တော်တော်ထိသွားသည်။ အစိုးရဘက်ကလည်း အစာမကြေ။ သီးလေးသီးကို အရေးယူဖို့ ပြင်ဆင်ချိန်မှာပဲ သီးလေးသီးက ယိုးဒယားသို့ ရောက်သွားခဲ့ချေပြီ။

သီးလေးသီးအငြိမ့် လူကြိုက်တာ မှန်သည်။ သို့သော် လူသိနေလေအောင်း မြင်းဖောင်းမကျန် ပျံ့နှံ့သွားတာကတော့ နေဘုန်းလတ်၏ စွမ်းဆောင်မှုဖြစ်သည်။ ထိုစဉ်က ကွန်ပြူတာနှင့် နီးစပ်သူ တော်တော်နည်းသောကာလမှာ နေဘုန်းလတ်သည် ပြည်သူ့ဘက်တော်သား ဖြစ်၏။ အမေတူသွေးက စကားပြောလေသည်။ NLD ကြေညာချက်၊ DVB အခွေဆိုတာတွေမှန်သမျှ သူ့လက်ရာနှင့် မကင်း။ သူက ကွန်ပြူတာဖြင့် အခွေကူးသည့်စက်ကို ကိုယ့်ဘာသာကိုယ် အိမ်မှာဆင်ထားသည်။ သည်တုန်းက သူတို့နေတာ သုဝဏ္ဏမှာ။ NLD က 'အပွားလေး အောင်ထွန်း' က ခြေမြန်တော်။ အခွေမှန်သမျှ သယ်လာပြီး နေဘုန်းလတ်ကို ပေးသည်။ နေဘုန်းလတ်က နိုင်ခံကူးပေး၏။ နောက်တော့... အောင်ထွန်း (ခေါ်) အပွားလေးတို့ကပဲ ဖြန့်ချိရလေတော့သည်။

သီးလေးသီးအငြိမ့်ခွေအားလုံးကို နေဘုန်းလတ်တစ်ယောက်တည်း နိုင်ခံကူးတာ ဖြစ်သည်။ DVB ကို ပို့တာလည်း သူပဲ ဖြစ်၏။ သီးလေးသီး မဲဆောက်မှာ ကသည့် အခွေ၊ စင်္ကာပူမှာ ကသည့် အခွေ၊ မလေးရှားမှာ ကသည့် အခွေ... အားလုံး သူ့လက်ရာတွေချည်း။

ကိုရီးယားတို့ ဂျပန်တို့မှာ ကသည့် အခွေတွေကျတော့ လျှို့ဝှက်ပို့ရတာဖြစ်လို့ ကွန်ပြူတာမှာ ကြည့်မရ။ ကုဒ်ထည့်ပြီး ဝိတ်ထားသည့် Thumb Drive နှင့် ခိုးပို့တာ ဖြစ်သည်။ ဒါကို နေဘုန်းလတ်က ကုဒ်နှင့် ပြန်ဖြည်ပြီးမှ ကွန်ပြူတာထဲ ထည့်ပြီး DVD အချပ် ပြန်ကူးပေးတာ ဖြစ်သည်။ တော်စိတ်ရှည်ရသလို လုပ်ရတာ လက်ပေါက်လည်းကပ်လှ၏။



သည်လိုပဲ သံဃာတော်များကို စစ်တပ်က ဖမ်းတာဆီးတာ၊ ရိုက်တာ နှက်တာ စသည့် အခွေတွေကို သူပဲ တာဝန်ယူရတာ ဖြစ်လေသည်။ ပြီးတော့ လွယ်အိတ်ထဲ အခွေလေးတွေ ထည့်ပြီး နီးစပ်သူတွေဆီ လိုက်ဝေပေးလေ့လည်း ရှိသည်။ ထိုအချိန်တုန်းက သည်လိုအခွေ လာပေးလျှင်ပင် တော်တော်အမြင်ကတ်ခံရသည်၊ မျက်စောင်းထိုးခံရ၏။ ပြဿနာသယ်ဆောင်လာသူလို့ ထင်ကြသည်။ စစ်အစိုးရက ဘာမှမလုပ်။ ထိုသို့ကြောက်တတ်သူများကြောင့် နေဘုန်းလတ် အဖမ်းခံလိုက်ရခြင်းပင်။

အစိုးရကို ဆန့်ကျင်သော စာဆိုလျှင် ယောင်လို့တောင် မကိုင်သူတွေက ခုတော့ နေဘုန်းလတ်တို့ကို "ကြောက်နေပြီလား" လို့ မေးတာကြားရပြန်တော့ ကျွန်တော် ပြုံးမိသည်။ ဦးသိန်းစိန် အစိုးရလက်ထက်မှာမှ ရုတ်တရက် သတ္တိတွေ ဝုန်းခနဲ ရှိသွားကြသူအားလုံးကို အံ့အားသင့်စွာ တွေ့လိုက်ရတိုင်း နေဘုန်းလတ်တို့ ကျွန်တော်တို့ မျက်စပစ်မိကြပါသည်။

နှစ်ထောင့်ရှစ်ခု နွေဦးမှာ ကျွန်တော် ရောဝတီတိုင်းသို့ ခရီးထွက်နေရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကန့်ကွက်မဲပေးကြဖို့ လှုံ့ဆော်သည့် လှုပ်ရှားမှုတစ်ရပ်လုပ်ဖို့ ဖြစ်၏။ ဘောလ်ပင်တွေမှာ ကြက်ခြေခတ်အမှတ်အသားတံဆိပ်ရိုက်လို့ လူထုထဲ ဝေငှရန်၊ စတစ်ကာလေးတွေမှာ ကြက်ခြေခတ်အမှတ်အသား ရိုက်နှိပ်ပြီး ကားတွေ မော်တော်တွေမှာ ကပ်ရန် ဖြစ်၏။ နေဘုန်းလတ်က ရန်ကုန်မှာ ကျန်ခဲ့သည်။ အင်တာနက်မှတစ်ဆင့် ပေးပို့လာသည့် ဒီဇိုင်းတွေကို ပုံထုတ်ရန် သူနေခဲ့၏။ ဆန်ဖရန်စစ္စကိုမှ ကိုမောင်ရစ်၊ ဝါရှင်တန်မှ ကိုအောင်ဒင်တို့က 'No Vote' ဒီဇိုင်းလေးတွေ ပို့ပေးလေ့ရှိသည်။ ထိုဒီဇိုင်းများထဲမှ သင့်တော်တာကို ရွေးပြီး နေဘုန်းလတ်က တီရှပ်တို့ လက်ကမ်းစာစောင်တို့ လုပ်ရ၏။

ထိုအချိန်က နီလာသိန်းသည် ပုန်းအောင်းနေချိန် ဖြစ်၏။ သူ့ကို ထောက်လှမ်းရေးက လိုက်ဖမ်းနေသဖြင့် တစ်နေရာမှ တစ်နေရာ ပြောင်းပြီး ပုန်းနေရချိန်လည်း ဖြစ်သည်။ သို့သော် ကျွန်တော်တို့နှင့် အဆက်အသွယ် မပြတ်။ ပထမ... နီလာသိန်းရယ်၊ ဖြူဖြူသင်းရယ်၊ စုစုနွေးရယ် အတူတူပုန်းကြတော့ သူတို့နှင့် အဆက်အသွယ်မပြတ်ဖို့ ကျွန်တော်တို့က ဖုန်းတစ်လုံး ဖန်တီးပို့ဆောင်ပေးရ၏။ ခြေမြန်တော်က အောင်ထွန်း(ခေါ်) အပွား


www.burmeseclassic.com



လေးနှင့် မေသင်းဖူလိုင်ကျော်။

နောက်တော့ ဖြူဖြူသင်းက ပုန်းအောင်းမနေတော့ဘဲ ရဲနှင့် ရင်ဆိုင်ကာ ဖြေရှင်းလိုက်သလို စုစုနွေးကလည်း အဖမ်းခံလိုက်၏။ နီလာသိန်း တစ်ယောက်သာ ကျန်တော့သည်။ ကလေးမွေးပြီးခါစဆိုတော့ မိခင်တို့သဘာဝကို ကျွန်တော်တို့ ကိုယ်ချင်းစာသည်။ သူ့သမီးလေးကလည်း အဖေရော အမေပါ အနားကနေ ပျောက်သွားသဖြင့် ဦးလေးတွေ အဒေါ်တွေလက်ပေါ်မှာ မျက်နှာငယ်လေးဖြင့် ကျန်ခဲ့ရှာသည်။ သည်ကလေးအတွက် နို့မှုန့်ကလည်း ရှားသည်။ အစလုပ်ထားသဖြင့် သည်နို့မှုန့်တစ်မျိုးတည်းကိုသာ တိုက်ရသည်။ နို့မှုန့်နာမည်က 'Similac'..။ မြေနီကုန်းက ဒဂုံစင်တာတစ်ခုတည်းမှာသာ ရသည်။ ကလေးငယ်၏ ဘကြီး မျိုးမင်းယု၊ ဇော်သက်ထွေးနှင့် ကျွန်တော်တို့ သုံးဦးသား နို့မှုန့်ရှာပုံတော်ဖွင့်ခဲ့ရတာတွေကို မမေ့။

ကျွန်တော် ရေဝတီတိုင်းသို့ ရောက်နေတုန်း နေဘုန်းလတ်က နီလာသိန်းအတွက် လိုတာလေးတွေ ပို့ပေးသည်။ မေသင်းဖူလိုင်ကျော်က လက်ခံယူပြီး နီလာပုန်းအောင်းနေရာ ယောမင်းကြီးလမ်းဆီသို့ ပို့ရသည်။ နီ-



လာ့ထံသို့ ကြေညာချက်တွေ၊ VCD တွေလည်း ပို့ရ၏။ ဖြစ်ချင်တော့ နေဘုန်းလတ်နှင့် မေသင်းဖူလိုင်ကျော်တို့ ဆုံမှတ်က လက်ဖက်ရည်ဆိုင်။ မနက်ခင်းဆိုလျှင် လာရောက်စားသောက်သူတွေ အလွန်ရှုပ်သည့် ဆိုင်။ တမင် ထိုဆိုင်ကို ရွေးလိုက်ခြင်း ဖြစ်သည်။ သူတို့ကို အာရုံမကျစေဖို့ပင်။ သို့သော် ထိုဆိုင်ရှင်က အာရုံကျသည်။ နေဘုန်းလတ်တို့နှင့် ရောသည်၊ ဖောသည်။ နေဘုန်းလတ် အယုံလွယ်သွား၏။ နေဘုန်းလတ်ရော မေသင်းဖူလိုင်ကျော်ပါ အဖမ်းခံသွားရရှာလေသည်။ (ထိုဆိုင်ပိုင်ရှင်ကတော့ ယနေ့ နာမည်ကျော်ပါတီကြီး၏ အဓိကထောက်ပံ့ပေးသူအဖြစ် မြန်မာ့နိုင်ငံရေးဘောဂဗလသဖွယ် ထင်ရှားကျော်ကြားနေသူပင်။)

နေဘုန်းလတ် အဖမ်းခံရသည်ဟု ကြားကြားချင်း ကျွန်တော်ရန်ကုန်ပြန်လာခဲ့သည်။ ကျွန်တော်တို့ဘက်က အကျအဆုံးတော်တော်များလာ၏။ နေဘုန်းလတ်၊ ကဗျာဆရာ ကိုဇော်ဝေ။ တစ်ယောက်ပြီး တစ်ယောက် ပါသွားခဲ့လေပြီ။

• • •

အင်းစိန်ထောင် အထူးဝင်းထဲမှာ သူနှင့် ကျွန်တော် ပြန်ဆုံသည်။ 'ကျောင်းဆရာ' ဟု ကျွန်တော်တို့က နာမည်ပြောင်ခေါ်သလို သူကတော့ မျက်မှန်ကလေး ဝင့်ကာ ဝင့်ကာ ပြုံးစစနှင့် စကားပြောစမြဲ။ သူ့အမေက ပြောလို့ဆိုပြီး သမ္ဗုဒ္ဓေဂါထာ အခေါက်တစ်ထောင်ရွတ်ရင်း မူးတူးဝေဝေ ဖြစ်လာသည်ဆို၏။ ကျွန်တော်က "ရွတ်ရွတ် မရွတ်ရွတ် ဘာမှမထူး၊ ထောင်ကျမှာပဲ" ဟု ဆိုလိုက်တော့ သူ 'ဟာ' ခနဲ ဖြစ်သွားသည်။ သည့်နောက်မှာတော့ ကျွန်တော် ဆွယ်တာရေးကောင်းလို့လားမသိ၊ သူ စာတွေကို ဝါးစားသလို ဖတ်တော့၏။ ဆရာမောင်ထွန်းသူ ဘာသာပြန်သည့် 'ဇာစ်မြစ်' စာအုပ်၏ မူရင်းကိုဖတ်ချင်သည်ဟု ပူဆာ၏။ ကျွန်တော်က Alex Haley ၏ 'Roots' ကို မှာပေးရသည်။ သူ တစ်နေကုန် စာဖတ်သည်။ ညလည်း မီးရောင်ဝါကျင့်ကျင့်အောက်မှာ ဖတ်သည်။ John Grisham ရေးသည့်ဝတ္ထုတွေ တန်းစီဖတ်သည်။ ကျွန်တော်တို့ရောက်နေခဲ့သည့် အထူးဝင်းထဲမှာ [illegible] ဝင်း၊ ကျော်နေဝင်းတို့၏ စာကြည့်တိုက်ကြီး ရှိနေသည်။ သူတို့စာအုပ်ပုံထဲကနေ ကြိုက်တာ ရွေးဖတ်ဖို့ပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ သူနှင့် ကျွန်တော် တရားရုံးအတူတူထွက်ရင်း နေဘုန်းလတ်က စကားစလာသည်။ ကျွန်တော် တစ်နေ့က သူ့ကို ပေးဖတ်လိုက်သော Jack Cannfield စာအုပ်ထဲက ဖော်မြူလာကို သူ အာရုံကျနေခြင်းပင်။ ထိုဖော်မြူလာက ER=O ဖြစ်သည်။ E က 'Event' (အဖြစ်အပျက်လို့ ဆိုပါစို့)။ R က 'Response' (တုံ့ပြန်မှုလို့ဆိုပါစို့)။ O ကတော့ Outcome (အဖြေ) ဖြစ်၏။ သူက ဆိုလာသည်။ ကျွန်တော်တို့အားလုံး တရားရုံးတစ်ခုတည်း။ ထောင်တစ်ခုတည်းမှာပင် အတူရင်ဆိုင်နေရပြီ။ ဒါဆိုတော့ Event အတူတူပဲ ဖြစ်လေသည်။ Response ပေါ် မူတည်ပြီး Outcome တွေ ကွဲပြားသွားလေမလားဟု သူက မေးလာတော့ ကျွန်တော်တို့စကားဝိုင်း စိုပြည်သွားတော့၏။ ဖော်သက်ထွေးရော၊ ကိုမြတ်စံရော၊ ကိုစိန်လှိုင်ပါ ပါလာသည်။ 'တရားရုံး ရှေ့ ဆွေးနွေးပွဲ'. . .။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံး ထောင်ချခံရသည်။ နေဘုန်းလတ်က ဦးဆုံး. . . ဖားအံထောင်သို့ အရွှေ့ခံလိုက်ရ၏။ သူလိုချင်သော စာအုပ်တွေ သူယူသွားပါရစေ၊ ခွင့်တောင်းတော့ ကျွန်တော်ပေးလိုက်သည်။ သူ့နှုတ်ကတော့ တဖွဖွ. . .။ "ERO ... ERO ..."။ အဖြေထွက်မည့် တုံ့ပြန်မှုတွေ သူရှာနေပေတော့မည်ဟု ကျွန်တော် တွေးမိနေတော့၏။

• • •

ခုတော့ နေဘုန်းလတ်သည် မြန်မာ့နယ်နိမိတ်ကို ကျော်ကာ ကမ္ဘာကို ခြေလှမ်းနေပေပြီ။ လူငယ်တွေထဲမှာ ရှေ့သို့ ထိုးထောင်ထွက်လာသော ရှေ့ဆောင်တစ်ဦး ဖြစ်လာချေပြီ။ အမေရိကား အိုင်အိုဝါမှာ ဆွေးနွေးပွဲတက်ပြီးကတည်းက သူ့မှာ တိုင်းပြည်အတွက် အမြင်တွေ ပွင့်လာချေပြီ။ 'ER=O' ကို လက်တွေ့ သူ့အကောင်အထည်ဖော်နေပြီဟု ဆိုရမည်။

နေဘုန်းလတ်သည် မြန်မာအိုင်တီနည်းပညာဖွံ့ဖြိုးရေးအဖွဲ့ "MIDO" ၏ ဦးဆောင်ဒါရိုက်တာ ဖြစ်သည်။ တစ်နိုင်ငံလုံးအနှံ့ တောကြိုအုံကြားပါ သွားကာ အင်တာနက်အသုံးပြုပုံကို လိုက်လံသင်ကြားပေးနေသူ။ ပြီးတော့ မြန်မာပြည်၏ တစ်ခုတည်းသောနှင့် ပထမဆုံးသော PEN Myanmar အဖွဲ့ကြီး၏ အတွင်းရေးမှူးလည်း ဖြစ်လာသည်။ မြန်မာ့စာပေနှင့် ကမ္ဘာ့စာပေကို သူ တံတားထိုးနေပြီ။ ''လူလူချင်း အမုန်းပွားစေမည့် စကားမှန်သမျှ ရှောင်ရှားကြပါ'' ဆိုသော 'ပန်းစကား' လှုပ်ရှားမှုကိုလည်း သူ ဦးဆောင်လာသည်။



နိုင်ငံတစ်ခုကား တရွေ့ရွေ့နှင့် ပြောင်းနေချိန်. . .။ အဖြေထွက်အောင် ရှာနေသော နေဘုန်းလတ်ကား တက်ကြွနေဆဲ။ ဘာမှ မလုပ်ဘဲ သောင်စဉ် ရေမရ စကားတွေ၊ စာတွေ ဖွာလန်ကြဲ ပြောနေသူ ရေနေသူ မှန်သမျှကို သူ မျက်ကွယ်ပြုလိုက်ပြီ။ သူမြင်နေတာ တစ်ခုရှိသည်။ ဒါကို သူရော ကျွန်တော်ပါ သိသည်။ လင်းလုလု အရုဏ်. . .။

• • •

www.burmeseclassic.com

www.burmeseclassic.com





# လေးလုံးစပ်နိုင်ငံရေး၊ သံမဏိအပြေးသမား၊ ပတ္တလားနှင့် ကင်းဗတ်ဖြူးမှာ မွေ့လျော်သူ

၁၉၈၉ ခုနှစ် မတ်လ ၂၅ ရက်နေ့...။

ညနေစာ စားပြီးခါစ ရှိသေး၊ တိုက်ခန်းတံခါးတွေကို တဂျိမ်းဂျိမ်း လာပိတ်သွားသည်။ ထူးပြီ။ သည်လို ညနေဘက်တွေ တံခါးလာပိတ်ပြီဆိုလျှင် ထူးတတ်၏။ မိုးဝင်း၊ ဦးတင်စိုးတို့ လွှတ်တုန်းကလည်း သည်အတိုင်းပဲ ဖြစ်သည်။ ညနေစာစားပြီးချိန်မှာ တံခါးလာပိတ်၏။ ပြီးတော့ ထောက်လှမ်းရေးက လာခေါ်ပြီး လွှတ်ပေးလိုက်လေသည်။ ခု ဘယ်သူ့အလှည့်လဲ။ ကိုဖင်ဝိုင်းနှင့် ကျွန်တော့်ကို ဟိုတလောလေးကမှ ထောက်လှမ်းရေးက လာတွေ့ထားတာဆိုတော့ အလားအလာအရှိဆုံးနှစ်ယောက် ဖြစ်နေသည်။ သူလား... ကျွန်တော်လား...။

တကယ်တော့ ဘယ်သူမှ မဟုတ်။ လူသစ်ရောက်လာတာ ဖြစ်သည်။ ပေါ်ဦးထွန်း (ခေါ်) မင်းကိုနိုင်...။

• • •

ကျွန်တော့်ကို သူက 'ကိုပက်'ဟု ခေါ်သလို ကျွန်တော်က သူ့ကို 'ဦးပေါ်ဦး'ဟု ခေါ်လေ့ ရှိသည်။ 'ကိုပက်'ဟု ခေါ်ခြင်းမှာ 'ဖတ်ထရက်'ရှေ့ဆုံးကို အစွဲပြုတာ ဖြစ်သည်။ တကယ်တော့ သူက ကျွန်တော့်ထက် ၂ နှစ်ခန့် ငယ်သည်။ သို့သော် မိသားစုချင်း ရင်းနှီးသလို ကျွန်တော့်အပေါ်မှာ သူက

www.burmeseclassic.com



သကြန်မင်းသားတွေလည်း ဖြစ်ကြသည်။ ဦးပေါ်ဦးတို့ 'ဆိတ်ပါးစပ် နတ်မျက်စိ' သကြန်အသင်းက ရန်ကုန်မှာ နာမည်ကြီးသည်။ လူငယ်တွေ ဦးဆောင်တာ ဖြစ်သလို ခေတ်ပေါ်သံချပ်တွေနှင့် လူထုရင်ခုန်သံကို ပုံတင်ထင်နိုင်သည်ဟု အားလုံးက တညီတညွတ်တည်း ဆိုသည်။ သူ့ဖခင်က ပန်းချီဆရာကြီး 'ဦးသက်ညွန့်'။ ဘဘသည် ဂီတသမားလည်း ဖြစ်၏။ သူတို့အိမ်မှာ တစ်ပတ်တစ်ခါ ဆိုသလို ညဘက် ညဘက် အပျော်တမ်းဂီတဝိုင်းလေး ရှိသည်။ ပတ္တလား၊ တယော၊ ဝါးပြွေ၊ စည်းဝါးတို့ဖြင့် တီးကြမှုတ်ကြ ဆိုကကြသည်။ အငယ်ဆုံးသမီးလေးက တစ်ခါ တစ်ခါ ကလေ့ ရှိသည်။

ကျွန်တော်တို့အိမ်ရှေ့က ဟာဒ်ပင်ကြီးအောက်မှာလည်း တစ်ပတ်တစ်ခါ အပျော်တမ်းတီးဝိုင်းလေး ရှိတတ်သည်။ သည်တော့ တီးဝိုင်းနှစ်ခုဖလှယ်လေ့ ရှိကြ၏။ အထူးသဖြင့် ကျွန်တော်တို့အိမ်ရှေ့က တီးဝိုင်းမှာကိုစောညိန်းနှင့် ကိုသန်းလှိုင်သီချင်းတွေ လွှမ်းမိုးသည်။ သူတို့အိမ်က တီးဝိုင်းမှာတော့ အငြိမ့်သီချင်း လွှမ်းမိုး၏။ ပသို့ဆိုစေ ဂီတတွေကြားမှာ ကျွန်တော်တို့အတူ ကြီးပြင်းခဲ့ရသည်။

သူက ဘမျိုးဘိုးတူ ပန်းချီလည်း ဆွဲသည်။ ကျွန်တော်ကတော့ လုံးပုံတောင် ဖြောင့်အောင် မဆွဲနိုင်။ သူက သီချင်းလည်း ရေးသည်။ ကဗျာစပ်တာလည်း ဝါသနာထုံ၏။ တကယ်တော့ သူသည် အနုပညာသမားဖြစ်ဖို့မွေးဖွားလာတာ ဖြစ်သည်။ သို့သော် မြန်မာပြည်ကြီးက သူ့ကို နိုင်ငံရေးဘက်သို့ တွန်းပို့လိုက်ချေပြီ။

• • •

၁၉၈၈ ခုနှစ်၏ လူထုတော်လှန်ရေးက 'ပေါ်ဦးထွန်း'ကို 'မင်းကိုနိုင်'အဖြစ် မွေးထုတ်ပေးလိုက်သည်။ သူ့မိဘအဆွေအမျိုးက မွန်သွေး။ သည်တော့ နှစ်ဖက်အဓိပ္ပာယ်ရသည့် အမည်ကို သူရွေးချယ်လိုက်တာ ဖြစ်၏။ အရေးတော်ပုံကာလမှာ သူနှင့် ကျွန်တော် လမ်းပေါ်မှာ၊ တရားဟောစင်မြင့်မှာ မကြာခဏ ဆုံကြသည်။ ကျွန်တော်အဖမ်းခံလိုက်ရတော့ သူက ကဗျာတစ်ပုဒ်ရေးလိုက်သေးသည်။ သိနေတယ်လေဆိုတဲ့ ကိုဇာဂနာအစချီ... 'တိုက်စစ်မှူးသို့ တိုင်တည်ခြင်း' ဆိုသော ကဗျာသည် ပြည်သူကြားထဲသို့ ပျံ့နှံ့သွားတော့၏။ ကျွန်တော်ကတော့ ထောင်ထဲသို့ ရောက်သွားပြီဖြစ်သဖြင့်



မသိ။

ခု... သူလည်း ကျွန်တော်တို့နောက်သို့ လိုက်လာချေပြီ။ အင်းစိန်ထောင် အထူးဝင်းထဲက ဆယ်ခန်းတွဲ တိုက်တန်းလျား အခန်းအမှတ်(၂)သို့ သူရောက်လာ၏။ ကျွန်တော်က အခန်းနံပါတ် (၅) မှာ။ သူရောက်လာတော့လည်း အပြင်က အခြေအနေတွေ အကုန်အစင်နီးပါး တီတိကျကျသိရ၏။ မဆွက ကျွန်တော်တို့သိခဲ့ရသည့် သတင်းအမှားတွေကို သူ့သတင်းအမှန်တို့ဖြင့် အစားထိုးလိုက်ရတော့၏။ ထိုညက သူကိုယ်တိုင်ရွတ်ပြသည့် သူ့ကဗျာကို ကျွန်တော် ရင်နှင့် ကြားလိုက်ရသည်။

*တိုက်စစ်မှူးသို့ တိုင်တည်ခြင်း*

*သိနေတယ်လေဆိုတဲ့ ကိုဇာဂနာ*
*သီတာလေးတွေ ပြောဦးလေကွာ*
*ဟာဒယရှင်ဆေးနဲ့အတူ ပြည်သူကို လှုပ်နှိုး*
*အာဏာရှင်အုပ်စိုးတဲ့ မဆလခြစ်ညည်းရိုးကို ရိုက်ချိုးရာမှာ*
*ခင်ဗျားဟာ တပ်ဦးက တိုက်စစ်မှူးပါ*
*အငြိမ့်စင်ထက် ထက်မြက်တဲ့ပြက်လုံးတွေနဲ့ထိုးနှက်*
*လက်သီးပုန်းဟာသထွင်*
*လူရွှင်တော်ဇာဂနာ*
*ဗမာပြည်ဇာတ်အကူး လူမသိသူမသိ ဘဝကူးလေပြီလား*

*ပျောက်သွားလိုက်တာဗျာ*
*ခင်ဗျားပြောခဲ့တဲ့အတိုင်း*
*"ပီတာ ကီစောင် အီမာ"*
*သားသုံးယောက်မိုက်ရှိုင်းတော့*
*တိုင်းပြည်ထဲ မုန်တိုင်းလူး*
*စစ်ဘီလူးတွေ လူသားစား*
*ညည်းတွားသံတွေကြားရဲ့လား*
*မြေခွေးနဲ့တူတဲ့သတ္တဝါတွေဟာ*

www.burmeseclassic.com

www.burmeseclassic.com



လူထုတော်လှန်ရေးကြီးကို စော်ကား
ငါ့စကားနွားရ ရန်တွေ့လိုက်ကြတာ
သတင်းစာရှင်းလင်းပွဲဆိုတာ
နှုတ်သီးကောင်းလူရမ်းကား
ရုပ်မြင်သံကြားသတင်း ပြည်သူတွေခံပြင်းနေပြီလေ။

ဒီမိုကရေစီကိုအပုပ်ချ
ဒုက္ခတောထဲကပြည်သူတွေခမျာ
ဒီလူတွေညာတာကိုသိလျက်
ဝိပါက်ကြမှာင်
ရာဇဝင်ကြွေးဆပ်ဖို့ တေးမှတ်နေကြပြီ
ခင်ဗျားလည်း ကျောင်းသားဟောင်းမို့
ဒေါင်းအလံ ဒေါင်းအရိပ်အောက်
ဒေါင်းမာန် ဒေါင်းစိတ် မပျောက်
အာဏာရှင်များကွက်ကို ထောက်ပြသွား
ခင်ဗျားဖွင့်ပေးခဲ့တဲ့မျက်လုံးများ
အခုငိုနေကြတယ်လေ။

သိရဲ့လား သိရဲ့လား
ခင်ဗျားပြက်လုံးအတွက် လက်ခုပ်တီးခဲ့တဲ့လူတွေ
(အခုတော့. . .)
အံကြိတ်ပြီး လက်သီးဆုပ်နေကြပြီလေ။

ဘယ်မှာလဲ ရဲဘော်ဇာဂနာ
ဗမာပြည်ရဲ့တော်လှန်ရေးလမှာ
ကျူပ်တို့တွေ တော်လှန်ရေးစကြပါတော့မယ်။

ကျောင်းသားတွေအသက်စွန့်ပေမယ့်
ဒေါင်းများဟာ လက်မတွန့်



တိုက်ပွဲကိုတာစူနေပြီမို့
(ဟိုအရင်လို)
အငြိမ့်စင်ပေါ်က ခင်ဗျား
ရဲရဲတောက်မိန့်ခွန်းများ ဟောကြားဖို့အတွက်
အင်းစိန်ထောင်တံတိုင်းကိုချိုးဖျက်
တိုးထွက်ခဲ့စမ်းပါ။

ဗမာပြည်ဇာတ်အကူး
(ခင်ဗျားလည်း လူမသိသူမသိ)
ဘဝကူးလေပြီလား
ပျောက်သွားလိုက်တာဗျာ
အာဏာရှင် ရိုက်လှဲပေမယ့်
ခင်ဗျားဦးခေါင်း ငိုက်မလဲစေနဲ့
တိုက်ပွဲအစပျိုးကြမှာမို့
(ကိုဇာဂနာရေ. . .)
နိုးထလှည့်ဦး။

• • •

မင်းကိုနိုင်၏ အသံက အင်းစိန်ထောင်အုတ်ရိုးထဲမှာ ထုနှင့်ထည်နှင့် တုန်ခါနေသည်။ ထောင်ဝန်ထမ်းတွေပင် ငိုင်ပြီး နားထောင်နေကြသည်။ ကျွန်တော်တို့ကို စကားပြောခွင့်ပိတ်ပင်ထားသော်လည်း သူတို့အားလုံး မင်းကိုနိုင်၏ ကဗျာရွတ်သံထဲမှာ အညို့ခံနေကြရပြီ။

သည်လိုနှင့် ၁၉၈၉ ခုနှစ် သင်္ကြန်အပြီးမှာ ကျွန်တော်နှင့် ကိုဖင်ဝိုင်းထောင်က လွတ်ခဲ့သည်။ မင်းကိုနိုင်ကတော့ ထောင်ထဲ ကျန်ခဲ့သည်။ သူ့ကိုထောင်မချသေး။ ပုဒ်မ ၁၀ (က) ဖြင့် ခြောက်လတစ်ခါ ဖမ်းထားသေးသည်။ ပုဒ်မ ၁၀ (က) အရ လူတစ်ယောက်ကို ခြောက်လထက် ပိုပြီး ချုပ်နှောင်ထားခွင့် မရှိချေ။ ကျွန်တော်နှင့် ကိုဖင်ဝိုင်းကိုလည်း ၆ လနှင့် ၂၁ ရက်ကြာမှာ ပြန်လွှတ်ပေးခဲ့တာ ဖြစ်သည်။ ခု. . . မင်းကိုနိုင်ကိုတော့ ခြောက်လ

www.burmeseclassic.com



ပြည့်သော်လည်း ပြန်မလွှတ်။ နောက်ထပ် ၆ လ ထပ်ချုပ်ပြန်သည်။ သည်လိုနှင့် ခြောက်လ တစ်ခါ လွှတ်လိုက် ပြန်ဖမ်းလိုက် လုပ်နေတော့၏။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်တိတိအလိုမှာ ကျွန်တော် အဖမ်းခံရပြန်သည်။ ရောက်ရပြန်ပေါ့ အင်းစိန်ထောင်...။ ရွေးကောက်ပွဲ အလိုအရ ပဋ္ဌာန်းဆက်များ ပါလေသည်လားမသိ။ သည်အထူးတိုက်ဝန်းထဲသို့ပဲ ရောက်ရပြန်သည်။ သည်တစ်ခါတော့ ကျွန်တော်နှင့် အရိုင်း အတူတူ ရောက်ခဲ့သည်။ အရိုင်းက အခန်းနံပါတ်(၂)။ ကျွန်တော်က အခန်းနံပါတ်(၅)။ မင်းကိုနိုင်ကတော့ အခန်းနံပါတ် (၃)မှာ ဖြစ်သည်။ အခန်းနံပါတ်(၄)မှာက ဒေါက်တာမော်ဇင်။ အခန်းနံပါတ်(၁)မှာတော့ ယခု NLD က လွှတ်တော်အမတ်မင်းကြီး ဦးထိန်(ဦးဝင်းထိန်) ရှိလေသည်။

ထုံးစံအတိုင်း ကျွန်တော်တို့ ရောက်လာတော့ အထူးဝန်း စိုပြည်သွားသည်။ အပြင်သတင်းတွေကို စီကာပတ်ကုံး ပြောပြရ၏။ ပြီးတော့ ညနေတိုင်း အငြိမ့်ဖျော်ဖြေခန်း လုပ်ပေးရသည်။ 'အရုပ်မမြင် အသံကြား အငြိမ့်ခန်း' ဆိုပါစို့။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာမမြင်ရတော့ အသံနှင့်သာ ဖျော်ဖြေပေးရခြင်း ဖြစ်၏။ အရိုင်းက အဆိုကောင်း၏။ ရန်ကုန်တက္ကသိုလ် အနုပညာအသင်း၏ ရွှေတံဆိပ်ဆုရှင်။ သူကတစ်ပုဒ်ဆို၊ ကျွန်တော်က တစ်ပုဒ်ဆို၊ မင်းကိုနိုင်က တစ်ပုဒ်ဆိုဖြင့် 'ရေဒီယိုအင်းစိန်' သည် အိမ်အလွမ်းပြေစေခဲ့တော့၏။

• • •

အရိုင်းကို တိုက်ကြီးဝန်းထဲ ရွှေ့လိုက်တော့ ပင်တိုင်ဖျော်ဖြေရေးက ကျွန်တော်တို့နှစ်ယောက် ဖြစ်သွားတော့သည်။ သို့သော် ဒေါက်တာမော်ဇင်က နားညီးသည်ဆိုတော့ 'ရေဒီယိုအင်းစိန်' ငြိမ်လိုက်ရတော့၏။

သည်မှာတင် ကျွန်တော်တို့နှစ်ယောက်၏ သီချင်းရေးခြင်း၊ ဇာတ်ညွှန်းရေးခြင်းတည်းဟူသော ကိစ္စ ပေါ်ပေါက်လာရတော့သည်။ ကျွန်တော်တို့ အိမ်တွေက ငါးခြောက်တွေ ဟင်းတွေကို ပလတ်စတစ်နှင့် ထည့်ပေးသည်။ ထိုပလတ်စတစ်အိတ်တွေကို ရေစင်အောင် ဆေးပြီး ခြောက်သွားတော့မှ နံရံမှာလိုက်ပွတ်ရသည်။ န-ဝ-တ အစိုးရလက်ထက်မှာ ကျွန်တော်အကြိုက်ဆုံး၊ သဘောအကျဆုံးကား ထုံးသုတ်တာ ဖြစ်သည်။ တော်တော် 'ထုံးကိုင်'



နိုင်သည့် အစိုးရဖြစ်သည်။ သူတို့က ကျွန်တော်တို့အခန်းနံရံတွေကို တစ်ပတ်တစ်ခါ ထုံးလာသုတ်လျှင် ကျွန်တော်တို့က တစ်ပတ်တစ်ခါ ပလတ်စတစ်အစနှင့် ပွတ်ပြီး ထုံးမှုန့်သိမ်းရသည်။ ပြီးတော့မှ ထိုပလတ်စတစ်အစပေါ်မှာ ဖျာကြမ်းအစကို ချိုးကာ စာရေးရသည်။

သည်ပလတ်စတစ်အစပေါ်မှာ ရေးထားသည့် စာကို ဖတ်ချင်လျှင် ထုံးသုတ်ထားသည့် နံရံမှာ ကပ်ပြီး ဖတ်လိုက်ရုံ။ စာရွက်မရှိ၊ ခဲတံမရှိ၊ အိမ်သာသုံးစက္ကူတောင် သွင်းခွင့်မရှိသည့် နေရာမျိုးမှာ ကျွန်တော်တို့ဘာသာ စာရေးနည်းကို တီထွင်ရခြင်းဖြစ်လေသည်။ သည်ပလတ်စတစ်စတွေပေါ်မှာ ကဗျာတွေ ရုပ်ရှင်ဇာတ်ညွှန်းတွေ ရေးပြီး တစ်ယောက်ကို တစ်ယောက်ပေး ဖတ်ကြရသည်။

မင်းကိုနိုင်က ရုပ်ရှင်ဇာတ်ညွှန်းရေးချင်သည်။ ကျွန်တော်က ရေးနည်းကို ရှင်းပြရ၏။ သည်လိုနှင့် ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး 'မမပြုံး ပြုံးစမ်းပါ'ရယ်၊ 'ဓမ္မာသောက'ရယ် ဇာတ်ညွှန်းနှစ်ခု အောင်အောင်မြင်မြင် ရေးဖြစ်ခဲ့သည်။ (၁၉၉၆ ခုနှစ်က 'မမပြုံး ပြုံးစမ်းပါ'ကို ဒွေး၊ ထွန်းအိန္ဒြာဗိုတို့နှင့် ရိုက်ကူးခဲ့ပြီး 'ဓမ္မာသောက'ကိုတော့ ကိုကိုလင်းမောင်၊ ရွှေယမင်းဦးတို့နှင့် ရိုက်ကူးဖြစ်ခဲ့သည်။ 'မမပြုံး ပြုံးစမ်းပါ'ဇာတ်လမ်းကို နောင်အခါ ဒါရိုက်တာ ညွှန့်မြင့်မာညီညီအောင်က ထွန်းထွန်း၊ နန္ဒာလှိုင်၊ ဒါရိုက်တာကြည်ဖြူသျှင်က နေတိုး၊ မိုးဟေကို၊ ဒါရိုက်တာ ညွှန့်မြင့်မာညီညီအောင်ကပဲ ဟိန်းဝေယံ၊ သက်မွန်မြင့်တို့နှင့် အကြိမ်ကြိမ်ပြန်လည်ရိုက်ကူးခဲ့ကြသည်)

ထောင်ထဲမှာ ကျွန်တော့်၏ ကြံစည်မှုတစ်ခုကို ပြောပြချင်ပါသေးသည်။ ကော်ဘူးကို ထိပ်အဝနားမှာ အပေါက်ရှစ်ပေါက်ဖောက်ပြီး သာရေပင်ကြိုးကို တပ်ကာ ဂစ်တာလို တီးရသည့် တူရိယာလေးတစ်ခုတီထွင်လိုက်ခြင်းပင်။ တကယ်တော့ ဂစ်တာလို ကြိုးညှိမရပါ။ ဒိုရေမီဖာ ဂီတနုတ်စ်နှင့်ဆိုလျှင် အနိမ့်ဆုံး ဒို (Do) အသံမှ အမြင့်ဆုံး ဒို (Do) အသံအထိ ရှပေါင်းသာရေပင်ကြိုး ရှစ်ချောင်းကို အသံညှိပြီး တီးခတ်တာ ဖြစ်သည်။ သည်နည်းကို မင်းကိုနိုင်အား ပြောပြပြီး သူ့မှာလည်း ကော်ဘူးကြိုးတပ် တူရိယာတစ်လုံး ကျွန်တော့်မှာလည်း ကော်ဘူးကြိုးတပ် တူရိယာတစ်လုံးတို့ဖြင့် အပြန်အလှန် သီချင်းတွေ ရေးဖို့သည့် အလုပ် လုပ်ကြရပါတော့သည်။ သံစဉ်ကိုတော့ 123456 စသည်ဖြင့် ဒိုရေမီဖာဆိုလာတီကို ရေးကြရ၏။

www.burmeseclassic.com



စနစ်တကျ ဘားခွဲသည့် အလုပ်ကိုတော့ မလုပ်နိုင် မလုပ်တတ်။ အသံကို မများအောင်သာ ရေးရ၏။ သို့သော် စာသားကိုတော့ တစ်ဘားစီ တစ်ဘားစီ အပြည့်ရေးပါသည်။ ကျွန်တော်တို့နှစ်ယောက် အတူတွဲပြီး ‘စည်ခြောသံဝေ’သီချင်း၊ ‘စံပယ်ငုံ’ သီချင်း၊ ‘ပုဝါဖြူ’ သီချင်းတို့ကို ရေးခဲ့ဖူးသည်။ သည်သီချင်းတွေကို သီးလေးသီးအဖွဲ့က အငြိမ့်သီချင်းအဖြစ်ပြောင်းခဲ့ပြီး DVB မှ လွှင့်ထုတ်ခဲ့လေ၏။ သူ့သီချင်းတစ်ပုဒ်ဖြစ်သည့် ‘ဒေါင်းမလေး’ကို ကျွန်တော်က Music Arrangement လုပ်ပေးပြီး ထောင်အပြင်ကို ထုတ်ပေးလိုက်တော့ သူ၏ ဖခင်ကြီးက မြန်မာတူရိယာတွေနှင့် တီးမှုတ်ကာ အသက်သွင်းလိုက်လေသည်။ ကျွန်တော်ထောင်ထဲက လွတ်လာတော့ မင်းကိုနိုင်၏ ဖခင်ဦးသက်ညွန့်က ထိုသီချင်းကို ဖွင့်ပြသည်။ ဘဘ၏ မျက်နှာကား မှိုင်းညို့လျက်။ မင်းကိုနိုင်က ထောင်ထဲမှာ ကျန်နေခဲ့သေးသည်။

• • •

၂၀၀၅ ခုနှစ်မှာ သူတို့တွေ ထောင်အပြင်ပြန်ရောက်ကြတော့ ကျွန်တော်တို့ ပူးသွားပြန်၏။ ခရီးအတူတွက်ကြ၊ ဆွမ်းကပ်ကြ၊ စာတွေ ရေးကြနှင့် လူငယ်လေးတွေလို ဖြစ်သွားခဲ့ပြန်ပေ့။ ဒါပေမဲ့ နိုင်ငံရေးက တွန်းနေတော့ အနုပညာဘက်လှည့်ချင်နေသော မင်းကိုနိုင်ကို မြန်မာပြည်အရေးက ဆွဲခေါ်သွားပြန်တော့သည်။

ရန်ကုန်တစ်မြို့ထဲမှာ နေရာ သုံးနေရာ ခွဲပြီး ပုံးပေါက်ဖူးသည်။ ပုစွန်တောင် ကုန်သွယ်ရေးစင်တာ၊ Junction 8 နှင့် မြေနီကုန်း၊ ဒဂုံစင်တာတို့မှာ ဖြစ်သည်။ ဒါကို အမေရိကားရောက် ကျောင်းသားခေါင်းဆောင် အောင်ဒင်က စီစဉ်သည်ဆိုသော စာတွေကို ရန်ကုန်အနံ့ ရဲတွေက လိုက်ဝေတော့ ကျွန်တော်က ကိုကိုကြီးနှင့် မင်းကိုနိုင်ထံ အကြောင်းကြားကာ ပြည်ထဲရေးဝန်ကြီးဌာနသို့ ချက်ချင်းကန့်ကွက်ခဲ့ဖူးသည်။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီး၏ တင်းတင်းမာမာဆက်ဆံမှုကို မေ့မရခဲ့။ အောင်သပြေစစ်ကြောရေးစခန်းကို မင်းကိုနိုင်တို့အား ဖမ်းခေါ်သွားပြီဟုဆိုတော့ ကျွန်တော်နှင့် ဂျင်မီတို့ လက်မှတ်ထိုးလှုပ်ရှားမှု စတင်ခဲ့ရသည်။ မှတ်မှတ်ရရ ရုပ်ရှင်သရုပ်ဆောင်တွေ၊ အဆိုတော်တွေ အချို့ လက်မှတ်ထိုးပေးခဲ့သော်လည်း အများစုကတော့ လှည့်တောင် မကြည့်။ ကျွန်တော်တို့လာတာကိုပင်လျှင်



ရုပ်ရှာထဲ မကောင်းဆိုးရွား ဝင်လာသလို ဆက်ဆံလွှတ်ခဲ့ကြဖူး၏။ တစ်မတော် ထောက်လှမ်းရေးကို ကျွန်တော် ဘယ်ခါမှ မမေ့သလို ထိုသူတွေကိုလည်း ကျွန်တော်မမေ့ပါ။

၂၀၀၇ ခုနှစ် လောင်စာဆီဈေးတက်သွားသည့် ကိစ္စနှင့် ပတ်သက်ပြီး မင်းကိုနိုင်တို့ဆန္ဒပြတော့ အဖမ်းခံရသည်။ သည်ကတည်းက စလို့ သူနှင့် ကျွန်တော် မဆုံဖြစ်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးကာလမှာ ကျွန်တော်အဖမ်းခံရတော့လည်း ထောင်ထဲမှာ သူနှင့် ကျွန်တော် မဆုံ။ ၂၀၀၈ ခုနှစ် နာဂစ်အပြီး ကျွန်တော် အင်းစိန်ထောင် ရောက်သွားပြန်တော့ သူတို့က တိုက်ဝန်းကြီးထဲ ရောက်နေသလို ကျွန်တော်က အထူးဝင်းထဲမှာ။ တရားရုံးချင်းကလည်း မတူတော့ ရုံးထုတ်သည့်အချိန်မှာလည်း မတွေ့ရ။

တရားရုံးကို မထီမဲ့မြင်လုပ်ပါသည်...ဆိုပြီး မင်းကိုနိုင်တို့ကို ထောင်ခြောက်လချကာ မအူပင်ထောင်သို့ ပြောင်းလိုက်တော့ ကျွန်တော်တို့ အင်းစိန်မှာပဲ ကျန်ခဲ့သည်။ ၂၀၀၈ ခုနှစ်၏ ဆောင်းတွင်းကာလ...။ မှတ်မှတ်ရရ ရန်ကုန်ဆောင်းမှာ အနွေးထည်ဝတ်ရတာ ထိုတစ်ဆောင်းသာကြုံဖူးသည်။ နှင်းမှုန်တွေကြားမှာ မင်းကိုနိုင် အင်းစိန်ထောင်သို့ ပြန်လာသည်။ ခြေကျင်းသံတချွင်ချွင်ဖြင့် အင်းစိန်ထောင်အထူးဝင်းထဲသို့ သူတို့ပြန်ရောက်လာကြပြီ။ ကျွန်တော်တို့ချင်း စားစရာတွေ ပေးကြ၊ စကားတွေပြောကြလို့မှ မဝသေးခင် သူတို့ကို ထောင်ပြောင်းမည်ဟု လာပြောသည်။ ကိုကိုကြီးက မိုင်းဆတ်၊ မင်းကို နိုင်က ကျိုင်းတုံ၊ ဒွေးကြွယ်က ဘူးသီးတောင်...။

မြန်မာပြည်အတွင်း ကြိုက်သည့် နေရာကိုသာ ပို့၊ ဘာဂရုစိုက်ရမလဲ ဆိုသည့် စိတ်ပိုင်းဖြတ်မှုဖြင့် အားလုံး ညီတူ ခံစားကြသည်။ တစ်နေ့ပြန်တွေ့ရမည်ဆိုတာကိုလည်း ယုံကြည်သည်။ ကျွန်တော်လည်း မြစ်ကြီးနားထောင်သို့ အပြောင်းခံလိုက်ရ၏။ သူ့အစ်မကြီးမှတစ်ဆင့် ကျွန်တော်တို့အချင်းချင်း စာအဆက်အသွယ်မပြတ်။ သူရေးသော ကဗျာတွေ သီချင်းတွေကို ကျွန်တော်ဖတ်ရသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှာတော့ ကျွန်တော်တို့ပြန်ဆုံကြပြီ။ ကျွန်တော်က အနုပညာကဲသော နိုင်ငံရေးကို အားသန်သည်။ သူက ကျွန်တော့်ကို တဖွဖွပြောသည်။ “သူလည်း အနုပညာပဲ လုပ်ချင်သည်တဲ့။ သို့သော် တိုင်းပြည်က သူ့ကို ခွင့်မပြု။ မြန်မာနိုင်ငံနှင့်အတူ ‘မင်းကို

www.burmeseclassic.com



နိုင်' ရှိနေဦးမည်။ ထောင်က ပေးလိုက်သော လက်ဆောင်အဖြစ် သူ့မှာ ရောဂါတွေ စုံနေပြီ။ အစားတွေရှောင်နေရသည်။ 'ထူးအိမ်သင် အမှတ်တရပွဲ' ကို သူလာတော့ သူတစ်ကိုယ်လုံး ချွေးတွေ ရွှဲနေ၏။ ကျွန်တော်က ကျွန်တော့်အခန်းထဲမှာ နားဖို့ ခေါ်ရသည်။ စပြီးထိုင်ကတည်းက သူ့အာသီသကို မနားတမ်း ဖွင့်ဟသည်။ ရှစ်လေးလုံးနောက်ခံ ဝတ္ထုတစ်အုပ်နှင့် ရုပ်ရှင်တစ်ကားရိုက်ဖို့...။ သူ့မျက်နှာက ညှိုးလျော်လျော်...။ ပင်ပန်းမှုက အသိသာထင်းနေသည်။ သူ့မျက်လုံးအစုံကတော့ တောက်ပလျက်။ ရှစ်လေးလုံးဝိညာဉ် ဘယ်တော့မှ မသေကြောင်း သူက သက်သေပြနေသည်။ ကျောင်းနံရံတစ်ဝိုက် ဒေါင်းအလံပြန်စိုက်ပေဦးမည်ထင့်...။

• • •



www.burmeseclassic.com